# G20/OECD

# ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏ အခြေခံမူများ

# Principles of Corporate Governance

OECD

# ကော်ပိုရိတ်စီမံအုပ်ချုပ်မှု G20/OECD ၏ အခြေခံမူများ

ဤဘာသာပြန်ပုံနှိပ်ထုတ်ဝေခြင်းသည် OECD နှင့် သဘောတူပူးပေါင်း စီစဉ်ခြင်းဖြစ်သည်။ OECD မှ တရားဝင်ဘာသာပြန်ဆိုခြင်း မဟုတ်ပါ။ ဘာသာပြန်ဆိုထားသည့်အရေးအသား၊ အရည်အသွေးနှင့် မူရင်းဘာသာစကားနှင့် ကြောင်းကျိုးဆီလျော်ခြင်းမှာ ဘာသာပြန်ဆိုထားသောသူနှင့်သာ သက်ဆိုင်သည်။ မူရင်းစာနှင့် ဘာသာပြန်ဆိုထားသောစာတွင် ကွဲပြားခြားနားမှုရှိပါက မူရင်းစာကိုသာ တရားဝင်အဖြစ် သတ်မှတ်ရမည်။

OECD
BETTER POLICIES FOR BETTER LIVES

**မျက်နှာဖုံး ဓာတ်ပုံ** © ann triling/Thinkstock.com. **ကို OECD ၏ ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။**

OECD မှ ပုံနှိပ်ထုတ်ဝေထားသော စာအုပ်များ၊ ဆောင်းပါးများ၏ အမှားပြင်ဆင်ချက်များကို ဤနေရာတွင် ကြည့်ရှုနိုင်သည် - www.oecd.org/about/publishing/corrigenda.htm.

OECD မှ မူရင်း ပုံနှိပ်ထုတ်ဝေခြင်းကို အင်္ဂလိပ် နှင့် ပြင်သစ်ဘာသာစကားတို့ဖြင့် အောက်ပါအတိုင်း ပုံနှိပ်ထုတ်ဝေထားပါသည်။
G20/OECD Principles of Corporate Governance / Principes de gouvernement d’entreprise du G20 et de l’OCDE
© 2015 OECD

© 2018 IFC World Bank Group for this Burmese-English bilingual edition.

# နိဒါန်း

စီးပွားရေးစနစ်များ ကောင်းမွန်စွာလည်ပတ်နိုင်ရေး၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုနှင့် ငွေရေးကြေးရေး တည်ငြိမ်မှုကို အထောက်အကူပြုရန်အတွက် G20/OECD ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အခြေခံဥမူများ သည် မူဝါဒချမှတ်သူများအနေဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဝေဖန်သုံးသပ်ခြင်းနှင့် ပိုမိုတိုးတက် ကောင်းမွန်လာ စေရန် ဆောင်ရွက်ရာတွင် အထောက်အကူပြုပါသည်။

၁၉၉၉ ခုနှစ်တွင် ပထမဆုံးအကြိမ် ထုတ်ဝေခဲ့ပြီးကတည်းက မူဝါဒချမှတ်သူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကော်ပိုရေးရှင်းများနှင့် ကမ္ဘာတစ်ဝန်းရှိ အခြားဆက်စပ်သူများအတွက် ဤစာအုပ်သည် နိုင်ငံတကာ အဆင့် စံထားစရာ ဖြစ်လာခဲ့သည်။ ၎င်း အခြေခံမူများကို Financial Stability Board ၏ တည်ငြိမ် သော ငွေရေးကြေးရေးစနစ်များအတွက် လိုအပ်သော အဓိက စံနှုန်းများထဲမှ အရေးကြီးသည့် စံနှုန်း တစ်ခု (Key Standards for Sound Financial Systems) အဖြစ် လက်ခံကျင့်သုံးခဲ့ပြီး ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနယ်ပယ်အတွင်း ကမ္ဘာ့ဘဏ်၏ စံနှုန်းနှင့်သတ်မှတ်ချက်များ လိုက်နာမှုအပေါ် အစီရင်ခံ စာ (Reports on Observance of Standards and Codes -ROSC) အတွက် အခြေခံမူ ဖြစ်လာခဲ့ သည်။

ဤထုတ်ဝေမှုတွင် ၂၀၁၄/၁၅ အတွင်း ဆောင်ရွက်ခဲ့သည့် ယခင်ထုတ်ဝေခဲ့သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အခြေခံမူများ စာအုပ်အပေါ် ဒုတိယအကြိမ် ပြန်လည်သုံးသပ်မှုမှ ရရှိလာသည့် ရလဒ် များကို ထပ်မံဖြည့်စွက်ထားပါသည်။ ပြန်လည်သုံးသပ်မှုပြုလုပ်ရာတွင် ၂၀၀၄ ခုနှစ် အခြေခံ ဥပဒေသ များ စာအုပ်တွင် ပါဝင်သည့် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ဘုတ်အဖွဲ့ ကြီးကြပ် ထိန်းကြောင်းမှု နှင့် ရှယ်ယာရှင်များ၏ ရပိုင်ခွင့်နှင့် အဓိက အရေးပါသော ဆက်စပ်သူများ၏ အခန်းကဏ္ဍ တို့၏ ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ်၏ အခြေခံအုတ်မြစ်တစ်စိတ်တပိုင်းအဖြစ် လက်ခံ သဘောတူထားခဲ့သည်။ အဆိုပါ အရေးကြီးသည့်တန်ဖိုးများကို အားဖြည့်ထိန်းသိမ်းပြီး၂၀၀၄ ခုနှစ် ကတည်းက ရရှိခဲ့သည့် အတွေ့အကြုံများနှင့် ပေါင်းစပ်ထင်ဟပ်ကာ ဤကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများ၏ အရည်အသွေးမြင့်မားမှု၊ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးဝင်မှုတို့ကို ဆက်လက် ထိန်းသိမ်းထားပါသည်။

ဒုတိယအကြိမ်ပြန်လည်သုံးသပ်မှုကို Mr. Marcello Bianchi ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်သည့် OECD ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ OECD G20 ဝင် မဟုတ်သော နိုင်ငံများအားလုံးကိုလည်း အတူတကွပါဝင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ အထူးသဖြင့် Basel Committee on Banking Supervision, the Financial Stability Board နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့မှလည်း ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ခဲ့သည်။

လက်တင်အမေရိက၊ အာရှ၊ အရှေ့အလယ်ပိုင်း နှင့် မြောက်အာဖရိက ဒေသများတွင် ကျင်းပခဲ့သည့် OECD ၏ ဒေသဆိုင်ရာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စားပွဲဝိုင်းဆွေးနွေးပွဲများ၊ ကျွမ်းကျင်သူများ၊ အွန်လိုင်းမှ တစ်ဆင့်ဆောင်ရွက်သည့် ပြည်သူများ၏ နှီးနှောဆွေးနွေးပွဲများနှင့် OECD ၏ တရားဝင် အကြံပေးအဖွဲ့များ၊ စီးပွားရေးနှင့်စက်မှုလုပ်ငန်းအကြံပေးကော်မတီ (Business and Industry Advisory Committee-BIAC) နှင့် အလုပ်သမားသမဂ္ဂအကြံပေးကော်မတီ (Trade Union Advisory Committee-TUAC) တို့ထံမှ အကူအညီများစွာ လက်ခံရရှိပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများ မူကြမ်းကို ၂၀၁၅ ခုနှစ် ဧပြီလ G20/OECD Corporate Governance Forum တွင် ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲပြီးသည့်အခါ OECD ကောင်စီက ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် သဘောတူ လက်ခံခဲ့ပါသည်။ ထို အခြေခံမူများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၅-၁၆ ရက် အန်တာလ်ရာ (Antalya) မြို့ G20 ခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲသို့ တင်သွင်းခဲ့ပြီး G20/OECD ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများအဖြစ် အတည်ပြုလက်ခံခဲ့သည်။

ဤစာတမ်း၏ သက်ဆိုင်ဆီလျော်မှုနှင့် တိကျမှုကို ဆက်လက်ထိမ်းသိမ်းရန်အတွက် အခြေခံမူများ ပြန်လည်သုံးသပ်မှုကို ကော်ပိုရိတ်ရေးရာနှင့် ငွေရေးကြေးရေးကဏ္ဍနှစ်ခုနှင့် သက်ဆိုင်သည့် အပြောင်းအလဲကိစ္စရပ်များတွင် ကျယ်ပြန့်ပြီး ယခင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေ၊ ဖြစ်စဉ်များနှင့် ချိန်ထိုးသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းများဖြင့် ပေါင်းစပ်ပံ့ပိုးအားဖြည့်ပေးခဲ့သည်။ ဤလုပ်ငန်းအတွက် OECD အထွေထွေအတွင်းရေးမှူးနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကော်မတီတို့သည် ကျွမ်းကျင်သူများ၊ အဖွဲ့အစည်းများနှင့် သုတေသနအဖွဲ့ အများအပြားနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။ သုတေသနလုပ်ငန်းစဉ်အတွက် အထောက်အပံ့များကို Boğaziçi တက္ကသိုလ် အပါအဝင် သက်ဆိုင်ရာ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများထံမှလည်း ရရှိခဲ့ပါသည်။

OECD နှင့် အတူ G20 အပါအဝင် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအနေဖြင့် နောက်တစ်ဆင့် အနေဖြင့် ပြန်လည်သုံးသပ်ထားသည့် ဤကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ကူညီပေးရန်နှင့် စောင့်ကြည့်ထိန်းသိမ်းရန် ဖြစ်သည်။ ဤ လုပ်ငန်းစဉ်ထဲတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူများ အကောင်အထည်ဖော်ဆောင်မှုကို အကဲဖြတ်ရာ တွင် အသုံးပြုမည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဆန်းစစ် သုံးသပ်မည့် လုပ်ငန်းစဉ် တစ်ခုလည်း ပါဝင်မည်ဖြစ်သည်။

# မာတိကာ


အမှာ ........ 7

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမှုများ အကြောင်း ........ 9

၁။ ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်တစ်ခုအတွက်
အခြေခံစနစ်များခိုင်မာစွာထားရှိခြင်း ........ 13

၂။ ရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ၊ တန်းတူညီမျှဆက်ဆံခံရမှုနှင့် အရေးပါသော
ပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများ ........ 19

၃။ ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများ၊ စတော့ဈေးကွက်များနှင့်
အခြား ဘဏ္ဍာရေးအကျိုးဆောင်အဖွဲ့များ ........ 33

၄။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု နှင့် သက်ဆိုင်သူများ၏ အခန်းကဏ္ဍ ........ 40

၅။ သတင်းထုတ်ပြန်မှုနှင့် ပွင့်လင်းမြင်သာမှု ........ 44

၆။ ဘုတ်အဖွဲ့၏ တာဝန်၊ ဝတ္တရားများ ........ 50

နောက်ဆက်တွဲ - ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူများအပေါ် ကောင်စီ၏အကြံပြုချက်များ ........ 68

## OECD ထုတ်ဝေမှုများကို ဆက်လက်လေ့လာလိုလျှင်

http://twitter.com/OECD_Pubs

http://www.facebook.com/OECDPublications

http://www.linkedin.com/groups/OECD-Publications-4645871

http://www.youtube.com/oecdilibrary

http://www.oecd.org/oecddirect/

# အမှာ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏ ရည်ရွယ်ချက်မှာ ရေရှည်ရင်းနှီးမြှုပ်နှံမှု၊ ငွေရေးကြေးရေး တည်ငြိမ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၏ စည်းမျဉ်းစည်းကမ်းလိုက်နာမှု စသည်တို့ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အတွက် လိုအပ်နေသည့် ယုံကြည်စိတ်ချမှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူ၊ တာဝန်ခံမှု ရှိသော စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ထူထောင်နိုင်ရန် ကူညီပံ့ပိုးပေးပြီး ထိုမှတစ်ဆင့် အားကောင်း သည့် တိုးတက်မှုနှင့် ထိုတိုးတက်မှုဖြစ်စဉ်တွင် လူ့အဖွဲ့အစည်းများ အတူတကွ ပါဝင်လာရေးကို အထောက်အကူပြုရန်ဖြစ်သည်။

G20/OECD ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများသည် ထိုသဘောတရားကို အခြေခံ စံနှုန်းအဖြစ် သတ်မှတ်ပေးထားသည်။ ထိုစည်းမျဉ်းများသည် တည်ငြိမ်ကောင်းမွန်သော ကော်ပိုရိတ် စီမံ အုပ်ချုပ်မှု မူဘောင်၏ အဓိကကျသော အခြေခံအုတ်မြစ်များအဖြစ် ရှင်းလင်းစွာတင်ပြထားပြီး တစ်နိုင်ငံလုံးအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်လည်း လက်တွေ့ကျသော လမ်း ညွှန်မှုများ ပေးထားပါသည်။

G20 နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအခြေခံမူများ ရေးဆွဲဖော်ထုတ်ရာ တွင် တစ်ကမ္ဘာလုံးရှိ မတူညီသော တရားဥပဒေစနစ် အမျိုးမျိုးနှင့် ဖွံ့ဖြိုးမှုအဆင့်အမျိုးမျိုး ရှိနေ သော နိုင်ငံများ၏ အတွေ့အကြုံများနှင့် ၎င်းတို့၏ ထက်သန်သောရည်မှန်းချက်များကို ထင်ဟပ်နေ ကြောင်း ထပ်လောင်းဖော်ပြနေပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအခြေခံဥပဒေသများဆီလျော်သက်ဆိုင်မှုရှိရန်မှာကော်ပိုရိတ်စီမံအုပ်ချုပ်မှု ၏ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ၎င်းတို့ကို အကောင်အထည်ဖော်ရသည့် ပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်ရန် အထူး လိုအပ်သည်။ ထို့အတွက်ကြောင့်လည်း ဤကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများ ခေတ်နှင့်အညီ ဖြစ်နေစေရန် ငွေရေးကြေးရေးနှင့် ကော်ပိုရိတ်ရေးရာ ကဏ္ဍနှစ်ခုစလုံးအတွင်း လက်ရှိဖြစ်ပေါ် တိုးတက်နေသောအခြေအနေနှင့် နောင်အလားအလာများကို အခြေခံပြီး ယခင်ရှိပြီးသားအချက် အလက်များ၊ အဖြစ်အပျက်များနှင့် အသေးစိတ်လေ့လာဆန်းစစ်မှုများကို ကျယ်ပြန့်စွာ လုပ်ဆောင် ခဲ့ပါသည်။ ထိုလေ့လာမှုများတွင် တစ်ကမ္ဘာလုံးဆိုင်ရာ ငွေရေးကြေးရေး အကျပ်အတည်းများ၊ နိုင်ငံဖြတ်ကျော် ပိုင်ဆိုင်မှုများတိုးပွားလာခြင်း၊ စတော့ဈေးကွက်၏ ဆောင်ရွက်ပုံနည်းလမ်းများ ပြောင်းလဲလာခြင်းနှင့် အိမ်ထောင်စု စုဆောင်းမှု မှသည် ကော်ပိုရိတ် ရင်းနှီးမြှုပ်နှံမှု အထိ ရှည်လျား ပြီး ပိုမိုရှုပ်ထွေးသော ရင်းနှီးမြှုပ်နှံမှု ကွင်းဆက်ဖြစ်စဉ်၏ အကျိုးဆက်များမှ ရရှိသည့် ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုဆိုင်ရာ သင်ခန်းစာများ ပါဝင်သည်။ အချက်အလက်များကို အခြေခံထားသည့် သုတေသန လုပ်ငန်းစဉ်များ၏ အဆုံးသတ်ကောက်ချက်များကို အကြံပြုတိုက်တွန်းချက်များတွင် ထင်ဟပ်ဖော်ပြ ထားပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအခြေခံမူများသည် ကော်ပိုရေးရှင်းများ၏ စီမံခန့်ခွဲမှုစွမ်းရည်နှင့် စည်းကမ်းလိုက်နာမှု အပေါ်မှီတည်နေသည့် အလုပ်အကိုင်နှင့် ပင်စင်စုငွေများ ပိုင်ဆိုင်ထားသော အဓိက သက်ဆိုင်သူများ၏ အခွင့်အရေးများကိုလည်း ကူညီဖြေရှင်းပေးပါသည်။

ယခုအခါ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများကို အကျိုးရှိစွာ အသုံးချနိုင်ရေးသည် အဓိက ဦးစားပေးလုပ်ငန်းဖြစ်ပြီး နိုင်ငံများနှင့် ကော်ပိုရေးရှင်းများအနေဖြင့် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမှ အကျိုးကျေးဇူးများ ခံစားရမည့်အချိန်ဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် OECD သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်၏ အရည်အသွေးကို အကဲဖြတ်ရန်နှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပေးနိုင်ရန် အတွက် G20 အပါအဝင် ပြည်တွင်းအခြေစိုက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ တို့နှင့် ပူးပေါင်းလုပ်ဆောင်ရမည် ဖြစ်သည်။



Angel Gurría

OECD အထွေထွေအတွင်းရေးမှူး

# ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများအကြောင်း

*ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအခြေခံမူများသည် စီးပွားရေးစနစ်များ ကောင်းမွန်စွာ* လည်ပတ်နိုင်ရေး၊ ရေရှည်တည်တံ့သော တိုးတက်မှုရရှိရေး၊ ငွေရေးကြေးရေး တည်ငြိမ်မှုရှိရေး စသည့် လုပ်ငန်းရပ်များကို အထောက်အကူဖြစ်စေရန်အတွက် လိုအပ်သည့် ဥပဒေ၊ *နည်းဥပဒေများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို မူဝါဒချမှတ်သူများက ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ပိုမိုကောင်းမွန်စေရန်ဆောင်ရွက်ခြင်းတို့ကို ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။* အဓိကအားဖြင့် ရှယ်ယာရှင်များ၊ ဘုတ်အဖွဲ့ဝင်များနှင့် အမှုဆောင်များအပြင် အခြားဘဏ္ဍာရေး အကျိုးဆောင်အဖွဲ့များနှင့် ဝန်ဆောင်မှုပေးသူများကို အချင်းချင်းအပြန်အလှန် ထိန်းကြောင်းထားသည့် မူဘောင် တစ်ခုအတွင်း ၎င်းတို့မျှော်လင့်ထားသည့် မှန်ကန်သော အကျိုးအမြတ်များအတွက် သူတို့ပါဝင်ရမည့် အခန်းကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် ဤရည်ရွယ်ချက်ကို အဓိကအားဖြင့် အောင်မြင်နိုင်ပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများသည် ကျစ်လျစ်ပြည့်စုံပြီး နားလည်ရန်လွယ်ကူခြင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းက အလွယ်တကူ ရယူအသုံးပြုနိုင်ရန်ရည်ရွယ်ထားသည်။ ကော်ပိုရိတ်စီမံ အုပ်ချုပ်မှု မူဘောင်၏ အရည်အသွေးကို အကဲဖြတ်ရန်နှင့် နိုင်ငံ၏ စီးပွားရေး၊ ဥပဒေရေး၊ ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားမှုများကို ထည့်သွင်းထားသည့် မဖြစ်မနေလိုက်နာရမည့် သို့မဟုတ် မိမိသဘောဆန္ဒ အလျောက် လိုက်နာရမည့် ပြဋ္ဌာန်းချက်များကို အသေးစိတ်ရေးဆွဲရန် အစိုးရ၊ အစိုးရတစ်ပိုင်းအဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍများ ကစတင်လုပ်ဆောင်ရန် တာဝန်ရှိပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများသည် အများပြည်သူထံ ရှယ်ယာများရောင်းချထားသည့် ကုမ္ပဏီများ၏ ငွေရေးကြေးရေးနှင့် ငွေရေးကြေးရေးမဟုတ်သည့်အပိုင်းကို အာရုံစိုက်ထားသည်။ အများပြည်သူထံ ရှယ်ယာထုတ်မရောင်းသော ကုမ္ပဏီများအနေဖြင့်လည်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံစည်းမျဉ်းများကို အသုံးချနိုင်သည့်အတိုင်းအတာ အခြေအနေအလိုက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာနိုင်ပါသည်။ အချို့စည်းမျဉ်းများသည် ကုမ္ပဏီငယ်များထက် ကုမ္ပဏီကြီးများနှင့် ပိုမို သင့်လျော်နိုင်သော်လည်း မူဝါဒချမှတ်သူများက အရွယ်အစားသေးငယ်ပြီး စတော့ဈေးကွက်တွင် ရှယ်ယာထုတ်မရောင်းသော ကုမ္ပဏီများအပါအဝင် ကုမ္ပဏီများအားလုံးက ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို နားလည်လက်ခံကျင့်သုံးလာစေရန် ဆန္ဒရှိနိုင်ပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် ကုမ္ပဏီတစ်ခု၏ စီမံခန့်ခွဲမှု၊ ၎င်း၏ ဘုတ်အဖွဲ့၊ ရှယ်ယာပိုင်ရှင်များနှင့် အခြား အကျိုးသက်ဆိုင်သူများ အချင်းချင်းတို့အကြား ပတ်သက်ဆက်နွယ်မှုတစ်ခု ပါဝင်ပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် ကုမ္ပဏီ၏ ရည်မှန်းချက်များချမှတ်ပေးသည့် ဖွဲ့စည်းတည်ဆောက်မှုနှင့် ထိုရည်မှန်းချက်မျာကို အကောင်အထည်ဖော်ရန် နှင့် စွမ်းဆောင်ရည်ကို စောင့်ကြည့်ရန်အတွက် နည်းလမ်းတို့ကိုလည်း ပံ့ပိုးပေးပါသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများသည် ဈေးကွက်အတွင်း ပါဝင်သူတစ်ဦးချင်း၊ ဘုတ်အဖွဲ့ဝင်များနှင့် ကုမ္ပဏီတာဝန်ရှိသူများ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ အတွေးအမြင်နှင့် ဆုံးဖြတ်ချက်များကို အပြစ်တင်ခြင်း သို့မဟုတ် ကြိုတင်ဝေဖန်ခြင်းများ ပြုလုပ်ရန်မရည်ရွယ်ပါ။ ကုမ္ပဏီတစ်ခု သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအစုအဖွဲ့တစ်ခုအတွက် အလုပ်ဖြစ်သည့် နည်းလမ်းသည် စီးပွားရေးလုပ်ငန်းများအားလုံး၌ ယေဘုယျအားဖြင့် အမြဲတမ်း အသုံးတည့်နိုင်မည် မဟုတ်သလို စီးပွားရေးအရလည်း အရေးပါမှု ရှိချင်မှ ရှိနိုင်မည်ဖြစ်သည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများသည် ဝန်ထမ်းများနှင့် အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားနှင့် ကုမ္ပဏီ၏ ရေရှည်အောင်မြင်မှုနှင့် စွမ်းဆောင်ရည်ရှိမှု ဆိုင်ရာကိစ္စရပ်များတွင် ၎င်းတို့၏ အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြုသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ အကျင့် ပျက်ခြစားမှု တိုက်ဖျက်ရေးဆိုင်ရာ သို့မဟုတ် ကျင့်ဝတ်ပိုင်းဆိုင်ရာ ကိစ္စများကဲ့သို့ ကုမ္ပဏီ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်နှင့် အခြား သက်ဆိုင်ရာအချက်များကို ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံ ဥပဒေသများ အတွင်း ထည့်သွင်း စဉ်းစားထားသည်။ သို့သော် ထိုအချက်များကို *OECD Guidelines for Multinational Enterprises* (နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများအတွက် OECD လမ်းညွှန် ချက်များ)၊ *Convention on Combating Bribery of Foreign Public Officials in International Business Transactions* (နိုင်ငံတကာစီးပွားရေးဆောင်ရွက်မှုတွင် နိုင်ငံခြားအစိုးရတာဝန်ရှိသူများ၏ လာဘ်စားမှုကို တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်)၊ *UN Guiding Principles on Business and Human Rights* (စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးအပေါ် ကုလသမဂ္ဂ ၏ လမ်းညွှန် အခြေခံသဘောတရားများ)၊ *ILO Declaration on Fundamental Principles and Rights at Work* (လုပ်ငန်းခွင်အတွင်း အခြေခံသဘောတရားများ နှင့် ရပိုင်ခွင့်များအပေါ် ILO ၏ ထုတ်ပြန်ကြေညာချက်) တို့အပါအဝင် အခြားသော ပုံနှိပ်ထုတ်ဝေမှုများတွင် ပိုမိုပြည့်စုံစွာ တင်ပြဆွေးနွေးထားပါသည်။ ထိုအချက်အလက်များကို ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများထဲတွင်လည်း ရည်ညွှန်းထားပါသည်။

ဤကော်ပိုရိတ်စီမံအုပ်ချုပ်မှုအခြေခံမူများကို ရင်းနှီးမြှုပ်နှံသူ၏ ယုံကြည်မှု၊ ငွေကြေးအရင်းအနှီး ထူထောင်မှု၊ ခွဲဝေချထားမှုတို့နှင့် သက်ဆိုင်သော ပို၍ကျယ်ပြန့်သည့် စီးပွားရေး ရည်မှန်းချက်များ ချမှတ်ရေးတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်သည် ဟူသော နားလည်မှုကို အခြေခံထားပါသည်။ လုပ်ငန်းအောင်မြင်မှုအတွက် ကော်ပိုရေးရှင်းမှ ငွေကြေး အရင်းအနှီးရရှိမှု၊ နှင့် ၎င်းငွေကြေးအရင်းအနှီးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး ပံ့ပိုးပေးသည့် သူများ၏ ယုံကြည်မှု၊ မျှတစွာ တန်ဖိုးထားပါဝင်ပတ်သက်နိုင်မှုတို့အပေါ်တွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ၏ အရည်အသွေးသည် အကျိုးသက်ရောက်မှုရှိသည်။ ထိုအချက်နှင့် အတူ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများသည် လက်တွေ့စီးပွားရေး နယ်ပယ်အတွင်း အိမ်ထောင်စုစုဆောင်းမှုများ နှင့် ရင်းနှီးမြှုပ်နှံမှုအကြား ပေါင်းကူးဆက်စပ်ပေးမည့် မူဘောင်တစ်ခုကို တည်ဆောက်ပေးပါသည်။ အကျိုးဆက်အနေဖြင့် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် ရှယ်ယာ ပိုင်ရှင်များနှင့် အဓိကပါဝင်သူများကို ၎င်းတို့၏ ရပိုင်ခွင့်အခွင့်အရေးများကို ကာကွယ်ပေးထားပြီး၊ ကော်ပိုရေးရှင်းအတွက် ငွေကြေးအရင်းအနှီးရရှိရန် ကုန်ကျစရိတ်ကိုလျှော့ချနိုင်သည့် အပြင် ငွေကြေးအရင်းအနှီးဈေးကွက်သို့ အလွယ်တကူ ဝင်ရောက်နိုင်ရန် အထောက်အကူပြုပါသည်။

ဤအချက်သည် တစ်ကမ္ဘာလုံးဆက်စပ်လွှမ်းခြုံနေသော ယနေ့ခေတ်၏ ငွေကြေးအရင်းအနှီး ဈေးကွက်များအတွက် အလွန်အရေးကြီးသည့် အချက်ဖြစ်သည်။ နိုင်ငံတကာ ငွေကြေးအရင်းအနှီး များစီးဆင်းမှုသည် ကုမ္ပဏီများအနေဖြင့် ငွေပမာဏကြီးမားသည့် ရင်းနှီးမြှုပ်နှံသူများထံမှ ဘဏ္ဍာရေးထောက်ပံ့မှုကို ရရှိစေပါသည်။ ကုမ္ပဏီများနှင့် နိုင်ငံများသည် တစ်ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအရင်းအနှီး ဈေးကွက်၏ အကျိုးအမြတ်များ ရယူသုံးစွဲလိုလျှင်၊ ရေရှည်ငွေကြေးရင်းနှီး မြှုပ်နှံမှုကို ဆွဲဆောင်လိုလျှင် ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအစီအမံများကို ယုံကြည်ဖွယ်ဖြစ် အောင်လုပ်ဆောင်ခြင်း၊ နယ်နိမိတ်ခြားနိုင်ငံများမှလည်း ကောင်းစွာနားလည်နိုင်ပြီး၊ နိုင်ငံတကာမှ လက်ခံထားသော အခြေခံဥပဒေသများကို စွဲမြဲစွာလိုက်နာရမည်ဖြစ်သည်။ ကော်ပိုရေးရှင်းများက နိုင်ငံရပ်ခြား ငွေကြေးအရင်းအနှီး အရင်းအမြစ်များကို အဓိကထား မှီခိုမှုမပြုလျှင်ပင် ထိရောက်သော ကြီးကြပ်ကွပ်ကဲမှုနှင့် ဥပဒေစည်းကမ်းများ တိတိကျကျ အသက်ဝင်ဆောင်ရွက်သည့် ယုံကြည် စိတ်ချရသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်တစ်ခုတည်ရှိခြင်းသည် ပြည်တွင်းရင်းနှီးမြှုပ်နှံ သူများ၏ ယုံကြည်မှုတိုးတက်လာစေပါသည်။ ထို့အပြင် ငွေကြေးအရင်းအနှီးများ ရှာဖွေရာတွင် ကုန်ကျစရိတ်ကို လျှော့ချပေးခြင်း၊ ငွေရေးကြေးရေးဈေးကွက်များ တိုးတက်လာစေရန် အထောက် အကူပြုခြင်းနှင့် နောက်ဆုံးတွင် တည်ငြိမ်သော ငွေကြေးအရင်းအမြစ်များကို ဆွဲဆောင်နိုင်မည် ဖြစ် သည်။

ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် တစ်ခုတည်းသော စံပြပုံစံဟူ၍ မရှိပါ။ သို့သော် တူညီသောအခြေခံအကြောင်းအချက်အချို့သည်ကောင်းမွန်သောကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် အခြေခံအုတ်မြစ်များဖြစ်သည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူများသည် ထိုဘုံတူညီသောအခြေခံ အချက်များအပေါ် တည်ဆောက်ထားပြီး ပုံစံအမျိုးမျိုးနှင့် အကျုံးဝင်စေရန် ရည်ရွယ်ထားပါသည်။ ဥပမာအားဖြင့် အခြေခံမူများသည် မည်သည့် အထူးသီးသန့်ဘုတ်အဖွဲ့ ဖွဲ့စည်းပုံကိုမှ အသား ပေးထားခြင်းမရှိပါ။ အခြေခံစည်းမျဉ်းများတွင် "ဘုတ်အဖွဲ့"ဟူသည့် စကားရပ်သည် မတူညီသော နိုင်ငံများအတွင်း ဖွဲ့စည်းလေ့ရှိသည့် ဘုတ်အဖွဲ့ဖွဲ့စည်းပုံများနှင့် အကျုံးဝင်စေရန် ရည်ရွယ်သည်။ အချို့နိုင်ငံများတွင် တွေ့ရသည့် ပုံစံကျ အဆင့်နှစ်ဆင့်ပါ စနစ်အတွင်း အခြေခံသဘောတရား များအထဲ သုံးစွဲထားသည့် "ဘုတ်အဖွဲ့"သည် "ကြီးကြပ်သည့်ဘုတ်အဖွဲ့"ကို ရည်ညွှန်း ပြီး "အဓိကအလုပ်အမှုဆောင်များ" သည် "စီမံခန့်ခွဲရေးဘုတ်အဖွဲ့" ကို ရည်ညွှန်းသည်။ တစ်ခုတည်း သော ဘုတ်အဖွဲ့ကို ဌာနအတွင်း စာရင်းစစ်အဖွဲ့က ကြီးကြပ်သည့်ပုံစံကိုကျင့်သုံးသည့် စနစ်တွင် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုမူများကို လိုအပ်သည့် ပြောင်းလဲမှုများပြုလုပ်ပြီး ဘုတ်အဖွဲ့က အသုံးချ နိုင်မည် ဖြစ်သည်။ "အဓိကပင်တိုင်အလုပ်အမှုဆောင်များ" ဟူသည့် အခေါ်အဝေါ်ကို အဓိပ္ပါယ် ဖွင့်ဆိုရာတွင် တရားရေးစနစ်များ မတူညီကြသည့် နိုင်ငံများအလိုက် ကွဲပြားမှုရှိနိုင်ပြီး ဥပမာ လစာ ချီးမြှင့်ငွေ၊ သို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများ အချင်းချင်း အရောင်းအဝယ် ပြုလုပ် ခြင်း စသည့် ကိစ္စရပ်များတွင်မတူညီမှု များရှိနိုင်သည်။ ထို့ကြောင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူများ သည်ကျင့်သုံးသည့် တရားရေးစနစ် အခြေအနေကိုလိုက်ပြီး အကောင်အထည်ဖော်ဆောင်သည့် ပုံစံများလည်း ကွဲပြားနိုင်သည်။ ဤစာအုပ်တွင် "ကော်ပိုရေးရှင်း" နှင့် "ကုမ္ပဏီ " ဟူသည့် အခေါ် အဝေါ် နှစ်ခုကို အလဲအလှယ်ပြု သုံးစွဲသွားမည်ဖြစ်သည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူများသည်ဥပဒေလိုအပ်ချက်အရမဖြစ်မနေဆောင်ရွက်ရန်မဟုတ်သကဲ့သို့ ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် အသေးစိတ် လမ်းညွှန်ချက်ဖြစ်ရန် ရည်ရွယ်ထားခြင်းလည်းမဟုတ်ပါ။ ထိုနည်းအစား ရည်မှန်းချက်များကို ဖော်ထုတ်ရန်တွန်းအားပေးပြီး ၎င်းရည်မှန်းချက်များကို အောင် မြင်စွာအကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများကို အကြံပြုထားသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

မူများသည် မူဝါဒချမှတ်သူများနှင့် ဈေးကွက်တွင်ပါဝင်သူများအနေဖြင့် မိမိတို့နှင့် ကိုက်ညီသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်များကို ချမှတ်ကျင့်သုံးနိုင်ရန်အတွက် ခိုင်မာပြီး အလျော့အတင်း လွယ်ကူသည့် ကိုးကားစရာအရင်းအမြစ်တစ်ခုအဖြစ်ရည်ရွယ်ပါသည်။ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော ကမ္ဘာကြီးတွင် မိမိတို့၏ ပြိုင်ဆိုင်နိုင်စွမ်း ဆက်ရှိနေရန် ကော်ပိုရေးရှင်းများသည် ၎င်းတို့၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အထများကို ဆန်းသစ်တီထွင်ကာ အလိုက်သင့် ပြောင်းလဲကျင့်သုံးရန်လိုအပ်ပါသည်။ သို့မှသာ ဈေးကွက်၏ ဝယ်လိုအား၊ တောင်းဆိုချက်အသစ်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး အခွင့်အလမ်းသစ်များကို ဆုပ်ကိုင်နိုင်မည်ဖြစ်သည်။ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းကျင့်သုံးခြင်း၏ အကျိုးအပြစ်များကို ထည့်သွင်းစဉ်းစားပြီး၊ ဈေးကွက်များ ထိရောက်စွာ လည်ပတ်နိုင်ရန်အတွက်နှင့် ရှယ်ယာပိုင်ရှင်များ၊ အခြားအဓိကပါဝင်သူများ၏ အသစ် အသစ်သော မျှော်မှန်းချက် ဖြည့်ဆည်းနိုင်ရန်ထိရောက်စွာ အလျော့အတင်းပြုလုပ်ဆောင်ရွက်နိုင်သည့် ဥပဒေ လုပ်ထုံးလုပ်နည်း မူဘောင်ကိုတည်ဆောက်ရန် အစိုးရများတွင် အရေးတကြီးတာဝန်ရှိပါသည်။

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံမူများ**သည် ကမ္ဘာ့တစ်ဝန်းနိုင်ငံအသီးသီးရှိ တရားစီရင်ရေး မဏ္ဍိုင် တစ်ခုချင်းစီ၏ နှိုင်းယှဉ်ချိန်ထိုးစရာ စံသတ်မှတ်ချက်အဖြစ် ကျယ်ပြန့်စွာ အသုံးပြုကြသည်။ ၎င်းတို့သည် Financial Stability Baord ၏ တည်ငြိမ်သော ငွေရေးကြေးရေးစနစ်များအတွက် လိုအပ်သော အဓိကစံနှုန်းများထဲမှ အရေးကြီးသည့် စံနှုန်းတစ်ခု (Key Stardards for Sound Financial Systems)အဖြစ် လက်ခံကျင့်သုံးခဲ့ပြီး ကော်ပိုရိတ် စီမံအုပ်ချုပ်မှု နယ်ပယ်တွင် ကမ္ဘာ့ဘဏ် ၏ စံနှုန်းနှင့် သတ်မှတ်ချက်များ လိုက်နာမှုအပေါ် အစီရင်ခံစာ (Reports on Observance of Standards and Codes -ROSC) အတွက် အခြေခံမူဖြစ်ပါသည်။

**ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအခြေခံမူများ** သည် ဆင့်ကဲပြောင်းလဲမှု ဖြစ်နေသည့် သဘောသဘာဝ ရှိပြီး ကော်ပိုရိတ် စီမံအုပ်ချုပ်မှု နယ်ပယ် တွင် မူဝါဒချမှတ်သူများက အမြဲတမ်းအသုံးချ၍ ရနိုင်သည့် နည်းလမ်းများ အဖြစ်ဆက်လက်ရပ်တည်နိုင်ရန်အတွက် အပြောင်းအလဲများအပေါ်မူတည်ပြီး အမြဲ တမ်း ပြန်လည် သုံးသပ်လျှက်ရှိပါသည်။

**ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအခြေခံမူများ**ကို အခန်း ခြောက်ခုခွဲပြီး တင်ပြထားသည်။ ၎င်းတို့မှာ

၁) ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်တစ်ခုအတွက် အခြေခံအုတ်မြစ်များ ခိုင်မာစွာ ချမှတ်ခြင်း၊ ၂) ရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ၊ တန်းတူညီမျှဆက်ဆံခံရမှု နှင့်အရေးပါသော ပိုင်ဆိုင်မှု ဆိုင်ရာ လုပ်ငန်းဆောင်တာများ၊ ၃) ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများ၊ စတော့ဈေးကွက်များ နှင့် အခြား ငွေရေးကြေးရေးဆိုင်ရာကြားခံအဖွဲ့များ၊ ၄) ကော်ပိုရိတ်စီမံအုပ်ချုပ်မှု နှင့် သက်ဆိုင်သူများ၏ အခန်းကဏ္ဍ၊ ၅)သတင်း ထုတ်ပြန်မှုနှင့် ပွင့်လင်းမြင်သာမှု၊ ၆) ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ တို့ ဖြစ်သည်။ တစ်ခန်းချင်းစီတွင် အခြေခံမူတစ်ခုချင်း၏ ခေါင်းစဉ်ကို ထင်ရှားစွာပုံနှိပ်ထားပြီး ထို အခြေခံမူများ၏ စည်းမျဉ်းခွဲများကို ဆွေးနွေးဖော်ပြထားပါသည်။ စာဖတ်သူများကို ကော်ပိုရိတ် စီမံအုပ်ချုပ်မှုမူများနှင့် ၎င်းတို့၏ရည်ရွယ်ချက်များ၊ နောက်ခံအကြောင်းတရားများကို ပိုမို နားလည် သဘောပေါက်စေရန် ရည်ညွှန်းချက်များနှင့် အားဖြည့်ဆွေးနွေးထားပါသည်။ ထိုရည်ညွှန်းချက် များသည် လက်ရှိ ဖြစ်ပေါ်လွှမ်းမိုးနေသော၊ သို့မဟုတ် အရှိန်အဟုန်ရလာသော အကြောင်းတရား ကို ဖော်ပြထားပြီး၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဥပဒေသများ အောင်မြင်အောင် အကောင်အထည် ဖော် ဆောင်ရာတွင် ရွေးချယ်နိုင်သော အကောင်အထည်ဖော်ဆောင်သည့်နည်းလမ်းများနှင့် လက်တွေ့ အသုံးဝင်သည့် ဥပမာများ ပါဝင်ပါသည်။

# ၁။ ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်တစ်ခု အတွက် အခြေခံအုတ်မြစ်များ ခိုင်မာစွာချမှတ်ခြင်း။

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် ပွင့်လင်းမြင်သာပြီးမျှတသောဈေးကွက်များနှင့် ထိရောက်သော အရင်းအမြစ်ခွဲဝေမှုများကို အားပေးမြှင့်တင်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးမှုဆိုင်ရာ သတ်မှတ်ချက်များအတိုင်းဖြစ်ရန် လိုအပ်ပြီး ကြီးကြပ်ကွပ်ကဲမှု နှင့် ဥပဒေများ၊ စည်းမျဉ်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှုကိုလည်း ပံ့ပိုးပေးရမည်။**

ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် ဈေးကွက်တွင်ပါဝင်သူများက ၎င်းတို့ဆန္ဒအလျောက် တရားဝင်စာချုပ်စာတမ်းများနှင့် အညီ အချင်းချင်းဆက်သွယ် ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး အားကိုး အားထား ပြုနိုင်သော ခိုင်မာသည့် ဥပဒေ၊ နည်းဥပဒေများနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်တစ်ခု ရှိရန်လိုအပ်သည်။ ဤကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် သာမန်အားဖြင့် နိုင်ငံတစ်ခု၏ သီးခြားအခြေအနေများ၊ သမိုင်းကြောင်းနှင့်ရိုးရာဓလေ့တို့ကို အခြေပြုဖြစ်တည်နေသည့် ဥပဒေ ပြုရေး၊ ဥပဒေဖြင့်ထိန်းကြောင်းခြင်း၊ မိမိကိုယ်တိုင် စည်းမျဉ်းစည်းကမ်းလိုက်နာခြင်းများ၊ မိမိဆန္ဒ အလျောက် ကြိုးစားဆောင်ရွက်မှုများနှင့် စီးပွားလုပ်ငန်းဆိုင်ရာအလေ့အထများ စသည့် အခြေခံ အကြောင်းတရားများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ထို့ကြောင့် ဥပဒေပြုရေး၊ ဥပဒေဖြင့် ထိန်း ကြောင်းခြင်း၊ မိမိကိုယ်တိုင် စည်းမျဉ်းစည်းကမ်းလိုက်နာခြင်း၊ မိမိဆန္ဒအလျောက် သတ်မှတ် ထားသည့် စံနှုန်း စသည်တို့ရောယှက်ဖြစ်တည်နေမှုသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနား ကြသည်။ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု မူဘောင် သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် ဥပဒေနှင့်အညီ ထိန်း ကြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရ ကုမ္ပဏီတစ်ခု၏ သီးခြားကိစ္စရပ်များဖြေရှင်းရန်နှင့် ပြုလွယ် ပြောင်းလွယ် ဆောင်ရွက်နိုင်ရန်အတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စံသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုရာတွင် "လိုက်နာရန် သို့မဟုတ်ပါက ဖြေရှင်းချက်ပေးရန်" ဆိုသည့်အခြေခံ သဘောတရား ဆိုင်ရာ လိုက်နာရသည့် ဓလေ့ထုံးစံများကအား ဖြည့်ပံ့ပိုးပေးပါသည်။ ကုမ္ပဏီတစ်ခု ရင်းနှီးမြှုပ်နှံသူ တစ်ဦး သို့မဟုတ်အခြား အဓိကပါဝင်သူတစ်ဦးအတွက် အလုပ်ဖြစ်သည့် နည်းလမ်းတစ်ခုသည် အခြားသော အကြောင်းအရာမတူသည့် သို့မဟုတ် ကွဲပြားသည့် ပတ်ဝန်းကျင်အခြေအနေ အောက်တွင် ရှိသော ကော်ပိုရေးရှင်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးသက်ဆိုင်သူများအားလုံး အတွက် အလုပ်ဖြစ်နိုင်မည်ဟု မဆိုနိုင်ပါ။ အတွေ့အကြုံသစ်များ တိုးပွားလာပြီး လုပ်ငန်း ပတ်ဝန်း ကျင် အခြေအနေ ပြောင်းလဲလာသည်နှင့်အမျှ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်၏ ပြဋ္ဌာန်းသတ် မှတ်ချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်သင့်ပြီး လိုအပ်သလို ထိန်းညှိပြင်ဆင်ရမည်။

ကော်ပိုရိတ်အုပ်ချုပ်မှုအခြေခံမှုများကို အကောင်အထည်ဖော်ရန် ကြိုးပမ်းသည့် နိုင်ငံများသည် ဈေးကွက် ဂုဏ်သိက္ခာမြှင့်တင်ခြင်း၊ နှင့် စီးပွားရေးလုပ်ငန်းများ စွမ်းဆောင်ရည် ကောင်းမွန်လာစေရန် အတွက် ဥပဒေဖြင့်ထိန်းကြောင်းခြင်း၊ စတော့ဈေးကွက်တင်ရန် လိုအပ်ချက်များ၊ စီးပွားရေးလုပ်ငန်း အလေ့အထများ အပါအဝင် မိမိတို့တိုင်းပြည်၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု မူဘောင်ကို စောင့်ကြည့်

ထိမ်းသိမ်းသင့်သည်။ ဤသို့သော လုပ်ဆောင်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်၏မတူကွဲပြားသော အခြေခံအကြောင်းတရားများကြား ပတ်သက်ဆက်နွယ်မှုများနှင့် အပြန်အလှန်ထောက်ကူပေးမှုများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ ထို့အပြင် ကျင့်ဝတ်နှင့် ညီသော၊ တာဝန်သိသော၊ ပွင့်လင်းမြင်သာမှုရှိသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အထများကို မြှင့်တင်ပံ့ပိုးပေးနိုင်ရန်အတွက် လိုအပ်သည့် စွမ်းရည်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ထိုကဲ့သို့ ဝေဖန်ပိုင်းခြားမှုများသည်ထိရောက် အောင်မြင်သော ကော်ပိုရိတ် စီမံ အုပ်ချုပ်မှု မူဘောင်တစ်ခု ထူထောင်ရေးအတွက် အရေးကြီးသည့် နည်းလမ်းတစ်ရပ် အဖြစ် ရှုမြင်သင့် ပါသည်။ ထိုလုပ်ငန်းစဉ်တွင် အများပြည်သူနှင့် စဉ်ဆက်မပျက် ထိရောက်ပြီး အကျိုးရှိသည့် ဆွေးနွေးတိုင်ပင်မှုများသည် မရှိမဖြစ် အရေးတကြီးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ အချို့နိုင်ငံများတွင် ကုမ္ပဏီများနှင့် ၎င်းတို့၏ အကျိုးသက်ဆိုင်သူများကို ထိရောက်ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအလေ့အထများကို အကောင်အထည်ဖော်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဆက်သွယ်အကြောင်းကြားပေးရန် လိုအပ်သည်။ ထို့အပြင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်တစ်ခု ထူထောင်ရာတွင် နိုင်ငံတော်အဆင့် ဥပဒေပြုသူများနှင့် ဥပဒေနှင့်အညီ ထိန်းကြောင်းရသူများသည် အကျိုးရှိသော နိုင်ငံတကာဆွေးနွေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ ထွက်ပေါ်လာသည့်လိုအပ်ချက်များနှင့်ရလဒ်များကို ထည့်သွင်းစဉ်းစားသင့်သည်။ အဆိုပါအခြေအနေများနှင့် ပြည့်စုံပါက ကော်ပိုရိတ်စီ မံအုပ်ချုပ်မှု မူဘောင်သည် မလိုအပ်ဘဲ များပြားနေသည့် စည်းမျဉ်းစည်းကမ်းများကို ရှောင်ရှားနိုင်ပြီး၊ စွန့်ဦးတီထွင်မှု အလေ့အကျင့်ကောင်းများကို ပံ့ပိုးပေးနိုင်မည့် အပြင်ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍ အဖွဲ့အစည်းများကြား အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်နစ်နာမှုများကိုပါ ကန့်သတ်နိုင်ပါသည်။

**က။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဘောင်တစ်ခုကို ထူထောင်ရာတွင် စီးပွားရေးတစ်ရပ်လုံး၏ စွမ်းဆောင်ရည်၊ ဈေးကွက်၏ ယုံကြည်စိတ်ချရမှု နှင့် စီးပွားရေးမက်လုံးများ၏ အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသင့်ပြီး ထိုအခြေအနေများက ဈေးကွက်တွင်ပါဝင်လိုသူများကိုဖိတ်ခေါ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ကောင်းစွာလည်ပတ်နေသည့် ဈေးကွက်များကို ဖြစ်ပေါ်စေသင့်သည်။**

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ကော်ပိုရိတ်အဖွဲ့အစည်းပုံစံသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးစွာသောစွမ်းအားတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကော်ပိုရေးရှင်းများ လုပ်ငန်းလည်ပတ်လုပ်ကိုင်ရသည့် ဥပဒေ၊ နည်းဥပဒေဆိုင်ရာပတ်ဝန်းကျင်သည် စီးပွားရေးအောင်မြင်မှုရလဒ်များ အတွက် အဓိက အရေးကြီးပါသည်။ မူဝါဒချမှတ်သူများသည် ကွဲပြားခြားနားလှသည့် အခြေအနေမျိုးစုံတွင် လုပ်ငန်းများလုပ်ကိုင်နေကြရသော၊ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် အခွင့်အလမ်းသစ်များကို ရှာဖွေ ဖန်တီးနေရသော၊ အရင်းအမြစ်များကို အကျိုးရှိ အထိရောက်ဆုံး ခွဲဝေသုံးစွဲနိုင်ရန်အတွက် ဆုံးဖြတ်ချက်များ ချနေရသော ကော်ပိုရေးရှင်းများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်သည့် ပြုလွယ်ပြောင်းလွယ်ရှိသော မူဘောင်တစ်ခုကို ချမှတ်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ထို့ကြောင့် သင့်လျော်သည့် အခြေအနေအတိုင်းအတာအလိုက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် အစုရှယ်ယာများ ဈေးကွက်တင်ရောင်းချထားသည့် ကော်ပိုရေးရှင်းများ၏ အရွယ်အစားကို လိုက်၍ လိုအပ်သလို အလျှော့အတင်းပြုလုပ်သင့်သည်။ အလျှော့အတင်းလွယ်ကူရန် လိုအပ်သည့် အခြားအကြောင်းရင်းများထဲတွင် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မည့် ဖွဲ့စည်းပုံ၊ လုပ်ငန်းတည်နေရာ၊ လုပ်ငန်းအခန်းကဏ္ဍ၊ ကုမ္ပဏီ၏ ဖွံ့ဖြိုးမှုအနေအထားတို့ပါဝင်သည်။ မူဝါဒချမှတ်သူများသည် စီးပွားရေး အကျိုးရလဒ်များကိုသာဆက်၍ အာရုံစိုက်သင့်ပြီး မူဝါဒဆိုင်ရာအခြား ရွေးစရာများ

ထည့်သွင်း စဉ်းစားရာတွင် ဈေးကွက်လည်ပတ်မှုအပေါ်သက်ရောက်မှု ရှိသည့်သော့ချက်ကျသော အချက်အလက်များ၏ ရိုက်ခတ်မှုကို ခွဲခြမ်းစိတ်ဖြာရန် လိုအပ်သည်။ ဥပမာအားဖြင့် ဆွဲဆောင်မှု မက်လုံးထားရှိပုံ၊ ကိုယ်ပိုင်စည်းမျဉ်း ထိန်းကျောင်းမှုစနစ်များ၏ စွမ်းရည်ထက်မြက်မှု၊ အဖွဲ့အစည်း တစ်ခုလုံးအလိုက် အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်မှု ကိုင်တွယ်ခြင်း စသည့် ကဏ္ဍအပိုင်းအခြား များအတွက် ဖြစ်သည်။ ပွင့်လင်းမြင်သာမှုရှိပြီး စွမ်းဆောင်ရည်ကောင်းသော ဈေးကွက်များသည် ဈေးကွက်အတွင်း ပါဝင်သူများကို စည်းကမ်းထိန်းသိမ်းရန်နှင့် တာဝန်ယူတာဝန်ခံမှုများ ရှိလာစေရန် တွန်းအားပေးသည်။

## ခ။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများအပေါ် သက်ရောက်မှုရှိသည့် ဥပဒေ၊ နည်းဥပဒေ လိုအပ်ချက်များသည် တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှု၊ ဥပဒေ၏အာဏာ သက်ရောက်မှုတို့နှင့် လိုက်လျောညီထွေ ရှိသင့်သည်။

ဈေးကွက်၏ ပြီးပြည့်စုံမှုမရှိသည့် အခြေအနေကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် အတွက် ဥပဒေ၊ နည်းဥပဒေအသစ်များ လိုအပ်လာသည့်အခါ ထို ဥပဒေစည်းမျဉ်းစည်းကမ်းများ သည် သက်ဆိုင်သူအားလုံးအတွက် အမှန်တကယ် ထိရောက်စွာ၊ လိုက်လျောညီထွေရှိစွာ၊ မျှတစွာဖြင့် အသက်ဝင်အကောင်အထည် ဖော်ဆောင်နိုင်သည့် စည်းမျဉ်းစည်းကမ်းများဖြစ်သင့်ပါသည်။ အစိုးရ နှင့် အခြားအာဏာပိုင်အဖွဲ့အစည်းများသည် ကော်ပိုရေးရှင်းများ၊ ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် အခြား အကျိုးသက်ရောက်သူများ နှင့် တိုင်ပင်ဆွေးနွေးခြင်းသည် ထိရောက်သော နည်းလမ်းကောင်း တစ်ခုဖြစ်သည်။ ကော်ပိုရေးရှင်းအပါအဝင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်အခွင့်အရေးများကို ကာကွယ် ရန် အတွက်လည်း လုပ်ထုံးလုပ်နည်းများ၊ နည်းလမ်းများချမှတ်ထားသင့်သည်။ မူဝါဒ ချမှတ်ရေးဆွဲ ရာတွင် လွန်ကဲစွာ စည်းမျဉ်းစည်းကမ်းများတင်းကျပ်ခြင်း၊ လက်တွေ့အကောင်အထည်ဖော်ရန် မဖြစ်နိုင်သည့် ဥပဒေများနှင့် စီးပွားရေးလုပ်ငန်းများ၏ အရှိန်အဟုန်ကို တုန့်နှေးစေခြင်း သို့မဟုတ် ပျက်ယွင်းစေခြင်း စသည့် မလိုလားအပ်သည့် အကျိုးဆက်များ စသည်တို့ကို ရှောင်ရှားနိုင်ရန် အတွက် အခြေအနေအရပ်ရပ်၏ အကျိုးအပြစ်များကို ဝေဖန်ရေးရှုပြီး ချမှတ်သင့်သည်။

အစိုးရအာဏာပိုင်များသည် မရိုးဖြောင့်သောအပြုအမူများကို တားဆီးရန်နှင့် ကောင်းမွန်သည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများ ထွန်းကားလာစေရန်နှင့် ထိရောက်သောအရေးယူဆောင် ရွက်ခွင့် အာဏာရှိသင့်သည်။ ထို့အပြင် ဥပဒေများထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရာ တွင်လည်း အဖွဲ့အစည်းတစ်ခုချင်းစီအလိုက် ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်ပြီး အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများအကြား ထိရောက်ပြီးမျှတသည့် အာဏာပိုင်များ၏ စွက်ဖက်မှုမပါဘဲ သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များမှာ နိုင်ငံ၏ မတူညီသည့် ဥပဒေထုံးတမ်းစဉ်လာများအလိုက် ကွဲပြားခြားနားကြသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ရည်မှန်းချက်များသည် မိမိတို့ဘာသာလိုက်နာကျင့်သုံးရန် သတ်မှတ် ချမှတ်ထားသော စံသတ်မှတ်ထားသည့် ကျင့်ထုံးများဖြစ်ကြပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်း များကဲ့သို့ အာဏာ သက်ဝင်မှုမရှိချေ။ ထိုကျင့်ထုံးများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လုပ်ငန်းရပ် များ တိုးတက်ကောင်းမွန်လာရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်သော်လည်း ၎င်းတို့၏ အနေအထားနှင့် အကောင်အထည်ဖော်မှု အခြေအနေနှင့် ပတ်သက်ပြီး ရှယ်ယာရှင် များနှင့် အခြားအကျိုးသက်ဆိုင်သူများအကြား မရေရာမှုများဖြစ်ပေါ်စေနိုင်သည်။ အဆိုပါကျင့်ထုံး များ၊ စည်းမျဉ်းစည်းကမ်းများကို နိုင်ငံတော်အဆင့်စံနှုန်း သို့မဟုတ် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ

လိုအပ်ချက်ကို ပံ့ပိုးပေးမှုအဖြစ် ကျင့်သုံးသည့်အခါ ဈေးကွက်၏ ယုံကြည်လက်ခံမှု ရရှိရန် အတွက် ကျင့်သုံးသည့် အဝန်းအဝိုင်း၊ အကောင်အထည်ဖော်ဆောင်မှု၊ လိုက်နာမှု နှင့် အရေးယူ ဆောင်ရွက်မှုများကို တိကျစွာ သတ်မှတ်ပြဌာန်းဆောင်ရွက်ရမည်။

**ဂ ။ ကွဲပြားခြားနားသည့် အာဏာပိုင်များအကြား တာဝန်ခွဲဝေထားမှုကို သေချာစွာရှင်းလင်း ဖော်ပြရန်နှင့် အများပြည်သူအကျိုးစီးပွားအတွက် ဝန်ဆောင်မှုပေးနိုင်ရန် စီမံထားသင့်သည်။**

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လိုအပ်ချက်နှင့် အလေ့အထများသည် ပုံမှန်အားဖြင့် ကုမ္ပဏီဥပဒေ၊ စတော့ ရှယ်ယာဈေးကွက်၏ စည်းမျဉ်း၊ စာရင်းကိုင်နှင့်စာရင်းစစ်စံနှုန်းများ၊ ဒေဝါလီ ခံခြင်းဥပဒေ၊ ပဋိညာဉ် ဥပဒေ၊ အလုပ်သမားဥပဒေ နှင့် အခွန်ဥပဒေများစသည့် စီးပွားရေးဆိုင်ရာ ဥပဒေနယ်ပယ်မှ ဥပဒေများ၏ လွှမ်းမိုးမှုရှိသည်။ ကုမ္ပဏီတစ်ခုစီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများ သည်လည်း အခါအားလျော်စွာ လူ့အခွင့်အရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၏ လွှမ်းမိုးမှုကိုခံရသည်။ ထိုကဲ့သို့သော အခြေအနေများအောက်တွင် အမျိုးမျိုးသော ဥပဒေများ၏ လွှမ်းမိုးမှုက ရည်ရွယ်မထားဘဲ ထပ်နေခြင်းနှင့် ထိပ်တိုက် ပဋိပက္ခများ ဖြစ်စေနိုင်သောကြောင့် အဓိကကျသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရည်မှန်းချက်များ အကောင်အထည် ဖော်ရာတွင် အခက်အခဲ ရှိလာနိုင်သည်။ မူဝါဒချမှတ်သူများသည် ဤအခက်အခဲကို သတိပြုမိရန် အရေးကြီးပြီး ယင်းအခက်အခဲများကို ကျော်လွှားရန် လိုအပ်သလို အရေးယူဆောင်ရွက်သင့်သည်။ ဥပဒေများ ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရေးလုပ်ငန်းစဉ်တွင် ကြီးကြပ်ကွပ်ကဲမှု၊ အကောင် အထည်ဖော်မှုနှင့် စည်းမျဉ်းစည်းကမ်းများ ထိရောက်စွာ အသက်ဝင်မှု တို့အတွက် အာဏာပိုင်များ အကြား ရှင်းလင်းစွာ တာဝန်ခွဲဝေ သတ်မှတ်ထားရန်လိုအပ်သည်။ သို့မှသာ အာဏာပိုင်အဖွဲ့များ အကြား တစ်ဖွဲ့ချင်းစီ၏ ကျွမ်းကျင်မှု၊ အားသာမှုဖြင့် အချင်းချင်းကူညီပံ့ပိုးပေးနိုင်မည့်အပြင် အဖွဲ့ အစည်းများအချင်းချင်း လေးစားမှုနှင့် ထိရောက်သော တာဝန်ယူလုပ်ဆောင်မှုများ ဖြစ်ပေါ်လာ စေမည်ဖြစ်သည်။ အငြင်းပွားဖွယ်ရာဖြစ်လာနိုင်သည့် ရည်မှန်းချက်များ ဥပမာ - အဖွဲ့အစည်း တစ်ခုက စီးပွားရေးလုပ်ငန်းကို ဆွဲဆောင်ရန်အားပေးခြင်းနှင့် ဥပဒေ ချိုးဖေါက်မှုအတွက် အရေးယူ ရန် ဆောင်ရွက်သည့်အခါ ရှင်းလင်းပြတ်သားသော အုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့် ကြိုတင်စီမံထားခြင်းနှင့် ရှောင်ရှားခြင်း တို့ကိုပြုလုပ်သင့်သည်။ ဥပဒေများအကြား နယ်ပယ် ထပ်နေခြင်းနှင့် အပြန်အလှန်ဆန့်ကျင်ဘက်ဖြစ်နေခြင်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဥပဒေ၏ ဟာကွက်များကို သေချာစွာစောင့်ကြည့်ရန်လိုအပ်သည်။ (မည်သည့် အဏာပိုင်အဖွဲ့မှ တိုက်ရိုက် တာဝန်ခံမှုမရှိသည့် ကြားထဲမှ လွတ်ထွက်သွားသော ပြဿနာများ) ထို့အပြင် ကော်ပိုရေးရှင်းများက လိုအပ်ချက်အမျိုးမျိုးကို လိုက်နာရခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကုန်ကျစရိတ်များကိုလည်း အနည်းဆုံး ဖြစ်စေရန် စီစဉ်ထားသင့်သည်။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသက်ဝင်စေ သည့်တာဝန်များ၊ သို့မဟုတ် ကြီးကြပ်ထိန်းကျောင်းသည့်တာဝန်များကို အစိုးရ မဟုတ်သော အဖွဲ့ များသို့ တာဝန်လွှဲပေးလိုသည့်အခါ မည်သည့်အတွက်ကြောင့်၊ မည်သည့် အခြေအနေမျိုးတွင် ထိုကဲ့သို့ တာဝန်လွှဲအပ်ပေးသင့်သည်ကို ပွင့်လင်းစွာလေ့လာသုံးသပ်ရမည်။ ထို့အပြင် အစိုးရ ကတာဝန်အပ်နှင်းခံရသည့် အာဏာပိုင်အဖွဲ့သည် အပ်နှင်းထားသည့်အခွင့်အာဏာကို ဥပဒေနှင့် အညီ မျှတစွာ၊ သမာသမတ်ကျစွာ အသုံးချစေရန်အတွက် ထိရောက်သော ကြိုတင်ပြင်ဆင်မှု အစီ အစဉ်များ ထားရှိသင့်သည်။ ထိုကဲ့သို့သော တာဝန်အပ်နှင်းခံရသည့် အဖွဲ့အစည်းများ၏ အုပ်ချုပ်မှု ဖွဲ့စည်းပုံသည် ပွင့်လင်းမြင်သာမှုရှိပြီး အများပြည်သူ၏ အကျိုးစီးပွားအတွက်ပါ ဖော်ဆောင်နိုင်မှုရှိ သည့် အခြေအနေမျိုး ဖြစ်ရန်လိုအပ်သည်။

**ဃ။ စတော့ဈေးကွက်စည်းမျဉ်းထိန်းကျောင်းမှုသည် ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို အထောက်အပံ့ပေးသင့်သည်။**

စတော့ဈေးကွက်များသည်၎င်းတို့ထံ ဈေးကွက်တင်ပြီး အစုရှယ်ယာများ ထုတ်ရောင်းသည့် ကုမ္ပဏီများကို ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို မြှင့်တင်ပေးနိုင်ရန်လိုအပ်သည့် စနစ်များ ထူထောင်ပေးခြင်းနှင့် တွန်းအားပေးခြင်းအားဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ထိရောက်စွာ မြှင့်တင်ပေးနိုင်သည်။ ထို့အပြင် စတော့ဈေးကွက်များသည် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရှယ်ယာ ထုတ်ရောင်းသည့် ကုမ္ပဏီတစ်ခုခု၏ အုပ်ချုပ်မှုအဖွဲ့အပေါ် စိတ်ဝင်စားမှုရှိကြောင်း သို့မဟုတ် စိတ်ဝင်စားမှု မရှိကြောင်းကို ဖော်ပြနိုင်ရန်နှင့် ၎င်းတို့သင့်တော်သလို အရောင်းအဝယ်ပြုလုပ်နိုင်ရန် အတွက် လိုအပ်သော အစီအမံများ ဆောင်ရွက်ထားပေးရမည်။ ထို့ကြောင့်ရှယ်ယာများ ဈေးကွက် တင် ရောင်းချခွင့်ရရန် လိုအပ်သည့် စံနှုန်းသတ်မှတ်ချက်များကို ပြဋ္ဌာန်းပေးသော စတော့ ဈေးကွက် တစ်ခု၏ နည်းဥပဒေများနှင့် စည်းမျဉ်းများ၏ အရည်အသွေးနှင့် ရှယ်ယာရောင်းဝယ်ရာတွင် အဆင်ပြေ ချောမွေ့စေရန် ပြုလုပ်ထားသည့် အစီအမံများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင် ၏ အရေးပါသည့် အစိတ်အပိုင်းများဖြစ်သည်။

အစဉ်အလာအားဖြင့် "စတော့အိပ်ချိန်း" ဟုခေါ်ကြသည့် ရှယ်ယာအရောင်းအဝယ် ဈေးကွက်သည် ယနေ့ခေတ်တွင် အသွင်ပုံစံအမျိုးမျိုး ရှိသည်။ စတော့အိပ်ချိန်းကြီးများ အများစုသည် ယခုအခါ အကျိုးအမြတ်အများဆုံးရအောင် လုပ်ဆောင်နေကြပြီး စတော့အိပ်ချိန်းများ ကိုယ်တိုင် နှင့် ရှယ်ယာ အရောင်းအဝယ်ဌာနနှင့် ရှာဖွေသည့်စီးပွားရေး ကုမ္ပဏီများဖြစ်နေပြီး အခြားစတော့အိပ်ချိန်းများဖြင့် ပြိုင်ဆိုင်နေကြသည်။ စတော့ဈေးကွက်၏ ဖွဲ့စည်းပုံ မည်သို့ပင်ရှိစေ မူဝါဒချမှတ်သူများနှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသည့် အဖွဲ့အစည်းများသည် စတော့အိပ်ချိန်းနှင့် ရှယ်ယာရောင်း ဝယ်သည့်နေရာများ၏ ဖြစ်သင့်ဖြစ်ထိုက်သည့် အခန်းမှ ပါဝင်စေရန်အတွက် စံနှုန်းများ ချမှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်းများ၏ အသက်ဝင်ထိရောက်မှုများကို စီစစ်သင့်သည်။ ထိုသို့ စီစစ်ရန်အတွက် စတော့အိပ်ချိန်းများ၏ စီးပွားရေး မိုဒယ်များက ဈေးကွက် မက်လုံးများကို မည်သို့အကျိုးသက်ရောက်မှုရှိသည်နှင့် အထက်ဖော်ပြပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်နိုင်မည့် အရည်အချင်းတို့ကို အသေးစိတ် လေ့လာရမည်။

**င။ ကြီးကြပ်ကွပ်ကဲမှု၊ ဥပဒေအရထိန်းကြောင်းမှု နှင့် စည်းမျဉ်းဥပဒေများကို အကောင်အထည် ဖော်ဆောင်သည့် အာဏာပိုင်များသည် ၎င်းတို့၏တာဝန်ဝတ္တရားများကို ကျွမ်းကျင်စွာနှင့် ပညာ ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်အာဏာ၊ ရိုးသားဖြောင့်မတ်မှုနှင့် အရင်း အမြစ်များ ရရှိရန်လိုအပ်သည်။ ထို့အပြင် ၎င်းတို့၏ စည်းမျဉ်းစည်းကမ်းများကို မြန်ဆန် သွက်လက်ရန်၊ ပွင့်လင်းမြင်သာမှုရှိရန်နှင့် ပြည့်စုံစွာ ရှင်းလင်းဖော်ပြရန် လိုပါသည်။**

ကြီးကြပ်ကွပ်ကဲမှု၊ ဥပဒေ၊ စည်းမျဉ်းများ ချမှတ်ပြဋ္ဌာန်းပေးမှုနှင့် ထိုဥပဒေစည်းမျဉ်းများ ထိရောက် စွာ အသက်ဝင်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများကို တာဝန်ပေးအပ်ရာတွင် ၎င်းတို့အနေ ဖြင့် အပ်နှင်းထားသည့် တာဝန်များကို လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းဆောင် ရွက်ရာတွင် တာဝန်ယူ၊ တာဝန်ခံမှုရှိခြင်း တို့ဖြစ်ပေါ်စေရန်အတွက် လုံလောက်သောအခွင့်အာဏာ နှင့် ကော်ပိုရိတ်စီမံခန့်ခွဲမှုကို အလေးထားပြီး ထိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာကို ဆောင် ရွက်နိုင်ရန်အတွက် လုံလောက်သည့် ရင်းမြစ်များ၊ ကျွမ်းကျင်မှု စသည့် အခြေအနေများရရှိရန် ဖန်တီးပေးရမည်။ နိုင်ငံများစွာတွင် စတော့အရောင်းရှယ်ယာဈေးကွက်များကို ကြီးကြပ်သည့်

အဖွဲ့အစည်းများ နိုင်ငံရေးအရ သီးခြားလွတ်လပ်စွာ ရပ်တည်ရေးအတွက် သက်တမ်းကာလတစ်ခု သတ်မှတ်ထားသည့်အဖွဲ့ဝင်များပါသည့် အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့ (ဘုတ်အဖွဲ့၊ ကောင်စီ သို့မဟုတ် ကော်မရှင်) ကိုဖွဲ့စည်းတည်ထောင်ကြသည်။ အကယ်၍ ခန့်အပ်မှုများသည် နိုင်ငံရေးအရပတ်သက်ဆက်နွယ်မှုမရှိလျှင်၊ ရွေးကောက်ပွဲများနှင့် ချိတ်ဆက်မထားလျှင် ထိုအဖွဲ့များ၏ လွတ်လပ်မှုမှာ ပိုမိုအားကောင်းလာပါသည်။ ထိုအဖွဲ့များသည် ၎င်းတို့၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် အကျိုးစီးပွားပဋိပက္ခဖြစ်စေမည့် ကိစ္စများကို ရှောင်ရှားသင့်ပြီး သူတို့၏ ဆုံးဖြတ်ချက်များသည် တရား စီရင်ရေးမဏ္ဍိုင် သို့မဟုတ် အုပ်ချုပ်ရေးမဏ္ဍိုင်တို့၏ ပြန်လည်ဝေဖန်သုံးသပ်မှုကို ခံယူနိုင်ရမည်။ ကော်ပိုရိတ်ဆိုင်ရာ ကိစ္စရပ်များနှင့် သတင်းထုတ်ပြန်မှု ပမာဏ မြင့်တက်လာသည် နှင့်အမျှ ကြီးကြပ်ကွပ်ကဲမှု၊ ဥပဒေ၊ စည်းမျဉ်းများ ပြဋ္ဌာန်းပေးမှုနှင့် ထိုဥပဒေစည်းမျဉ်းများ ထိရောက်စွာ ကြီးကြပ်ရသည့် အာဏာပိုင်များ၏ အရင်းအမြစ်များသည် မလုံမလောက်ဖြစ်လာလေ့ရှိသည်။ ထိုသို့ တိုးတက်လာသော လုပ်ငန်းလိုအပ်ချက်များကြောင့် ထိရောက်သော ကြီးကြပ်ကွပ်ကဲမှုနှင့် စုံစမ်းစစ်ဆေးမှုဆိုင်ရာ အရည်အချင်းပြည့်ဝသောဝန်ထမ်းများကို အလေးထား တောင်းဆိုလာကြပြီး ထိုလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ဘဏ္ဍာငွေများပံ့ပိုးပေးရန်လိုအပ်သည်။ ဝန်ထမ်းများကို ခန့်အပ်ရာတွင် အခြားအဖွဲ့အစည်းများနှင့် အပြိုင်ဆွဲဆောင်နိုင်မည့် လုပ်ခ လစာနှင့် တာဝန်ပေးအပ်ခြင်းများက ကြီးကြပ်ကွပ်ကဲရေးနှင့် စည်းမျဉ်းစည်းကမ်းများကို ထိရောက်စွာ အသက်ဝင်စေသည့် လုပ်ငန်းရပ်များ လွတ်လပ်စွာလုပ်ကိုင်နိုင်သည့် အခြေအနေကို တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

## စ။ နှစ်နိုင်ငံ၊ နိုင်ငံပေါင်းစုံတို့နှင့် သတင်းအချက်အလက်များ ဖလှယ်ရေးအပါအဝင် နိုင်ငံရပ်ခြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သင့်သည်။

နိုင်ငံနယ်နမိတ်များ ဖြတ်ကျော်ပြီး ပိုင်ဆိုင်မှုနှင့် ကုန်သွယ်မှု တိုးတက် မြင့်မားလာခြင်းသည် နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံတို့အကြား သတင်းအချက်အလက်များ ဖလှယ်ရေး အပါအဝင် စည်းမျဉ်းစည်းကမ်းများ ထိန်းကြောင်းသည့် အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင် ပိုမိုအကြုံးဝင်ပတ်သက်ပြီး အထူးသဖြင့် ကုမ္ပဏီများသည် နိုင်ငံအများအပြားရှိ စတော့ဈေးကွက်များတွင်လည်းကောင်း၊ စတော့ဈေးကွက်ပြင်ပတွင်လည်းကောင်း တက်ကြွစွာလုပ်ကိုင်လျက်ရှိကြပြီး မတူညီသည့် နိုင်ငံများ၏ စတော့ဈေးကွက်များတွင် ဈေးကွက်တင် ရောင်းချနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေနေကြသည်။

# ၂။ ရှယ်ယာရှင်များ၏ ရပိုင်ခွင့်များနှင့် တန်းတူညီမျှ ဆက်ဆံခံရမှု နှင့် အရေးပါသော ပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများ

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် ရှယ်ယာရှင်များ၏ ရပိုင်ခွင့်များကို ကျင့်သုံးခြင်းကို ကာကွယ်ပေးရန်နှင့် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက် ပေးသင့်ပြီး ရှယ်ယာအနည်းစု ပိုင်ဆိုင်သူများ နှင့် နိုင်ငံခြားသား ရှယ်ယာရှင်များ အပါအဝင် ရှယ်ယာရှင်များအားလုံးအပေါ် တန်းတူ ညီမျှဆက်ဆံမှု ရရှိအောင် စီမံဆောင်ရွက်ထားသင့်သည်။ ရှယ်ယာရှင်အားလုံးသည် ၎င်းတို့၏ အခွင့်အရေးများ ချိုးဖောက်ခံရမှုအတွက် ထိရောက်သော ဥပဒေအရ ကုစားမှု ရရှိနိုင်မည့် အခွင့်အရေးများ ရှိသင့်သည်။**

ရှယ်ယာ ရင်းနှီးမြှုပ်နှံသူများသည် အချို့သော ပိုင်ဆိုင်မှုဆိုင်ရာ ရပိုင်ခွင့် ရှိသည်။ ဥပမာ အများပိုင်ကုမ္ပဏီ ၏ ရှယ်ယာအစုကိုရောင်းနိုင်ခြင်း၊ ဝယ်နိုင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းများပြုလုပ်နိုင်သည်။ ထို့အပြင် ရှယ်ယာအစု တစ်ခုသည် ရင်းနှီးမြှုပ်နှံသူကို ကော်ပိုရေးရှင်း၏ အကျိုးအမြတ်များတွင် ရင်းနှီးမြှုပ်နှံမှုပမာဏအရကန့်သတ်ထားသည့်ပေးရန်တာဝန် နှင့်အတူပါဝင်ခံစားခွင့်ပေးထားသည်။ ထို့အပြင် ရှယ်ယာအစုကို ပိုင်ဆိုင်မှုသည် အဓိကအားဖြင့် ရှယ်ယာရှင်များ အထွေထွေညီလာခံ အစည်းအဝေးများတွင် မဲပေးမှုတို့မှ တစ်ဆင့် ကော်ပိုရေးရှင်းနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များ သိရှိရယူခွင့် နှင့် ကော်ပိုရေးရှင်းအပေါ် ဩဇာလွှမ်းမိုးခွင့် တို့ကို ပေးထားပါသည်။

သို့သော်လက်တွေ့တွင်မူ ကော်ပိုရေးရှင်းကို ရှယ်ယာရှင်များ၏ ဆန္ဒခံယူပွဲဖြင့် စီမံခန့်ခွဲမှု မပြုနိုင်ပေ။ ရှယ်ယာ ပိုင်ဆိုင်သူများဟုဆိုရာတွင် ရည်မှန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်အတိုင်းအဆ နှင့် စွမ်းဆောင်ရည်များ မတူညီသည့် တစ်သီး ပုဂ္ဂလများ နှင့် အဖွဲ့အစည်းများပါဝင်ပါသည်။ ထို့အပြင် ကော်ပိုရေးရှင်းများ၏ စီမံခန့်ခွဲရေး ဦးဆောင်အဖွဲ့သည် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို လျင်မြန်စွာချမှတ်နိုင်ရန် လိုအပ်သည်။ ဤကဲ့သို့သော လက်တွေ့ဘဝ အရှိတရားနှင့် မြန်ဆန်စွာ တိုးတက်ပြီး အမြဲတမ်း ပြောင်းလဲနေသော ဈေးကွက်များအတွင်း ကော်ပိုရေးရှင်း အရေးအရာကိစ္စရပ်များကို စီမံခန့်ခွဲနေရသည့် လွန်စွာ ရှုပ်ထွေးလှသည့် အခြေအနေမျိုးတွင် ရှယ်ယာပိုင်ရှင်များသည် ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာများကို တာဝန်ယူရန် မဖြစ်နိုင်ပေ။ ကော်ပိုရေးရှင်း၏ မဟာဗျူဟာ နှင့် လုပ်ငန်းလည်ပတ်မှုများကို စီမံခန့်ခွဲရန်အတွက် ဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့ တစ်ဖွဲ့ကို ရွေးချယ်ခန့်အပ် ပံ့ပိုးဆောင်ရွက်စေရန် တာဝန်ပေးကာ လိုအပ်ပါက စီမံခန့်ခွဲမှုအဖွဲ့ကို ထိုဘုတ်အဖွဲ့က အသစ်အစားထိုး ခန့်အပ်နိုင်သည်။

ရှယ်ယာပိုင်ရှင်များ၏ ကော်ပိုရေးရှင်းအပေါ် ဩဇာလွှမ်းမိုးနိုင်မှုသည် အချို့သော အခြေခံအကြောင်းတရားများပေါ် မူတည်သည်။ ဘုတ်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်မှု သို့မဟုတ် ဘုတ်အဖွဲ့ ဖွဲ့စည်း

ပုံအချိုးအစားကို လွှမ်းမိုးသည့် အခြားနည်းလမ်းများ၊ ကုမ္ပဏီ၏ အဓိကကျသည့်အသင်း ဖွဲ့စည်းပုံစာရွက်စာတမ်းများ ပြောင်းလဲပြင်ဆင်မှု၊ သာမန်မဟုတ်သောလုပ်ငန်း လုပ်ဆောင်မှု အတည်ပြုခြင်းနှင့် ကုမ္ပဏီဥပဒေနှင့် ကုမ္ပဏီအတွင်း ထုတ်ပြန်သည့် ရုံးအတွင်း ညွှန်ကြားချက်များက သတ်မှတ်ပေးထားသည့် အခြားကိစ္စရပ်များ စသည်တို့အပေါ်မူတည်နေသည်။ ဤအပိုင်းကို ရှယ်ယာရှင်တို့၏ အခြေခံအကျဆုံး ရပိုင်ခွင့်များ အနေနှင့် နိုင်ငံအများစုတွင် ဥပဒေများက အသိအမှတ်ပြုထားသည်ကို တွေ့ရှိနိုင်ပါသည်။ စာရင်းစစ်များ အတည်ပြုခြင်း သို့မဟုတ် ရွေးချယ်ခြင်း၊ ဘုတ်အဖွဲ့ဝင်များကို တိုက်ရိုက်အဆိုပြုလျာထားခြင်း၊ ရှယ်ယာများအာမခံထားနိုင်မှု၊ အကျိုးအမြတ်ခွဲဝေမှုကို အတည်ပြုခြင်း၊ ဘုတ်အဖွဲ့ဝင်များနှင့် အရေးပါသည့် အမှုဆောင်များ ခံစားခွင့်တို့ကို ရှယ်ယာရှင်များမှ မဲပေးဆုံးဖြတ်နိုင်ခြင်း၊ ဆက်နွယ်နေသူများ အချင်းချင်း အရောင်းအဝယ် ပြုလုပ်ခြင်းများကို အတည်ပြုခြင်းနှင့် အခြားအချက်များစသည့် အပိုထပ်ဆောင်း အခွင့်အရေးများကို နိုင်ငံများစွာတွင် ခွင့်ပြုထားသည်။

ရင်းနှီးမြှုပ်နှံသူများ ထည့်ဝင်ရင်းနှီးထားသည့် ငွေကြေးအရင်းအနှီးများကို ကော်ပိုရိတ် မန်နေဂျာများ၊ ဘုတ်အဖွဲ့ဝင်များ သို့မဟုတ် ထိန်းချုပ်ရှယ်ယာပိုင်ထားသည့် ရှယ်ယာရှင်များက မှားယွင်းစွာ သုံးစွဲခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်းမှ ကာကွယ်ပေးမည် ဟူသောအချက်အပေါ် ယုံကြည်မှုရှိခြင်းသည် ငွေကြေးအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးရေးနှင့် လုပ်ငန်းများကို နည်းလမ်းတကျ လည်ပတ်စေရေး အတွက် အရေးကြီးသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ကော်ပိုရိတ်ဘုတ်အဖွဲ့ဝင်များ၊ မန်နေဂျာများ နှင့် ထိန်းချုပ်ရှယ်ယာပိုင် ရှယ်ယာရှင်များက သာမန်ရှယ်ယာရှင်များ၏ အကျိုးစီးပွားကို အရင်းပြုပြီး ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် လက်ဦးမှုရယူဆောင်ရွက်နိုင်သည့် အခွင့်အလမ်းရှိနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရာတွင် ကနဦး (ex ante) နှင့် နောက်ဆက်တွဲ (ex post) ရှယ်ယာပိုင်ရှင် ရပိုင်ခွင့်များအကြား ခွဲခြားသတ်မှတ်ထားခြင်းက အသုံးဝင်ပါသည်။ ဥပမာ အားဖြင့် ex ante အခွင့်အရေးများသည် ကြိုတင်ရရှိထားသည့် အခွင့်အရေးများ ဖြစ်ပြီး အချို့သော ဆုံးဖြတ်ချက်များအတွက် အရည်အသွေးပြည့်မီသည့် ရှယ်ယာပိုင်ရှင်အများစု၏ အခွင့်အရေးဖြစ်သည်။ Ex post ရပိုင်ခွင့်များသည် ရပိုင်ခွင့် အခွင့်အရေးများ ချိုးဖောက်ခံရပြီးသည်နှင့် ဥပဒေနည်းလမ်းများအတိုင်း တရားသဖြင့် ပြန်လည်ကုစားရန်ခွင့်ပြုထားခြင်းကိုဆိုသည်။ တရားဥပဒေ နှင့် နည်းဥပဒေများ ထိရောက် အသက်ဝင်မှု အားနည်းသည့် နိုင်ငံများတွင် ရှယ်ယာပိုင်ရှင်များအတွက် ကနဦးရပိုင်ခွင့် (ex ante right) ကို အားဖြည့်တည်ဆောက်ထားရန် လိုအပ်သည်။ အချို့သော အရေးကြီးသည့် ဆုံးဖြတ်ချက်များအတွက် ရှယ်ယာပိုင်ရှင်အတော်အများစု (ရာခိုင်နှုန်းတစ်ခု သတ်မှတ်ထားရန် လိုအပ်သည်) (Super Majority) ၏ ထောက်ခံမှုလိုအပ်ခြင်း သို့မဟုတ် ရှယ်ယာပိုင်ရှင်များ အစည်းအဝေးပွဲ၏ အစီအစဉ်တွင်ပါဝင် ဆွေးနွေးခွင့်ရရန် အတွက် လိုအပ်သည့် ရှယ်ယာပိုင်ဆိုင်မှု သတ်မှတ်ချက် လျှော့ချထားခြင်းစသည်တို့ ဖြစ်သည်။ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ဥပဒေသများသည် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအတွင်း နိုင်ငံခြားသားနှင့် ပြည်တွင်း ရှယ်ယာရှင်များအပေါ် တန်းတူညီမျှ ရှိသည့် ဆက်ဆံမှုကို ထောက်ကူပေးသည်။ ၎င်းတို့သည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ထိန်းကြောင်းသည့် အစိုးရမူဝါဒများကို ဆိုလိုခြင်းမဟုတ်ပါ။

ရှယ်ယာပိုင်ရှင်များက သူတို့၏ရပိုင်ခွင့်များ တရားဝင်ရရှိစေသည့် နည်းလမ်းများစွာထဲမှ တစ်ခုမှာ စီမံခန့်ခွဲရေးနှင့် ဘုတ်အဖွဲ့ဝင်များကို တရားစွဲဆိုခြင်းနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အရေးယူမှုများဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ရှယ်ယာပိုင်ရှင်များ၏ ရပိုင်ခွင့် အခွင့်အရေးများကို အကာအကွယ်ပေးထားသည့် အတိုင်းအတာပမာဏကို အဓိကအဆုံးအဖြတ်ပေးသည့်အချက်မှာ နစ်နာချက်များကို သင့်တော် မျှတသော စရိတ်စကနှင့် ကြန့်ကြာမှုမရှိဘဲ အလျော်ရရှိနိုင်ရန် ထိရောက်သည့် နည်းလမ်းရှိ

မရှိဟူသည့်အချက်ဖြစ်ကြောင်း အတွေ့အကြုံများက ပြသနေသည်။ တရားဥပဒေအရ ရှယ်ယာ အနည်းစုပိုင် ရှယ်ယာပိုင်ရှင်များက ၎င်းတို့၏ ရပိုင်ခွင့်အခွင့်အရေးများ ချိုးဖောက်ခံရသည်ဟု ခိုင်လုံသော အကြောင်းရင်းရှိသည့်အခါ တရားစွဲဆိုနိုင်သည့် နည်းလမ်းများ အလွယ်တကူရှိနေခြင်းက သူတို့၏ယုံကြည်မှုကို မြှင့်တက်စေပါသည်။ ထိုကဲ့သို့သောနည်းလမ်းများထည့်သွင်း ပြဋ္ဌာန်းနိုင်ရေးမှာ ဥပဒေပြုတာဝန်ရှိသူများနှင့် ဥပဒေစည်းမျဉ်းထိန်းကြောင်းရသူများ၏ အရေးကြီးသောတာဝန်ဖြစ်သည်။

မည်သည့်ရင်းနှီးမြှုပ်နှံသူမဆို ကော်ပိုရေးရှင်းများ၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေမှုကို ရင်ဆိုင်တရားစွဲဆိုနိုင်ခွင့်ရှိသော တရားစီရင်ရေးစနစ်တွင် မကြာခဏ တရားစွဲဆိုခံရနိုင်သည့် အလားအလာရှိနေတတ်ပါသည်။ ထို့ကြောင့် အချို့နိုင်ငံများတွင် တရားစီရင်ရေးစနစ်ကို အလွဲသုံးစားလုပ်ပြီး စီမံခန့်ခွဲရေးအဖွဲ့နှင့် ဘုတ်အဖွဲ့ဝင်များကို မတရားသဖြင့် တရားစွဲဆိုခြင်းမှ အကာအကွယ် ပေးရန် ရှယ်ယာပိုင်ရှင်များ၏ တိုင်ကြားချက်များတွင် လုံလောက်သော အကြောင်းပြချက် ရှိမရှိကို စစ်ဆေးသည့်ပုံစံကို ကျင့်သုံးကြသည်။ ထို့အပြင် စီမံခန့်ခွဲရေးနှင့် ဘုတ်အဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်ရာတွင် (safe harbour) ဟုခေါ်သည့် အန္တရာယ်ကင်းသည့် အစီအမံများ ချမှတ်ပေးထားခြင်း၊ (ဥပမာ စီးပွားရေးဆိုင်ရာ အကဲဖြတ်မှု စည်းမျဉ်းများ) နှင့် သတင်းထုတ်ပြန်ခြင်းအတွက် အန္တရာယ် ကင်းသည့် အစီအမံများ စီမံထားပေးကြသည်။ နောက်ဆုံးတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏ ရပိုင်ခွင့် အခွင့်အရေးများ ချိုးဖောက်ခံရခြင်းများအတွက် ကုစားရန် နည်းလမ်းများကို ခွင့်ပြုပေးခြင်းနှင့် အလွန်အကျွံ တရားစွဲဆိုမှုများ ပြုလုပ်ခြင်းနှစ်ခုအကြား မျှတသည့် ဟန်ချက်ညီအခြေအနေတစ်ခုကို ရှာဖွေသင့်သည်။ ထို့ကြောင့် နိုင်ငံများစွာတွင် အငြင်းပွားမှု၏ ပထမအဆင့် အခြေအနေတွင် ထိရောက်စွာ ဖြေရှင်းနိုင်သည့် နည်းလမ်းတစ်ခု အနေဖြင့် အခြားဖြေရှင်းသည့် နည်းလမ်းများ၊ ဥပမာ စီမံအုပ်ချုပ်ဆိုင်ရာ ကြားနာခြင်းများ သို့မဟုတ် အနညာတ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ စတော့ဈေးကွက် စည်းမျဉ်းစည်းကမ်းထိန်းကြောင်းသည့် အဖွဲ့များ သို့မဟုတ် အခြားဥပဒေအာဏာပိုင် အဖွဲ့အစည်းများက စီစဉ်ဆောင်ရွက်ပေးထားကြသည်။ အထူးတရားရုံးများ ဖွဲ့စည်းဖြေရှင်းပေးခြင်းဖြင့်လည်း တရားရုံးအမိန့်များ အချိန်မီရရှိနိုင်ပြီး နောက်ဆုံး အငြင်းပွားမှုကို လျင်မြန်စွာ ပြေလည်စေရန်အတွက် လက်တွေ့ကျသော နည်းလမ်းတစ်ခုဖြစ်သည်။

**က။ ရှယ်ယာပိုင်ရှင်၏ အခြေခံ အခွင့်အရေးများတွင် အောက်ပါအခွင့်အရေးများ ပါရှိသင့်သည်။ ၁) ပိုင်ဆိုင်မှုမှတ်ပုံတင်ရန် စိတ်ချသေချာစေသည့် နည်းလမ်းများ။ ၂) ရှယ်ယာများ လွှဲပြောင်းပေးအပ်ခွင့်။ ၃) အရေးကြီးသည့် ကော်ပိုရေးရှင်း၏ သတင်းအချက်အလက်များကို အချိန်မီနှင့် ပုံမှန်ရရှိခြင်း။ ၄)ရှယ်ယာရှင်များ၏ အထွေထွေညီလာခံ အစည်းအဝေးတက်ရောက်ခွင့်နှင့် မဲပေးပိုင်ခွင့်။ ၅) ဘုတ်အဖွဲ့ဝင်များကို မဲပေးရွေးချယ်တင်မြှောက်ခွင့်နှင့် ဖယ်ရှားနိုင်ခွင့်။ ၆) ကော်ပိုရေးရှင်း၏ အမြတ်ကို ခွဲဝေရရှိခွင့်။**

**ခ။ ရှယ်ယာပိုင်ရှင်များသည် သတင်းအချက်အလက်များ လုံလောက်စွာရရှိရန် လိုအပ်ပြီး အခြေခံကျသော ကော်ပိုရိတ် အပြောင်းအလဲများနှင့် ပတ်သက်သည့် ဖော်ပြပါ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အတည်ပြုပေးရန် သို့မဟုတ် ပါဝင်နိုင်ခွင့် ရှိသင့်သည်။ ၁) ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ကော်ပိုရေးရှင်းဖွဲ့စည်းမှု ပဋိညာဉ်စာတမ်းမှ အပိုဒ်များ သို့မဟုတ် အလားတူ အုပ်ချုပ်ရေးစာရွက်စာတမ်းများပြောင်းလဲပြင်ဆင်မှု။ ၂) နောက်ထပ်ရှယ်ယာများထပ်မံ ထုတ်ရောင်းချမှုအတွက် အခွင့်အာဏာပေးခြင်း။ ၃) ကုမ္ပဏီ၏ ရောင်းချနိုင်မှုကို ကြီးမားသော အကျိုးသက်ရောက်မှုရှိစေသည့် ကုမ္ပဏီပိုင်ဆိုင်မှုအားလုံး သို့မဟုတ်**

**ပိုင်ဆိုင်မှုအများအပြားကို လွှဲပြောင်းပေးခြင်း အပါအဝင် သာမန်ထက်ထူးကဲသည့် ကုမ္ပဏီ၏ အရောင်းအဝယ်များကို ဆောင်ရွက်ခြင်း။**

ကုမ္ပဏီများနှင့် အစုစပ်ရန်၊ ဆက်နွယ်နေသည့်ကုမ္ပဏီများ ထူထောင်ရန်နှင့် လည်ပတ်နေသည့် ပိုင်ဆိုင်မှုများ၊ ငွေကြေးလည်ပတ်မှုဆိုင်ရာ အခွင့်အရေးများ၊ အခြားအခွင့်အရေးများကို လွှဲပြောင်း ပေးရန် လုပ်ဆောင်နိုင်ခြင်းနှင့် ၎င်းအခွင့်အရေးများကို တာဝန်ခံမှုများသည် ရှုပ်ထွေးလှသည့် အဖွဲ့အစည်းများအတွင်း လုပ်ငန်း၏ ပြောင်းလွယ်ပြင်လွယ် ဖြစ်မှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုဆိုင်ရာ ကိစ္စရပ်များတွင် အရေးကြီးသည်။ ထိုသို့လုပ်ဆောင်ခြင်းများသည် ကုမ္ပဏီတစ်ခုက လည်ပတ်နေ သည့် လုပ်ငန်းပိုင်ဆိုင်မှုများကို လျှော့ချနိုင်ပြီး ဦးပိုင်ကုမ္ပဏီ အဖြစ်ရွှေ့ပြောင်းဖွဲ့စည်းနိုင်သည်။ သို့ရာတွင် သင့်တော်သော ထိန်းညှိနိုင်မှုစနစ်မရှိပါက ထိုအခြေအနေကောင်းများကို အလွဲသုံးစား ပြုလုပ်ခံရနိုင်ရန် အလားအလာ များစွာရှိနေပါသည်။

**ဂ။ ရှယ်ယာပိုင်ရှင်များသည် နှစ်ပတ်လည်အထွေထွေအစည်းအဝေးများတွင် ထိရောက် စွာ ပါဝင်ပြီး မဲပေးရန် အခွင့်အရေးရှိသင့်သည်။ ထို့အပြင် ရှယ်ယာရှင်များကို မဲပေးသည့်လုပ်ငန်း စဉ် အပါအဝင် နှစ်ပတ်လည် အထွေထွေအစည်းအဝေးများကို ထိန်းကျောင်းသည့် စည်းမျဉ်း များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပံ့ပိုးအကြောင်းကြားပေးရမည်။**

**၁။ ရှယ်ယာပိုင်ရှင်များကို နှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲများ၏ ရက်စွဲ၊ နေရာ နှင့် အစီအစဉ် တို့၏ လုံလောက်ပြီး အချိန်မီသော သတင်းအချက်များအပြင် အစည်း အဝေးတွင် ဆုံးဖြတ်ရမည့် အကြောင်းအရာများကို ပြည့်စုံပြီး အချိန်မီသော သတင်း အချက်များဖြင့် ထောက်ပံ့ပေးသင့်သည်။**

**၂။ နှစ်ပတ်လည် အထွေထွေအစည်းအဝေးများအတွက် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးနည်း လမ်းများ ဆောင်ရွက်ရာတွင် ရှယ်ယာပိုင်ရှင်အားလုံးကို တန်းတူညီမျှ ထိတွေ့ဆက်ဆံ ရမည်။ ကုမ္ပဏီ လုပ်ထုံးလုပ်နည်းများသည် မဲဆန္ဒပေးရန်အတွက် ခက်ခဲလွန်းခြင်း သို့မဟုတ် ကုန်ကျစရိတ်ကြီးမားခြင်းများ မဖြစ်သင့်ပါ။**

နှစ်ပတ်လည် အထွေထွေအစည်းအဝေးများကို တက်ရောက်ခွင့်သည် ရှယ်ယာပိုင်ရှင်တစ်ဦး၏ အခြေခံကျသော ရပိုင်ခွင့် အခွင့်အရေးဖြစ်သည်။ စီမံခန့်ခွဲရေး နှင့် ထိန်းချုပ် ရှယ်ယာပိုင်ရှင်များသည် အခါများစွာတွင် ထိန်းချုပ်နိုင်သည့်ရှယ်ယာပမာဏကိုပိုင်ဆိုင်မထားသော သို့မဟုတ် နိုင်ငံခြားသား ဖြစ်သော ရင်းနှီးမြှုပ်နှံသူများကို ကုမ္ပဏီ၏ ဦးတည်ချက်ကို သြဇာလွှမ်းမိုးရန် ကြိုးစားအားထုတ်မှုများ ကို ဟန့်တားကြသည်။ အချို့ကုမ္ပဏီများက မဲပေးရန်ကျသင့်ငွေကို ကောက်ခံသည်။ အခြား ဖြစ် နိုင်သည့် အဟန့်အတားများတွင် ကိုယ်စားလှယ်မဲပေးမှုကို တားမြစ်ခြင်း၊ မဲပေးရန်အတွက် နှစ်ပတ် လည်အထွေထွေအစည်းအဝေးများကို ကိုယ်တိုင်တက်ရောက်ရန် လိုအပ်ခြင်း၊ အစည်းအဝေးပွဲကို သွားလာရန်ခက်ခဲသည့် ဝေးလံခေါင်ဖြားအရပ်များတွင် ကျင်းပခြင်း၊ မဲပေးရာတွင် လက်ထောင်၍ ပြသခြင်းကိုသာခွင့်ပြုခြင်း စသည်တို့ပါဝင်သည်။ ထို့အပြင် ပိုင်ဆိုင်မှုအခွင့်အရေးများကို လက်တွေ့ တွင် ကျင့်သုံးမှု မဖြစ်နိုင်စေရန် ဟန့်တားထားသည့် အခြားလုပ်ထုံးလုပ်နည်းများ ရှိနေသေးသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆင်ခြင်သုံးသပ်နိုင်ရန်နှင့် တိုင်ပင်ဆွေးနွေးရန် လုံလောက်သည့် အချိန် မရနိုင်အောင် မဲပေးရန် ထောက်ကူပစ္စည်းများကို နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ အချိန် အလွန်ကပ်မှ ပို့ဆောင်မှုများပြုလုပ်နိုင်သည်။ ကုမ္ပဏီများစွာသည် ရှယ်ယာပိုင်ရှင်များနှင့် ပိုမိုထိ

ရောက်သည့် ဆက်သွယ်ရေးနည်းလမ်းများ တည်ဆောက်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များကိုတိုးတက်လာစေရန် ကြိုးစားလာကြသည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ပါဝင်ရန်အတွက် မလိုအပ်သည့် အတားအဆီးများ ဖယ်ရှားရန် ကုမ္ပဏီများကို တွန်းအားပေးထားပြီး ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်ကတစ်ဆင့် တစ်ဆင့်ခံ မဲပေးနိုင်သည့် နည်းလမ်းများနှင့် ယုံကြည်စိတ်ချရသော မဲပေးမှုအတည်ပြုစနစ်များ အပါအဝင် လူကိုယ်တိုင်မတက်ရောက်နိုင်သည့်အခါ မဲပေးနိုင်ရန် အီလက်ထရောနစ်စနစ်များ စီစဉ်ဆောင်ရွက်ပေးသင့်သည်။ ပုဂ္ဂလိက ကဏ္ဍက စည်းမျဉ်းစည်းကမ်းများ ထိန်းကြောင်းပေးရန်အားနည်းသည့် နိုင်ငံများတွင် ဥပဒေ၊ စည်းမျဉ်းထိန်းကြောင်းရန် တာဝန်ရှိသည့် အာဏာပိုင်များက မျှတမှုမရှိသည့် မဲပေးနည်းများကို တားဆီးပေးနိုင်သည့် အခွင့်အာဏာရှိသင့်သည်။

**၃။ ရှယ်ယာပိုင်ရှင်များသည် နှစ်ပတ်လည် ပြင်ပစာရင်းစစ် အစီရင်ခံစာနှင့် သက်ဆိုင်သည့် မေးခွန်းများအပါအဝင် ဘုတ်အဖွဲ့သို့ မေးခွန်းများ မေးမြန်းရန်၊ ရှယ်ယာရှင်များ၏ အထွေထွေ အစည်းအဝေး၏ အခမ်းအနားအစီအစဉ်များတွင် ပါဝင်နိုင်ရန်၊ သင့်လျော်သည့် ကန့်သတ်စည်းမျဉ်းများဖြင့် ဆုံးဖြတ်ချက်များကို အဆိုပြုရန် အခွင့်အလမ်းများ ရသင့်သည်။**

ရှယ်ယာရှင်များ အထွေထွေအစည်းအဝေးတွင် ရှယ်ယာပိုင်ရှင်များ ပါဝင်မှုကို အားပေးရန်အတွက် နိုင်ငံများစွာတွင် အစည်းအဝေးအစီအစဉ်များတွင် ရှယ်ယာပိုင်ရှင်များ၏ ပါဝင်နိုင်စွမ်းကို မြှင့်တင်ပေးလာကြသည်။ ပြင်ဆင်ချက်များနှင့် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ထိန်းသိမ်းရာတွင် ပိုမိုရိုးစင်းသည့်နည်းလမ်းများကို ပြောင်းလဲကျင့်သုံးလာခြင်းနှင့် သိရှိလိုသည့် အကြောင်းအရာများကို ကြိုတင် မေးခွန်းများပေးပို့ပြီး အထွေထွေအစည်းအဝေးတွင် စီမံခန့်ခွဲရေးအဖွဲ့ နှင့် ဘုတ်အဖွဲ့ဝင်များ ထံမှ အဖြေများရယူကြသည်။ ရှယ်ယာပိုင်ရှင်များသည် ပြင်ပစာရင်းစစ် အစီရင်ခံစာနှင့် ပတ်သက်သည့် မေးခွန်းများ မေးခွင့်ရှိသင့်သည်။ ကုမ္ပဏီများက ထိုသို့သော အခွင့်အလမ်းများကို ပိတ်ပင်မထားရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရမည်။ ဥပမာအားဖြင့် ရှယ်ယာရှင်များ အထွေထွေအစည်းအဝေးတွင် ရှယ်ယာပိုင်ရှင်များ၏ အစီအစဉ်တွင် ပါဝင်နိုင်ရန်အတွက် ဈေးကွက်ပေါက်ဈေးပမာဏတစ်ခုခု သို့မဟုတ် ရာခိုင်နှုန်းတစ်ခုခု သို့မဟုတ် မဲပေးခွင့် စသည့် လိုအပ်ချက်များ ချမှတ်ထားနိုင်သည်။ ဤသတ်မှတ်ချက်အဆင့်ကို ဆုံးဖြတ်ရာတွင် ရှယ်ယာအနည်းစု ပိုင်သည့် ရှယ်ယာပိုင်ရှင်များမှ အစည်းအဝေးအစီအစဉ် လက်တွေ့ထည့်သွင်းနိုင်ခြင်းမှ တားမြစ်မခံရရန် ပိုင်ဆိုင်မှု အချိုးအစား ပမာဏကို ထည့်သွင်းစဉ်းစားသင့်သည်။ ရှယ်ယာရှင်အစည်းအဝေး၏ ဆုံးဖြတ်ပိုင်ခွင့်ဘောင်အတွင်းရှိ သဘောတူဆုံးဖြတ်ချက်ချထားသည့် ရှယ်ယာပိုင်ရှင်များ၏ အဆို ဆုံးဖြတ်ချက်များကို ဘုတ်အဖွဲ့က အကောင်ထည်ဖော်ဆောင်ရွက်ပေးရမည်။

**၄။ ဘုတ်အဖွဲ့ဝင်များ အဆိုပြုခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်း ကဲ့သို့ အရေးပါသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဆုံးဖြတ်ချက်များအတွင်း ရှယ်ယာပိုင်ရှင်များ ထိရောက်စွာ ပါဝင်မှုရှိစေရန် လွယ်ကူအောင် စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။ ရှယ်ယာပိုင်ရှင်များအနေဖြင့် ရှယ်ယာရှင် အစည်းအဝေးများတွင် ဘုတ်အဖွဲ့ဝင်များနှင့် အဓိက အမှုဆောင်များ လစာဝင်ငွေများနှင့် ပတ်သက်၍ မဲပေးခြင်း အပါအဝင် ၎င်းတို့၏ အမြင်များကို ထုတ်ဖော်ခွင့်ရှိအောင် စီစဉ်ပေးသင့်သည်။ ဘုတ်အဖွဲ့ဝင်နှင့် ဝန်ထမ်းများအတွက် လစာခံစားခွင့်နှင့် ရှယ်ယာပိုင်ဆိုင်ခွင့်ပြုသည့် အစီအမံများသည် ရှယ်ယာပိုင်ရှင်များ၏ အတည်ပြုချက်ဖြင့်သာ သတ်မှတ်သင့်သည်။**

ဘုတ်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်းသည် ရှယ်ယာပိုင်ရှင်တစ်ဦး၏ အခြေခံရပိုင်ခွင့် အခွင့်အရေးဖြစ်သည်။ ရွေးကောက်တင်မြှောက်မှု လုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရန်အတွက် ရှယ်ယာပိုင်ရှင်များသည် ဘုတ်အဖွဲ့ဝင်များ အဆိုပြုလျာထားခြင်းတွင် ပါဝင်နိုင်ခွင့်နှင့် အဆိုပြုထားသူတစ်ဦးချင်း သို့မဟုတ် သီးခြားစာရင်းများဖြင့် တင်ပြလာသော အဆိုပြုသူများကို မဲပေးနိုင်ခွင့်ရှိရမည်။ အဆိုပါ ရွေးကောက်ပွဲ ကိစ္စနှင့် ပတ်သက်၍ နိုင်ငံများစွာတွင် ရှယ်ယာပိုင်ရှင်များသည် မဲပေးခွင့် အခွင့်အရေးကို အလွဲသုံးစားမလုပ်နိုင်ရန်အတွက် ကုမ္ပဏီ၏ မဲပေးရာတွင်လိုအပ်သည့် သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများကို ပံ့ပိုးကူညီပေးကြသည်။ ဘုတ်အဖွဲ့ဝင် ကိုယ်စားလှယ်လောင်းများရွေးချယ်လျာထားမှုနှင့် ပတ်သက်၍ ကုမ္ပဏီများစွာတွင် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသည့် ဘုတ်အဖွဲ့များ ထူထောင်ထားရှိပြီး ထိုဘုတ်အဖွဲ့များက တည်ဆဲ အမည်စာရင်းတင်သွင်းသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာစေရန်နှင့် ပိုမိုမျှခြေရှိပြီး အရည်အချင်းပြည့်မီသည့် ဘုတ်အဖွဲ့ကို ရှာဖွေခန့်အပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးကြသည်။ အမှီအခိုကင်းပြီး လွတ်လပ်သည့် ဘုတ်အဖွဲ့ဝင်များက ကော်မတီအတွင်း အရေးပါသည့် တာဝန်များထမ်းဆောင်စေခြင်းသည် အလေ့အထကောင်းတစ်ခုအဖြစ် သတ်မှတ်ထားပါသည်။ ရွေးချယ်မှု လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်စေရန် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဥပဒေသများအရ ဘုတ်အဖွဲ့အတွက်လျာထားသည့် ကိုယ်စားလှယ်လောင်းများ၏ အတွေ့အကြုံ၊ နောက်ခံသမိုင်း နှင့် လျာထားမှု လုပ်ငန်းစဉ်အကြောင်း ပြည့်စုံစွာ အချိန်မီ ထုတ်ပြန်ရန်လည်း လိုအပ်ပြီး ဤနည်းဖြင့် ရွေးချယ်ခံသူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်၊ ခန့်အပ်မည့်လုပ်ငန်းတာဝန်နှင့်ကိုက်ညီမှု ရှိမရှိတို့ကို ကောင်းစွာသိရှိ အကဲဖြတ်နိုင်မည်ဖြစ်သည်။ အမည်စာရင်း လျာထားသူများ၏ လက်ရှိဆောင်ရွက်နေသော အခြား ဘုတ်အဖွဲ့ ရာထူးတာဝန်များနှင့် အချို့နိုင်ငံများတွင် အခြားအမည်စာရင်း တင်သွင်းခံထားရသည့် နေရာနှင့် ရာထူးများကို တင်ပြခြင်းသည် အလေ့အထကောင်း တစ်ရပ်အဖြစ် သတ်မှတ်ထားသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူများအရ ဘုတ်အဖွဲ့ဝင်များနှင့် အရေးကြီးသည့် အမှုဆောင်များ၏ လစာနှင့် ခံစားခွင့်များကို ထုတ်ပြန်ပေးရန် တောင်းဆိုတိုက်တွန်းထားသည်။ အထူးသဖြင့် ရှယ်ယာရှင်များအနေဖြင့်လစာခံစားခွင့်ဆိုင်ရာမူဝါဒအပြင်ထိုမူဝါဒကိုအကောင်အထည်ဖော်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်စုစုပေါင်းကို သိရှိရန်လည်း အရေးကြီးပါသည်။ ရှယ်ယာပိုင်ရှင်များသည် ဘုတ်အဖွဲ့၏ စွမ်းဆောင်ရည်နှင့် ဘုတ်အဖွဲ့ဝင်များ၏ အရည်အချင်းများကို ဆန်းစစ်ရှာဖွေသည့်အခါ လစာခံစားခွင့်များနှင့် ကုမ္ပဏီ၏ ဆောင်ရွက်ချက်များ မည်သို့ဆက်စပ်မှုရှိသည်ကို စိတ်ဝင်စားလေ့ရှိကြသည်။ ကွဲပြားသော ဘုတ်အဖွဲ့ဝင်များနှင့် အမှုဆောင်များ၏ လစာငွေများ (အကျိုးသက်ရောက်မှုရှိသော သို့မဟုတ် အကြံပေးသော မဲပေးမှု၊ ကနဦး (ex ante) နှင့် နောက်ဆက်တွဲ (ex post)၊ ဘုတ်အဖွဲ့ဝင် နှင့် အဓိကအမှုဆောင်တို့ အပါအဝင် တစ်ဦးချင်း သို့မဟုတ် စုပေါင်းလစာခံစားငွေနှင့် သို့မဟုတ် အမှန်တကယ်ပေးရသည့် လစာငွေကြေးများ) အတွက် ရှယ်ယာရှင်များက မဲပေးခွင့် (Say-on-pay) စနစ်များ ပါဝင်သည်။ ရှယ်ယာပိုင်ဆိုင်ခွင့် ပေးမှုကြောင့် မူရင်းရှယ်ယာပိုင်ရှင်များ၏ ရင်းနှီးငွေရာခိုင်နှုန်း အားပျော့သွားစေမည့် ဖြစ်နိုင်ခြေနှင့် အရေးကြီးသည့် စီမံခန့်ခွဲမှုဆိုင်ရာ မက်လုံးပေးမှုများနှင့် သက်ဆိုင်သည့် သီးခြားကိစ္စရပ်တစ်ခုခြင်းစီအတွက်ဖြစ်စေ မူဝါဒဆိုင်ရာကိစ္စရပ်တစ်ခုလုံးအနေနှင့်ဖြစ်စေ ရှယ်ယာရှင်များ၏ သဘောတူညီမှုရသင့်သည်။ တည်ဆဲကျင့်သုံးနေသည့် မည်သည့် စနစ်မျိုး မဆိုအပြောင်းအလဲ ပြုလုပ်မည်ဆိုပါက ရှယ်ယာရှင်များ၏ သဘောတူခွင့်ပြုချက်ရယူသင့်သည်။

**၅။ ရှယ်ယာပိုင်ရှင်များသည် လူကိုယ်တိုင်ဖြစ်စေ၊ အဝေးရောက်ဖြစ်စေ မဲပေးပိုင်ခွင့် ရှိသင့်သည်။ ထို့ပြင် လူကိုယ်တိုင် မဲပေးသည်ဖြစ်စေ၊ အဝေးရောက်မဲပေးသည် ဖြစ်စေ တူညီသော အကျိုးသက်ရောက်မှု ရှိရမည်။**

ရှယ်ယာပိုင်ရှင်များ ပိုမိုပါဝင်စေရန် ကူညီပံ့ပိုးပေးသည့် ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံများစွာတွင် ဥပဒေဖြင့် ပြဌာန်းခြင်းဖြင့် နှင့်/သို့မဟုတ် ကုမ္ပဏီများက ဦးဆောင်ပြီး စတော့ဈေးကွက်တင်ထားသော ကုမ္ပဏီများအားလုံး၏ လုံခြုံသော အီလက်ထရောနစ် မဲပေးစနစ်များအသုံးပြုခြင်း အပါအဝင် မဲပေးရာတွင် သတင်းအချက်အလက်နည်းပညာကို မဖြစ်မနေ အသုံးပြုရန် တွန်းအားပေးသင့်ကြောင်း အကြံပြုသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဥပဒေသများအရ ညွှန်ကြားချက်ဖြင့် တစ်ဆင့်ခံမဲပေးပိုင်ခွင့်ကို ယေဘုယျအားဖြင့်လက်ခံအကြံပြုထားသည်။ အကယ်စင်စစ် ရင်နှီးမြှုပ်နှံသူများက အားကိုးအားထားပြုနိုင်သော ညွှန်ကြားချက်ဖြင့် တစ်ဆင့်ခံမဲပေးပိုင်ခွင့်ကို အာမခံနိုင်မည့် ရှယ်ယာပိုင်ရှင်များ၏ ရပိုင်ခွင့် အခွင့်အရေးများကို မြှင့်တင်ရန် နှင့် ကာကွယ်ပေးရန် အရေးကြီးသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် တစ်ဆင့်ခံ မဲပေးမှုများကို တစ်ဆင့်ခံ မဲပေးခိုင်းသည့် ရှယ်ယာရှင်များ၏ ညွှန်ကြားချက်များအတိုင်း အတိအကျမဲပေးနိုင်ရန် စီစဉ်ပေးထားသင့်သည်။ ကုမ္ပဏီများက ကိုယ်စားလှယ်မဲပေးမှုကို ခွင့်ပြုထားသည့်နိုင်ငံများတွင် အစည်းအဝေးသဘာပတိက သီးခြားညွှန်ကြားချက် မရှိသော ကိုယ်စားလှယ်များ (ကုမ္ပဏီက ပုံမှန်အားဖြင့် လက်ခံထားသည့် ရှယ်ယာပိုင်ရှင်ကိုယ်စားလှယ်များ) ၏ မဲပေးပိုင်ခွင့်အခွင့်အရေးအား မည်သို့ကျင့်သုံးမည်ကို ထုတ်ပြန်ကြေငြာပေးရန် အရေးကြီးပါသည်။ ကုမ္ပဏီ၏ ပင်စင်ရန်ပုံငွေ နှင့် ဝန်ထမ်းများ ရှယ်ယာပိုင်ဆိုင်မှု အစီအမံတို့အတွက် ဘုတ်အဖွဲ့ သို့မဟုတ် စီမံခန့်ခွဲရေး အဖွဲ့က တာဝန်ပေးထားသည့် ကိုယ်စားလှယ် မဲပေးမှုများအတွင်း မဲပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ထုတ်ပြန်သင့်သည်။ ကုမ္ပဏီပိုင်အဖြစ် ထိန်းသိမ်းထားသည့် treasury shares များ နှင့် ကုမ္ပဏီ၏ လုပ်ငန်းခွဲများက ပိုင်ဆိုင်ထားသည့် ရှယ်ယာများကို မဲပေးခွင့် မပေးသင့်သကဲ့သို့ အစည်းအဝေးအထမြောက်ရန် အနည်းဆုံးလိုအပ်သည့် ဦးရေပြည့်မီရန်အတွက် အိမ်ဖြည့်ရေတွက်ခြင်းမျိုး မပြုလုပ်ခြင်းသည် အလေ့အထကောင်းတစ်ခုအဖြစ် သတ်မှတ်ထားသည်။

**၆။ နိုင်ငံဖြတ်ကျော်မဲပေးခြင်းကိုတားဆီးသည့် အဟန့်အတားများကို ပယ်ဖျက်သင့်သည်။**

နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံသူများသည် မကြာခဏဆိုသလို သူတို့၏ ရှယ်ယာများကို အဆင့်ဆင့်သော ဘဏ္ဍာရေးကြားခံအဖွဲ့များမှ တစ်ဆင့် ရယူပိုင်ဆိုင်ထားကြသည်။ ရှယ်ယာထုတ်ရောင်းသည့် ကုမ္ပဏီမှာ တတိယနိုင်ငံတစ်ခုခုတွင် တည်ရှိကြသော်လည်း အဆိုပါရှယ်ယာများကို ပုံမှန်အားဖြင့် ရှယ်ယာ ရောင်းဝယ်ရေးကြားခံအဖွဲ့များ၏ စာရင်း (account) ထဲတွင် ထိန်းသိမ်းထားပြီး ထိုမှတဖန် ထိုပိုင်ဆိုင်မှုများကို အခြားနိုင်ငံများတွင် ဗဟိုရှယ်ယာအစုအဖွဲ့အဖြစ် စုဖွဲ့ပြီး စီမံကြသည်။ ထိုကဲ့သို့သော နိုင်ငံဖြတ်ကျော်ပြီး အဆင့်ဆင့်သော ရောင်းဝယ်ပိုင်ဆိုင်မှုဖြစ်စဉ်သည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအတွက် သူတို့၏ မဲပေးခွင့်ကို အပြည့်အဝအသုံးချရန် အခွင့်အရေးရရှိရန် နှင့် ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံသူနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များသည်လည်း အရေးပါသည့် စိန်ခေါ်မှုတစ်ခု ဖြစ်တော့သည်။ တိုတောင်းသည့် ကြိုတင်အသိပေးမှုကာလများအတွင်း ဆောင်ရွက်လေ့ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ သဘောသဘာဝများနှင့် ပေါင်းစပ်လိုက်သည့်အခါ ရှယ်ယာပိုင်ရှင်များသည် မကြာခဏဆိုသလို ကုမ္ပဏီများ၏ အစည်းအဝေးပွဲများ ဖိတ်ကြားလာမှုကို သင့်လျော်သည့်တုံ့ပြန်မှုများ ပြုလုပ်ရန်နှင့် သတင်းအချက်အလက်များပြည့်စုံစွာ ရရှိမှုအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်များ ချမှတ်ရန် ခက်ခဲသည့်အခြေအနေများ ဖြစ်လာသည်။ ထိုသို့သော

အခြေအနေများကြောင့် နိုင်ငံဖြတ်ကျော်မဲပေးမှုများပြုလုပ်ရန် ခက်ခဲလာစေသည်။ ဥပဒေ၊ နည်းဥပဒေ မူဘောင်များသည် နိုင်ငံဖြတ်ကျော်မဲပေးမှုများကို ထိန်းချုပ်ရန်အတွက် မည်သူက တာဝန်ရှိသည်ကို ရှင်းလင်းစွာ သတ်မှတ်ထားရန်နှင့် ရှယ်ယာများ စုစည်းပိုင်ဆိုင်မှုဆိုင်ရာ ကွင်းဆက်များ မည်သည့်အဆင့်တွင် ရှင်းလင်းရန် လိုအပ်သည်များကို သတ်မှတ်ထားရမည်။ ထို့အပြင် ကြိုတင်အကြောင်းကြားမှုများနှင့်အတူ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ပြည်တွင်း လုပ်ငန်းရှင်များနည်းတူ ၎င်းတို့ရင်းနှီး မြှုပ်နှံထားသည့် လုပ်ငန်းများကို ပိုင်ရှင်အဖြစ်လုပ်ကိုင် ဆောင်ရွက်သည့် လုပ်ငန်းရပ်များကို လုပ်ကိုင်ခွင့်ပြုရမည်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ ပိုမို မဲပေးခွင့် ရနိုင်စေရန်အတွက် ဥပဒေ၊ နည်းဥပဒေများနှင့် ကော်ပိုရေးရှင်းဆိုင်ရာလုပ်ထုံးလုပ်နည်း များက ၎င်းတို့ကိုခွဲခြားဆက်ဆံရမည့် အခြေအနေများမှ လွတ်ကင်းစေသည့် အီလက်ထရောနစ် နည်းလမ်းဖြင့် ပါဝင်ခွင့်များကို ခွင့်ပြုပေးသင့်သည်။

**ဃ။ အဖွဲ့အစည်းဆိုင်ရာ ရှယ်ယာရှင်များအပါအဝင် ရှယ်ယာပိုင်ရှင်များသည် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ဥပဒေသများအရ အလွဲသုံးစားပြုမှုကို ကာကွယ်ပေးထားသည့် ခြွင်းချက်များမှ လွဲ၍ ၎င်းတို့၏ ရှယ်ယာပိုင်ဆိုင်မှုဆိုင်ရာ အခြေခံရပိုင်ခွင့်များနှင့် ပတ်သက်ပြီး ရှယ်ယာပိုင်ဆိုင်သူများအချင်းချင်း ဆွေးနွေးမှုကို ခွင့်ပြုသင့်သည်။**

ပိုင်ဆိုင်သူဦးရေ နည်းပါးသည့် ကုမ္ပဏီများမှ တစ်ဦးချင်း ရှယ်ယာပိုင်ရှင်များသည် ကုမ္ပဏီ၏ လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန်နှင့် ကုမ္ပဏီ၏စွမ်းဆောင်ရည်ကို စောင့်ကြည့်ကွပ်ကဲနိုင်ရန်အတွက် လိုအပ်သည့် ကုန်ကျစရိတ်များကို ကျခံနိုင်ရန် အခြေအနေမရှိကြောင်းကို အသိအမှတ်ပြု လက်ခံထားကြသည်။ ထို့အပြင် အကယ်၍ ထိုရှယ်ယာ အနည်းငယ်သာပိုင်ဆိုင်သည့် ရှယ်ယာရှင်များက ထိုကဲ့သို့သော ကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံသည့်အခါ အခြားသူများက ထိုသို့ ပါဝင်ရင်းနှီးမြှုပ်နှံမှုမရှိဘဲ အကျိုးအမြတ်များ ရသွားနိုင်သည်။ (အချောင်သမားများကို ဆိုလိုသည်။) ဤသက်ရောက်မှုက စောင့်ကြည့်ကွပ်ကဲမှု လုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ဝင်စားမှုကို လျော့ပါးစေနိုင်သည်။ အထူးသဖြင့် ကုမ္ပဏီတစ်ခုခုတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးပြီး ရင်းနှီးမြှုပ်နှံရန် သို့မဟုတ် ကုမ္ပဏီအများအပြားတွင် ဖြန့်ခွဲပြီး ရင်းနှီးမြှုပ်နှံရန် ဘဏ္ဍာရေး ဆိုင်ရာလုပ်ငန်းများကို ဝန်ဆောင်မှုပေးရသည့် အဖွဲ့အစည်းများအနေဖြင့် ပြဿနာမရှိနိုင်ပေ။ သို့ရာတွင် ရှယ်ယာအများအပြား ပိုင်ဆိုင်ထားသည့်အတွက် အခြားကုန်ကျစရိတ်များ မြင့်မားနေနိုင်သေးသည်။ အခါများစွာတွင် အဖွဲ့အစည်း ရင်းနှီးမြှုပ်နှံသူများသည် အဆိုပါ အခြေအနေများ မကြုံတွေ့နိုင်ရန် ကန့်သတ်ထားပြီး ထိုအခြေအနေမှာ ထိုကုမ္ပဏီများ၏ စွမ်းဆောင်ရည်ထက် ကျော်လွန်နေခြင်း သို့မဟုတ် ကုမ္ပဏီတစ်ခုထဲတွင် စုပုံရင်းနှီးရန်လိုအပ်သည့် အခြေအနေတွင်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုများကို ဖြန့်ခွဲပြုလုပ်ရန် တွန်းအားပေးသည့် အဆိုပါအချိုးမညီသည့် အခြေအနေကို ကျော်လွှားရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့အစည်းများကို ဘုတ်အဖွဲ့ဝင် အမည်စာရင်း တင်သွင်းခြင်းနှင့် ရွေးကောက်တင်မြှောက်ခြင်း၊ ရှယ်ယာရှင်များ အစည်းအဝေး၏ အစည်းအဝေးအစီအစဉ်များတွင် ပါဝင်ဆွေးနွေးခွင့်၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခွင့်နှင့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန် လာစေရန်အတွက် ကုမ္ပဏီနှင့် တိုက်ရိုက်ဆွေးနွေးခွင့်များကို ခွင့်ပြုပေးသင့်သလို ထိုသို့ ဆောင်ရွက်ရန်လည်း တွန်းအားပေးသင့်သည်။ ပို၍ ခြုံငုံပြီးဆိုရလျှင် ရှယ်ယာပိုင်ရှင်များသည် ကြားခံအကျိုးဆောင်များမှတစ်ဆင့် ရှုံးလုပ်ထုံးဆန်လွန်းသည့် လုပ်ထုံးလုပ်နည်းများနှင့် မဆောင်ရွက်ဘဲ ရှယ်ယာပိုင်ရှင်အချင်းချင်း တစ်ဦးနှင့်တစ်ဦး တိုက်ရိုက်ဆက်သွယ်မှုကို ခွင့်ပြုသင့်ပါသည်။

သို့ရာတွင် ရင်းနှီးမြှုပ်နှံသူများအကြား ပူးပေါင်းဆောင်ရွက်မှုသည် ဈေးကွက်ကို လိုသလို ကစားရန်

နှင့် ကုမ္ပဏီတစ်ခုလုံးကို ဝယ်ယူခြင်းနှင့် သက်ဆိုင်သည့် သို့မဟုတ် သတင်းထုတ်ပြန်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို မလိုက်နာဘဲ ကုမ္ပဏီတစ်ခုအပေါ် ထိန်းချုပ်မှု ပြုလုပ်ရန်လည်း ပူးပေါင်းဆောင်ရွက်လေ့ ရှိကြောင်းကိုလည်း အသိအမှတ်ပြု လက်ခံထားရမည်ဖြစ်သည်။ ထို့အပြင် ထိုသို့ ပူးပေါင်းဆောင်ရွက်မှုသည် ပြိုင်ဆိုင်မှုဆိုင်ရာဥပဒေကို ရှောင်ကွင်းရန် ရည်ရွယ်ခြင်းမျိုးလည်းဖြစ်နိုင်သည်။ သို့သော် ကော်ပိုရေးရှင်းကို ထိန်းချုပ်လိုမှု သို့မဟုတ် ဈေးကွက်ထိရောက်စွာ မောင်းနှင်နိုင်မှုနှင့် မျှတမှုတို့တွင် စိုးရိမ်စရာပဋိပက္ခများမရှိလျှင် ရှယ်ယာရှင်များအကြား ပူးပေါင်းဆောင်ရွက်မှုသည် ပို၍ထိရောက်သော ပိုင်ဆိုင်မှုဆိုင်ရာ အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ ရှယ်ယာပိုင်ရှင်များအကြား ရှင်းလင်းသည့် ပူးပေါင်းမှုများ ဖြစ်ပေါ်လာစေရန် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ကြီးကြပ်ပေးသည့် အေဂျင်စီများက ကုမ္ပဏီတစ်ခုလုံးကို ဝယ်ယူမှုနှင့် အခြားစည်းမျဉ်းများဆက်စပ်မှုတို့တွင် အချင်းချင်းလက်ဝါးရိုက် လုပ်ဆောင်မှုမျိုးရှိခြင်း သို့မဟုတ် မရှိခြင်းတို့ကိုရှင်းလင်းစွာ သိသာစေရန် ပူးပေါင်းဆောင်ရွက်မှု နှင့် သဘောတူညီချက်များဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ထားနိုင်သည်။

**င။ ရှယ်ယာအတန်းအစားတစ်ခု၏ တူညီသော စံသတ်မှတ်ထားသည့် အုပ်စုတစ်ခုတွင်းရှိ ရှယ်ယာပိုင်ရှင်များအားလုံးကို တန်းတူညီမျှ ဆက်ဆံသင့်ပါသည်။ အချို့သော ရှယ်ယာပိုင်ရှင်များအနေဖြင့် ကုမ္ပဏီအပေါ် သြဇာလွှမ်းမိုးမှု ပြုနိုင်သည့် အတိုင်းအတာ သို့မဟုတ် အချိုးမညီသော တဖက်သတ်ထိန်းချုပ်ခွင့် ရရှိစေသည့် သူတို့၏ ရှယ်ယာပိုင်ဆိုင်မှု ပုံစံနှင့် အစီအမံများကို ထုတ်ပြန်ပေးရမည်။**

**၁။ မည်သည့် အမျိုးအစားတွင်ပါဝင်သည်ဖြစ်စေ ရှယ်ယာအစုအားလုံးသည် တူညီသော အခွင့်အရေးများ ရရှိထားသင့်သည်။ ရင်းနှီးမြှုပ်နှံသူများသည် ရှယ်ယာများ မဝယ်ယူခင် ရှယ်ယာအမျိုးအစားအားလုံးနှင့် ပတ်သက်သည့် ရပိုင်ခွင့်များနှင့် သတင်းအချက်အလက်ကို ရရှိနိုင်ရမည်။ စီးပွားရေး သို့မဟုတ် မဲပေးမှုဆိုင်ရာ အခွင့်အရေးများ၏ မည်သည့် အပြောင်းအလဲကြောင့်မဆို ထိခိုက်နစ်နာမှုခံရပါက ထိုထိခိုက်နစ်နာသည့် ရှယ်ယာအတန်းအစားများ၏ အတည်ပြုမှုကို ရရှိသင့်သည်။**

အဖွဲ့အစည်းတစ်ခု၏ အသင့်တော်ဆုံး ငွေကြေးအရင်းအနှီး ဖွဲ့စည်းတည်ဆောက်ပုံကို စီမံခန့်ခွဲရေး နှင့် ဘုတ်အဖွဲ့က အကောင်းဆုံး ဆုံးဖြတ်ပေးပြီး ရှယ်ယာပိုင်ရှင်များမှ အတည်ပြုချက်ရရှိရမည်။ အချို့သော ကုမ္ပဏီများသည် ဦးစားပေး အစုရှယ်ယာများ (preferred သို့မဟုတ် preference) ထုတ်ရောင်းထားသည်။ ထိုရှယ်ယာများသည် အဖွဲ့အစည်း၏ အကျိုးအမြတ်များ ထုတ်ယူရာတွင် ဦးစားပေးလက်ခံရရှိသော်လည်း ပုံမှန်အားဖြင့် မဲပေးပိုင်ခွင့်ကို ကန့်သတ်ထားသည် သို့မဟုတ် မဲပေးပိုင်ခွင့်မရှိပါ။ ကုမ္ပဏီများသည် မဲပေးပိုင်ခွင့် အပြည့်အဝရှိသည့် ရှယ်ယာများ၏ တန်ဖိုးမတူညီ ဈေးနှုန်းဖြင့် အရောင်းအဝယ်သက်သေခံလက်မှတ် သို့မဟုတ် မဲပေးခွင့်ကန့်သတ်ချက်ရှိသော ရှယ်ယာများ သို့မဟုတ် မဲပေးခွင့် လုံးဝမရှိသော ရှယ်ယာများ အစရှိသည်ဖြင့် ထုတ်ရောင်းချလေ့ရှိပါသည်။ ထိုသို့ ရှယ်ယာပုံစံအမျိုးမျိုး ကွဲပြားစွာ ရောင်းချခြင်းသည် ကုမ္ပဏီအတွက် အကောင်းဆုံးသော အကျိုးစီးပွားဖြစ်စေပြီး ဘဏ္ဍာငွေရှာဖွေမှုကုန်ကျစရိတ် အသက်သာဆုံးနည်းလမ်းနှင့် ဆုံးရှုံးနိုင်ခြေများကို ဖြန့်ခွဲပြီး လျှော့ချနိုင်ခြင်း နှင့် အကျိုးအမြတ်များရရှိစေရန် အထောက်အကူပြုပါသည်။

ရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမှု မပြုခင် သူတို့၏ မဲပေးပိုင်ခွင့် အခွင့်အရေး နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြလိမ့်မည်ဟု မျှော်လင့်ထားနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံပြီးသည်နှင့် ဆုံးဖြတ်ချက်များ

ချမှတ်ရာတွင် ပါဝင်မဲပေးနိုင်သည့် ရှယ်ယာပိုင်ဆိုင်ထားသူမဟုတ်ခဲ့လျှင် သူတို့၏ ရပိုင်ခွင့်များသည် ပြောင်းလဲမှုများ မရှိသင့်ပေ။ အမျိုးအစားမတူသော ရှယ်ယာများ၏ မဲပေးပိုင်ခွင့် အခွင့်အရေး ပြောင်းလဲရန် အဆိုပြုချက်ကို နှစ်ပတ်လည်သင်းလုံးကျွတ်ရှယ်ယာရှင်အစည်းအဝေးကို တင်ပြပြီး အကျိုးသက်ရောက်မှု ခံရသည့် ရှယ်ယာရှင်အများစု (သာမန်အားဖြင့် မြင့်မားသောထောက်ခံမဲဖြင့်) အတည်ပြုချက် ရယူသင့်သည်။

### ၂။ ငွေကြေးအရင်းအနှီးဖွဲ့စည်းပုံနှင့် ထိန်းချုပ်ရေး အစီအမံများနှင့် ပတ်သက်သည့် သတင်း ထုတ်ပြန်မှုမှာ မဖြစ်မနေ ဆောင်ရွက်ရမည့် လိုအပ်ချက် ဖြစ်သင့်သည်။

အချို့သောငွေကြေးအရင်းအနှီး ဖွဲ့စည်းပုံအရ ရှယ်ယာပိုင်ရှင်တစ်ဦး အနေဖြင့် ကုမ္ပဏီ၏ ရှယ်ယာ ပိုင်ဆိုင်မှုနှင့် အချိုးညီမျှမှု မရှိသည့် ထိန်းချုပ်ခွင့်ကို အတိုင်းအတာတစ်ခုအထိ သုံးရန်ခွင့်ပြုကြသည်။ ပိရမစ်ဖွဲ့စည်းပုံများ၊ အပြန်အလှန် ရှယ်ယာပိုင်ဆိုင်မှုနှင့် မဲပေးခွင့်အကန့်အသတ်ရှိသော သို့မဟုတ် မဲများစွာပေးနိုင်ခွင့်များသည် ထိန်းချုပ်နိုင်ခြင်းမရှိသော ရှယ်ယာပိုင်ရှင်များ ကုမ္ပဏီ၏ မူဝါဒအပေါ် လွှမ်းမိုးနိုင်စွမ်းကို လျော့ကျသွားစေရန် အသုံးပြုနိုင်သည်။

ပိုင်ဆိုင်မှုဆိုင်ရာ ပတ်သက်ဆက်နွယ်မှုများအပြင်၊ အခြားနည်းလမ်း အစီအမံများသည်လည်း ကော်ပိုရေးရှင်းအပေါ် ထိန်းချုပ်မှုများကို အကျိုးသက်ရောက်မှုရှိနိုင်သည်။ ရှယ်ယာပိုင်ရှင်များ၏ သဘောတူညီမှုသည် ရှယ်ယာပိုင်ရှင်အုပ်စုများ၏ အတွေ့ရများသော နည်းလမ်းတစ်ခုဖြစ်ပြီး ရှယ်ယာ အနည်းငယ်ကိုသာ ပိုင်ဆိုင်ထားသော ရှယ်ယာရှင်များသည် ထိရောက်သော အများစုဖြစ် နိုင်ရန်အတွက် အခြားရှယ်ယာရှင်များနှင့်ပူးပေါင်းခြင်းနှင့် သို့မဟုတ် တစ်စုတစ်စည်းထဲရှိသော ရှယ်ယာပိုင်ရှင်အစုအဖွဲ့ဖြစ်စေနိုင်ပါသည်။ ထိုသဘောတူညီချက်များတွင်ရှယ်ယာပိုင်ရှင်များအကြား တဖက်ဖက်က ရှယ်ယာရောင်းချလိုလျှင် အထူးအခွင့်အရေးပေးပြီး ဝယ်ယူခွင့်ပေးလေ့ရှိသည်။ ထို့အပြင် သဘောတူညီချက်ကို လက်ခံသည့်သူများအနေဖြင့် ၎င်းတို့ပိုင်ဆိုင်သည့် ရှယ်ယာများအား သတ်မှတ်ကာလတစ်ခုအတွင်း ပြန်လည်ရောင်းချခြင်းကို ကန့်သတ်ထားသည့် ကန့်သတ်ချက်များ လည်းပါဝင်နိုင်သည်။ ရှယ်ယာပိုင်ရှင် သဘောတူညီမှုများသည် ဘုတ်အဖွဲ့ဝင်များ သို့မဟုတ် ဥက္ကဋ္ဌကို မည်သို့ရွေးချယ်မည်ဆိုသည့် သဘောတူညီချက်များလည်း ပါဝင်တတ်သည်။ ထိုသဘော တူညီမှုများတွင် ရှယ်ယာရှင်များက အကြောင်းအရာတစ်ခုခုအတွက် တစ်လုံးတစ်စည်းတည်း မဲ ပေးရန်လည်း တာဝန်ရှိသည်ဆိုသည့်အချက်ကိုလည်း ထည့်သွင်းထားနိုင်သည်။ အချို့နိုင်ငံများသည် ထိုကဲ့သို့သော သဘောတူညီချက်များကို နီးနီးကပ်ကပ်စောင့်ကြည့်ရန်နှင့် ထိုကဲ့သို့သော သဘော တူစာချုပ်များ၏ အချိန်ကာလအပိုင်းအခြားကို ကန့်သတ်ရန်လိုအပ်ကြောင်း တွေ့ရှိခဲ့ကြသည်။

အမြင့်ဆုံးမဲပေးပိုင်ခွင့် (Voting caps) က ရှယ်ယာပိုင်ရှင်တစ်ဦး၏ အမှန်တကယ်ပိုင်ဆိုင်သည့် ရှယ်ယာပမာဏ မည်မျှပင်ရှိစေ ၎င်းရှယ်ယာပိုင်ရှင်ထည့်နိုင်သည့် အမြင့်ဆုံး မဲပေးနိုင်သည့် အရေ အတွက်ကို ကန့်သတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အမြင့်ဆုံးမဲပေးပိုင်ခွင့် (Voting caps) သည် ထိန်းချုပ်မှုကို ပြန်လည်ဖြန့်ခွဲပေးပြီး ရှယ်ယာပိုင်ရှင် အစည်းအဝေးပွဲအတွင်း ရှယ်ယာပိုင်ရှင်များ ပိုမိုပါဝင်လာစေရန် ဆွဲဆောင်မှုဖြစ်စေပါသည်။

ကုမ္ပဏီမူဝါဒအပေါ် ရှယ်ယာပိုင်ရှင်များ၏ ဩဇာလွှမ်းမိုးမှုကို ပြန်လည် ဖြန့်ဝေပေးနိုင်သည့် ဤ နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်များကို သိရှိကြသည့်အားလျော်စွာ အဆိုပါ အရင်းအနှီး ဖွဲ့စည်းပုံနှင့် အစီအမံများကို ရှယ်ယာပိုင်ရှင်များသိရှိစေရန် မဖြစ်မနေထုတ်ပြန်ပေးရန် လိုအပ်ပါ

သည်။ ထိုကဲ့သို့သော အစီအမံများကို သတင်းထုတ်ပြန်ပေးမှုသည် ရှယ်ယာပိုင်ရှင်များနှင့် အလားအလာ ရှိသော ရင်းနှီးမြှုပ်နှံသူများအတွက် သတင်းအချက်အလက်များကို အခြေခံသည့် ဆုံးဖြတ်ချက်ချခွင့်များ ရရှိစေပါသည်။ (အခန်း ၅ ၏ အပိုင်း ၃ တွင်ကြည့်ပါ။)

**စ။ ဆက်နွယ်သူများအချင်းချင်းအရောင်းအဝယ်ပြုလုပ်မှုများသည်အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်စေပြီးနှင့် ကုမ္ပဏီနှင့် ၎င်း၏ရှယ်ယာပိုင်ရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် သင့်လျော်သော စီမံခန့်ခွဲမှုများဖြင့် သေချာစွာဆောင်ရွက်ပြီး သဘောတူခွင့်ပြုသင့်သည်။**

**၁။ ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်မှုများကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်မှုကို ကိုင်တွယ်ဖော်ထုတ် ဖြေရှင်းသင့်သည်။**

ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်မှုသည့် အလွဲသုံးစားမှု ပြုလုပ်နိုင်ခြေများသဖြင့် ဈေးကွက်အားလုံးတွင် အရေးကြီးသော မူဝါဒပြဿနာဖြစ်လာသည်။ အထူးသဖြင့် ကော်ပိုရေးရှင်းဆိုင်ရာ ပိုင်ဆိုင်မှုများ တစ်နေရာထဲတွင် စုပြုံနေခြင်းနှင့် ကော်ပိုရေးရှင်းများကို အစုအဖွဲ့လိုက် ပိုင်ဆိုင်သည့် နေရာများတွင် ပိုမိုထင်ရှားစွာ တွေ့မြင်ရလေ့ရှိသည်။ ထိုကဲ့သို့သော အရောင်းအဝယ်များကို တားမြစ်ခြင်းသည် ပုံမှန်အားဖြင့် ပြဿနာကိုပြေလည်အောင် ဖြေရှင်းခြင်း မဟုတ်ဘဲ ထို အရောင်းအဝယ်များကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ အကျိုးစီးပွားဆန့်ကျင်ဖီလာ ဖြစ်မှုကို လိုအပ်သလို စောင့်ကြည့်ကွပ်ကဲမှုနှင့် သတင်းထုတ်ပြန်ချက်များ အပါအဝင် လုံလောက်စွာ ဖြေရှင်းထားနိုင်လျှင် ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်မှုများသည် မှားယွင်းသည့်လုပ်ရပ် မဟုတ်ပေ။ အထူးသဖြင့် အဆိုပါ ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်မှုများက ဝင်ငွေ နှင့်/သို့မဟုတ် ကုန်ကျစရိတ်များ ရရှိနေပါက ပို၍အရေးကြီးသည့် အနေအထား ဖြစ်လာတော့သည်။

နိုင်ငံများသည် အဆိုပါ အရောင်းအဝယ်ကိစ္စရပ်များကို ရှင်းလင်းစွာ သိရှိနိုင်စေရန် ထိရောက်သော စည်းမျဉ်းစည်းကမ်းမူဘောင်တစ်ခုကို ချမှတ်ထားသင့်သည်။ ထိုမူဘောင်ထဲတွင် ဆက်နွယ်သူများ အချင်းချင်း ဆိုသည်ကို မည်သို့နားလည်သဘောပေါက်ထားသည်ကို ကျယ်ပြန့်ပြီး တိကျသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ ပါဝင်သည်။ ထို့အပြင် အရောင်းအဝယ်ပမာဏက ကြိုတင်သတ်မှတ်ထားသည့် ပမာဏတစ်ခုထက် များပြားခြင်း မရှိသည့်အခါ နှင့် ဈေးကွက်က သဘောတူ လက်ခံသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီနေခြင်း သို့မဟုတ် အချင်းချင်းလက်ဝါးရိုက် အရောင်းအဝယ်ပြုလုပ်နိုင်လောက်သည့် အကျိုးစီးပွားမပါဝင်သော ကုမ္ပဏီခွဲတစ်ခုခုနှင့် အရောင်းအဝယ်ပြုလုပ်ခြင်း စသည့် အခြေအနေများကိုလည်း ဆက်နွယ်သူများအချင်းချင်း ရောင်းဝယ်သည့် စာရင်းမှ ဖယ်ထားသင့်သည်။ ဆက်နွယ်သူများအချင်းချင်း ရောင်းဝယ်မှု တစ်ခုခုကို ဖော်ထုတ်တွေ့ရှိပါက တရားစီရင်ရေးမဏ္ဍိုင်အနေဖြင့် မလိုလားအပ်သည့် အလားအလာများ အနည်းဆုံးဖြစ်အောင် ဖြေရှင်းနိုင်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ရမည်။ နိုင်ငံအတော်များများတွင် ဘုတ်အဖွဲ့၏ သဘောတူညီချက်ကို ကျယ်ပြန့်စွာ အလေးထားကြပြီး သို့မဟုတ် ကုမ္ပဏီ၏ အကျိုးစီးပွားအလို့ငှာ အဆိုအပါ အရောင်းအဝယ်များကို ဘုတ်အဖွဲ့၏ သုံးသပ်ချက်ကို လိုအပ်ချက်တစ်ခုအနေနှင့် ထားရှိကြသည်။ အချို့ကုမ္ပဏီများတွင် ရှယ်ယာပိုင်ရှင်များကို ထိုကဲ့သို့သော အရောင်းအဝယ်များတွင် ပြောရေးဆိုခွင့်ပေးထားကြပြီး ထိုအခါမျိုးတွင် အရောင်းအဝယ်မှ အကျိုးခံစားခွင့်ရရှိသည့် ရှယ်ယာပိုင်ရှင်များကို ချန်လှပ်ထားခဲ့ကြသည်။

**၂။ ဘုတ်အဖွဲ့ဝင်များနှင့် အမိကအမှုဆောင်များက တိုက်ရိုက်၊ သွယ်ဝိုက် သို့မဟုတ် တတိယအဖွဲ့များနှင့် ဆောင်ရွက်နေသည့် ရှယ်ယာအရောင်းအဝယ်ဖြစ်စဉ်များတွင် ၎င်းတို့၏ အရေးပါသည့်အကျိုးစီးပွားများ ပါဝင်နေမှု သို့မဟုတ် ကော်ပိုရေးရှင်းကို တိုက်ရိုက် အကျိုးသက်ရောက်မှုရှိသည့် အရေးကိစ္စများကို သတင်းထုတ်ပြန်ပေးရန် လိုအပ်ချက်အဖြစ် သတ်မှတ်ထားရှိသင့်သည်။**

ဘုတ်အဖွဲ့ဝင်များ၊အရေးကြီးအမှုဆောင်များနှင့် အချို့နိုင်ငံများတွင် ထိန်းချုပ်ရှယ်ယာ ပိုင်ဆိုင်ထားသည့် ရှယ်ယာပိုင်ရှင်များသည် ၎င်းတို့အနေဖြင့် အရောင်းအဝယ်ကိစ္စရပ်တစ်ခုခု ကို ဆုံးဖြတ်ချက်ပေးရာတွင် အကျိုးသက်ရောက်မှုရှိနိုင်သည့် သို့မဟုတ် ကုမ္ပဏီကို အကျိုးသက်ရောက်မှု ရှိစေနိုင်သည့် အခြားပြင်ပစီးပွားရေးလုပ်ငန်းများရှိနေခြင်း၊ ကုမ္ပဏီပြင်ပတွင်မိသားစု သို့မဟုတ် သာမန်ထက်ထူးခြားသည့် ဆက်နွယ်မှုများရှိနေပါက ဘုတ်အဖွဲ့ကို တင်ပြအကြောင်းကြားထားရမည်။ ထိုကဲ့သို့သော အထူးဆက်နွယ်မှုများတွင် အမှုဆောင်နှင့် ဘုတ်အဖွဲ့ဝင်များက ကုမ္ပဏီ၏ ထိန်းချုပ်ရှယ်ယာ ပိုင်ဆိုင်ထားပြီး ထိန်းချုပ်မှုကိုလည်း ဆောင်ရွက်နိုင်သည့် ရှယ်ယာပိုင်ရှင်တစ်ဦးဦး နှင့် ရင်းနှီးဆက်နွယ်မှုမှ တဆင့် ကုမ္ပဏီနှင့် ပတ်သက်နေသည့် အခြေအနေများလည်း ပါဝင်သည်။ အရေးကြီးသည့် ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်ကို ကြေညာထားသည့် ဘုတ်အဖွဲ့ဝင်ကို အဆိုပါ အရောင်းအဝယ် ကိစ္စရပ်များအတွက် အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်ရန် ရှိပါက သို့မဟုတ် အရေးကိစ္စများရှိလာပါက မပါဝင်စေခြင်းသည် ကောင်းမွန်သော အလေ့အထတစ်ခု ဖြစ်ပြီး အထူးသဖြင့် အဆိုပါကြေငြာထားသူ၏ ကိုယ်ရေးအကျိုးစီးပွားနှင့်/သို့မဟုတ် ကုမ္ပဏီ ၏ အကျိုးစီးပွား ချိန်ထိုးဆုံးဖြတ်ရမည့်အခြေအနေများ ရှိလာပါက အရောင်းအဝယ်၏ သတ်မှတ်စည်းမျဉ်းများ အတိုင်းသာ ဆောင်ရွက်သင့်သည်။

**ဆ။ ရှယ်ယာအနည်းစုသာ ပိုင်ဆိုင်သော ရှယ်ယာပိုင်ရှင်များကို ထိန်းချုပ်ရှယ်ယာရှင်များက ၎င်းတို့အကျိုးစီးပွားအတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သည့် နည်းလမ်းများနှင့် အလွဲသုံးစားပြု လုပ်ဆောင်ခြင်းများမှ ကာကွယ်ပေးသင့်ပြီး ထိရောက်သော ကုစားသည့် နည်းများ ချမှတ်ထားသင့်သည်။ တရားနည်းလမ်းမကျသည့် မိမိဘာသာ အရောင်း၊ အဝယ် ပြုလုပ်ခြင်းမျိုးကို တားမြစ်သင့်သည်။**

များစွာသောအများပိုင်ကုမ္ပဏီများတွင် ရှယ်ယာအများစုပိုင်ဆိုင်ပြီး ကုမ္ပဏီကို ထိန်းချုပ်နိုင်သည့် ရှယ်ယာပိုင်ရှင်များ ရှိတတ်သည်။ ထိန်းချုပ်နိုင်သည့် ရှယ်ယာရှင် ရှိခြင်းသည့် အနီးကပ်စောင့်ကြည့်ကွပ်ကဲမှုဖြင့် အေဂျင်စီပြဿနာကို လျှော့ချနိုင်သော်လည်း ဥပဒေနှင့် စည်းမျဉ်းထိန်းကျောင်းမှုမှုဘောင် အားနည်းချက်ရှိလျှင် ကုမ္ပဏီအတွင်း အခြားရှယ်ယာရှင်များအပေါ် အလွဲသုံးစားပြုမှုများ ဖြစ်လာစေနိုင်သည်။ ထိန်းချုပ်ထားသည့် ရှယ်ယာရှင်များ အပါအဝင် ကုမ္ပဏီဖြင့် နီးစပ်သည့် ဆက်ဆံရေး ရှိသောပုဂ္ဂိုလ်များသည် ထိုဆက်ဆံရေးကို အသုံးချပြီး ကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံသူများကို ထိခိုက်စေသည့်နည်းဖြင့် တရားနည်းလမ်းမကျသည့် မိမိဘာသာ အရောင်းအဝယ်ပြုလုပ်ခြင်းများ ပြုလုပ်လာနိုင်သည်။

ထိန်းချုပ်ရှယ်ယာရှင်များက ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုကို ခွဲခြားထားသည့် ပိရမစ်ဖွဲ့စည်းပုံ သို့မဟုတ် မဲပေးခွင့် အများအပြားရရှိထားသည့် လုပ်ထုံးလုပ်နည်းများကို အမြတ်ထုတ်အသုံးချပြီး ပိုင်ရှင်အဖြစ် ခံယူကာ မလျော်ကံသောစွန့်စားမှုများ ဆောင်ရွက်နိုင်သော ထိန်းချုပ်နိုင်သည့် အဆင့်တစ်ခုကို ဥပဒေက ခွင့်ပြုပြီး ဈေးကွက်က လက်ခံထားသည့်အခါ အလွဲသုံးစားလုပ်နိုင်သည့် အလားအလာ

ပိုများသည်ဟု သတ်မှတ်ကြသည်။ ထိုကဲ့သို့သော အလွဲသုံးစားပြုမှုကို နည်းလမ်းများစွာဖြင့် အလုပ်ခန့်အပ်ထားသော ၎င်းတို့၏ မိသားစုဝင်နှင့် မိတ်ဆွေအပေါင်းအပါတို့အတွက် များပြားသည့် လုပ်ခလစာနှင့် ဆုကြေးငွေများပေးခြင်းကဲ့သို့သော တိုက်ရိုက် ပုဂ္ဂိုလ်ရေး အကျိုးအမြတ်များ ရယူခြင်း၊ မလျော်ကန်သော ဆက်နွယ်သူများ အချင်းချင်း အရောင်းအဝယ်ပြုလုပ်ခြင်းများ၊ လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်အတွင်းတွင် အကွက်ချစီမံပြီး ဘက်လိုက်မှုပြုလုပ်ခြင်း၊ ထိန်းချုပ်ရှယ်ယာရှင်များကို မျက်နှာသာပေးသည့် အထူးရှယ်ယာထုတ်ရောင်းမှုမှတစ်ဆင့် ကုမ္ပဏီ၏ ငွေကြေးအရင်းအနှီးဖွဲ့စည်းပုံ ပြောင်းလဲခြင်း စသည်တို့အပါအဝင်ဖြစ်သည်။

သတင်းထုတ်ပြန်မှုအပြင် အနည်းစုသော ရှယ်ယာရှင်များကို ကာကွယ်ခြင်း၏ အဓိက သော့ချက်မှာ ဘုတ်အဖွဲ့ဝင်များက ကုမ္ပဏီ နှင့် ရှယ်ယာပိုင်ရှင်များအားလုံးသို့ ရှင်းလင်းပြတ်သားစွာ သစ္စာရှိရန် တာဝန်ရှိကြောင်း ထုတ်ပြန်ကြေငြာချက်ဖြစ်သည်။ အမှန်တကယ်တွင် ရှယ်ယာအနည်းငယ်ပိုင်ဆိုင်သူများအပေါ် အလွဲသုံးစားပြုမှုများနှင့်ပတ်သက်လျှင် တရားဥပဒေ နှင့် လုပ်ထုံးလုပ်နည်းမူဘောင်များ အားနည်းသည့် နိုင်ငံများတွင် ပို၍သိသာစွာ ဖြစ်ပေါ်လေ့ရှိသည်။ ကုမ္ပဏီအုပ်စုများကြီးစိုးထားသည့် နိုင်ငံအချို့တွင်ထူးခြားသည့် ပြဿနာများ ရှိနေတတ်ပြီး အဆိုပါနိုင်ငံများတွင် ဘုတ်အဖွဲ့ဝင်တစ်ဦး၏ သစ္စာခံမှုတာဝန်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားခြင်းမရှိခြင်းနှင့် တခါတရံ အုပ်စု တစ်ခုလုံးအပေါ် သစ္စာခံရမည်ဟုပင် သတ်မှတ်ထားသည်။ ဤကဲ့သို့သော ကိစ္စများတွင် အချို့နိုင်ငံများသည် အခြားအုပ်စုတစ်ခုအတွက် မျက်နှာသာပေးသည့် အရောင်းအဝယ်တစ်ခု ပြုလုပ်ပါက အုပ်စုအတွင်း အခြားကုမ္ပဏီများထံမှ ရရှိလာမည့်သက်ဆိုင်ရာ အကျိုးအမြတ်ကာမိစေရန် သတ်မှတ်ချက်များ ချမှတ်ထားခြင်း အပါအဝင် မလိုလားအပ်သော အကျိုးသက်ရောက်မှုများကို တားဆီးထိန်းချုပ်ရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားကြသည်။

ရှယ်ယာအနည်းစုပိုင်ရှင်များကို ကာကွယ်ပေးသည့် စည်းမျဉ်းများတွင် ထိရောက်မှုရှိသည့် ကြိုတင်စီမံသည့် အစီအမံများတွင် ရှယ်ယာထုတ်ဝေမှုနှင့် ပတ်သက်သည့် ကြိုတင်လက်ဦးမှုယူသည့် အခွင့်အရေးများ၊ အရေးကြီးဆုံးဖြတ်ချက်များအတွက် လိုအပ်သည့် အရည်အချင်းပြည့်မီသည့် မဲအများစု လိုအပ်ချက်ပမာဏကို သတ်မှတ်ခြင်း နှင့် ဘုတ်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ရာတွင် စုပေါင်းမဲပေးသည့် စနစ်ဖြင့် ဘုတ်အဖွဲ့ဝင်များကို ရွေးချယ်ခြင်းတို့ပါဝင်သည်။ အချို့သောအခြေအနေများနှင့် အချို့နိုင်ငံများတွင် ထိန်းချုပ်ရှယ်ယာရှင်များကို ကုမ္ပဏီ၏ လက်ကျန်ရှယ်ယာများကို သီးခြားလွတ်လပ်သည့် အဖွဲ့က ဈေးဖြတ်ထားသည့် ဈေးကွက်တွင် လက်ခံပြီးဖြစ်သည့် ဈေးနှုန်းဖြင့် ဝယ်ယူစေခြင်း သို့မဟုတ် ဝယ်ယူရန်ခွင့်ပြုသည်။ ဤနည်းလမ်းသည် ထိန်းချုပ်ရှယ်ယာရှင်များက လုပ်ငန်းကြီးတစ်ခုကို အများပိုင်ကုမ္ပဏီအဖြစ် ဈေးကွက်တင်ရောင်းချနေရာမှ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်သည့် အခါမျိုးတွင် အရေးပါသည်။ အနည်းစု ရှယ်ယာပိုင်ရှင်များ၏ အခွင့်အရေးများ တိုးမြှင့်ပေးရန် အခြားနည်းလမ်းများတွင် တစ်ဆင့်ခံ (အဆင့်ပေါင်းများစွာ အပါအဝင်) နှင့် စုပေါင်းတရားစွဲဆိုမှု ပါဝင်သည်။ အချို့ဥပဒေစည်းမျဉ်းထိန်းကြောင်းသည့် အေဂျင်စီများက မကြေလည်မှုများကို တိုင်တန်းရန် ဌာနများ ထူထောင်ခဲ့ပြီး အချို့တွင် သက်ဆိုင်ရာ သတင်းအချက်များ နှင့် ဘဏ္ဍာရေးဆိုင်ရာ ထုတ်ပြန်ခြင်း မှတစ်ဆင့် တရားစွဲဆိုမှုကို ကူညီပံ့ပိုးပေးရန် ဆောင်ရွက်နေသည်များလည်းရှိသည်။ ဈေးကွက်အပေါ် ယုံကြည်မှုမြှင့်တင်မှုကို ဘုံရည်မှန်းချက်အဖြစ် ဆောင်ရွက်ရာတွင် ရှယ်ယာပိုင်ရှင် အများစုကို အကာအကွယ်ပေးသည့် အမျိုးမျိုးသော ဥပဒေစည်းမျဉ်းများကို ရွေးချယ်ခြင်းနှင့် ချမှတ်ခြင်းများ ဆောင်ရွက်မှုသည် နိုင်ငံတစ်ခု၏ ဥပဒေဆိုင်ရာ မူဘောင်နှင့် တိုင်းပြည်၏ တရားစီရင်ရေးစနစ် အပေါ်တွင် များစွာမှီတည်နေသည်။

**ဇ။ ကော်ပိုရေးရှင်းများကိုထိန်းချုပ်သည့် ဈေးကွက်များကို ထိရောက်ပြီးပွင့်လင်းမြင်သာသော နည်းလမ်းများဖြင့် ခွင့်ပြုပေးသင့်သည်။**

**၁။ အရင်းအနှီးဈေးကွက်အတွင်း ကော်ပိုရိတ်ထိန်းချုပ်မှု ရယူခြင်းကို ထိန်းကျောင်းသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းပေါင်းစပ်ခြင်းကဲ့သို့သော ထူးခြားသည့် လွှဲပြောင်းမှုများနှင့် ကော်ပိုရိတ်၏ ကြီးမားသည့် အပိုင်းကို ရောင်းချခြင်းတို့ကို ရှင်းလင်းစွာ သတင်းထုတ်ပြန်သင့်ပြီး ထိုသို့လုပ်ဆောင်မှသာ ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏ ရပိုင်ခွင့် အခွင့်အရေးများနှင့် အားကိုး အားထားပြုရမည့် အချက်အလက်များ နားလည်မည်ဖြစ်သည်။ အရောင်းအဝယ်များ ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိသော ဈေးနှုန်းနှင့် ရှယ်ယာပိုင်ရှင် အားလုံး၏ အခွင့်အရေးကို သူတို့၏ အမျိုးအစား အဆင့်အတန်းအလိုက် ကာကွယ်ပေးသည့် တရားမျှတသည့် အခြေအနေမျိုး ရှိသင့်သည်။**

**၂။ ကုမ္ပဏီကို ဝယ်ယူခံရခြင်းမှ ကာကွယ်သည့် လုပ်ထုံးလုပ်နည်းများသည် စီမံခန့်ခွဲမှုအဖွဲ့နှင့် ဘုတ်အဖွဲ့များ၏ တာဝန်ယူတာဝန်ခံမှုများကို အကာအကွယ်အဖြစ် အသုံးမချသင့်ပေ။**

အချို့နိုင်ငံများတွင် ကုမ္ပဏီများကိုဝယ်ယူခံရခြင်းမှ ကာကွယ်သည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ကျင့်သုံးကြသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံသူများနှင့် စတော့အိပ်ချိန်းကပါ ထိုသို့ ကုမ္ပဏီကို ဝယ်ယူခံရခြင်းမှ ကာကွယ်သည့် လုပ်ထုံးလုပ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးပါက ကော်ပိုရိတ်ထိန်းချုပ်မှုအတွက် ဈေးကွက်လည်ပတ်မှုများကို ဆိုးဝါးစွာ အဟန့်အတားဖြစ်စေနိုင်သောကြောင့် စိုးရိမ်ပူပန်ကြသည်။ အချို့ကိစ္စများတွင် ကုမ္ပဏီကို ဝယ်ယူခံရခြင်းမှ ကာကွယ်သည့် လုပ်ထုံးလုပ်နည်းများသည် စီမံခန့်ခွဲမှုအဖွဲ့ နှင့် ဘုတ်အဖွဲ့များ၏ တာဝန်ယူ တာဝန်ခံမှုကို စောင့်ကြည့် ကွပ်ကဲရန် အကာအကွယ်ပေးသလို ဖြစ်နေတတ်သည်။ ကုမ္ပဏီကို ဝယ်ယူခံရခြင်းမှ ကာကွယ်သည့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ခြင်းနှင့် ကုမ္ပဏီကိုရယူရန် အဆိုပြုချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ဘုတ်အဖွဲ့သည် ရှယ်ယာပိုင်ရှင်များနှင့် ကုမ္ပဏီအပေါ်တွင် ယုံကြည်အပ်နှံမှုဆိုင်ရာတာဝန်မှာ အထူးကြီးလေးလှသည်။ အချို့နိုင်ငံများတွင် ကော်ပိုရေးရှင်းများ ပေါင်းစည်းသွားခြင်း နှင့် ပိုမိုကြီးမားသည့် ကုမ္ပဏီများစွာပါဝင်သည့် စုစည်းမှုအပါအဝင် ကော်ပိုရေးရှင်းများ၏ ဖွဲ့စည်းမှု ပြောင်းလဲခြင်း အပေါ်တွင် မကျေနပ်သော၊ သဘောမတူသော ရှယ်ယာရှင်များကို နုတ်ထွက်စေသည့် နည်းလမ်းနှင့် အခွင့်အလမ်းများ ချမှတ်ပေးထားသည်။

# ၃။ ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများ၊ စတော့ဈေးကွက်များ နှင့် အခြားဘဏ္ဍာရေး ကြားခံအဖွဲ့များ

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် ရင်းနှီးမြှုပ်နှံမှုဖြစ်စဉ်ကွင်းဆက်တွင် ခိုင်မာသည့် ဆွဲဆောင်မှု မက်လုံးများပေးခြင်းနှင့် စတော့ဈေးကွက်များကို ကောင်းမွန်သည့် ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုကို အထောက်အကူပေးသည့် ဈေးကွက်လည်ပတ်မှုပုံစံ ဖြစ်ပေါ်စေရန် အထောက်အကူ ပြုသည်။**

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုမိုထိရောက်အောင်မြင်စေရန်အတွက် ဥပဒေနှင့်နည်းဥပဒေဆိုင်ရာ မူဘောင်များ ကို ရေးဆွဲရာတွင် ကြုံတွေ့နေရသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာ၏လက်ရှိစီးပွားရေးအခြေအနေနှင့်လိုက်လျောညီတွေ ရှိရန် လိုအပ်သည်။ နိုင်ငံများစွာတွင် ကော်ပိုရိတ်စီမံခန့်ခွဲမှု နှင့် ပိုင်ဆိုင်မှုဆိုင်ရာ အဝန်းအဝိုင်းတို့၏ ပကတိ အခြေအနေများသည် ကုမ္ပဏီ၏ စွမ်းဆောင်ရည်နှင့် ရှယ်ယာပိုင်ဆိုင်မှုကြောင့်ရရှိ လာသည့် ဝင်ငွေနှင့် အကျိုးခံစားခွင့်တို့အကြား ချိန်ထိုးတိုင်းတာသော ရိုးရှင်းသည့်၊ ခိုင်မာသည့် သတ်မှတ် ချက်များဖြင့် တိုင်းတာခြင်းမပြုတော့ပေ။ အကယ်စင်စစ် ရင်းနှီးမြှုပ်နှံမှုဖြစ်စဉ်ကွင်းဆက်များသည် အကျိုး ခံစားခွင့်ရမည့်သူနှင့် ကုမ္ပဏီအကြား မြောက်များလှစွာသော ကြားခံဘဏ္ဍာရေးအဖွဲ့များ ပါဝင်လာကာ ကာလကြာမြင့်ပြီး ရှုပ်ထွေးသည့် ဖြစ်စဉ်တစ်ခု ဖြစ်လာသည်။ ဘဏ္ဍာရေး ကြားခံ အဖွဲ့များက လွတ်လပ်သည့်အဆုံးအဖြတ်ပေးသူများအဖြစ်ဆောင်ရွက်မှုသည် ရင်းနှီးမြှုပ်နှံမှု ဆိုင် ရာ မက်လုံးများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ဆောင်ရွက်နိုင်သည့် စွမ်းရည်ကိုများစွာ လွှမ်းမိုး နိုင်သည်။**

ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုရှယ်ယာရင်းနှီးမြှုပ်နှံမှုများတွင် **စုပေါင်းရင်းနှီးမြှုပ်နှံမှုရံပုံငွေအဖွဲ့များ၊ ပင်စင် ရန်ပုံငွေအဖွဲ့၊** အာမခံ ကုမ္ပဏီများနှင့် စွန့်စားသည့်ရင်းနှီးမြှုပ်နှံသူများ၏ရန်ပုံငွေအဖွဲ့များ (hedge fund)၏ ရင်းနှီးမြှုပ်နှံမှုများက သိသာစွာ တိုးတက်များပြားလာပြီး ၎င်းတို့၏ ရှယ်ယာပိုင်ဆိုင်မှု များကို ပိုင်ဆိုင်မှုများစီမံခန့်ခွဲမှုကို အထူးပြုသည့် ကျွမ်းကျင်သည့်ကုမ္ပဏီများက စီမံခန့်ခွဲကြသည်။ ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်းများနှင့် ပိုင်ဆိုင်မှုများကိုစီမံခန့်ခွဲသူ မန်နေဂျာများ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အပေါ် စိတ်ပါဝင်စားမှုနှင့် စွမ်းဆောင်နိုင်မှုတို့မှာ များစွာကွဲပြားလျက်ရှိသည်။ အချို့သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ပတ်သက်မှုများတွင် မဲဆန္ဒပေးခွင့်ကို အသုံးချခြင်းသည် ၎င်းတို့၏ သမားရိုးကျ စီးပွားရေးစီမံခန့်ခွဲမှုပုံစံ တစ်ခုဖြစ်သည်။ အခြားသူများအနေဖြင့် တက်ကြွသည့် ရှယ်ယာပိုင်ရှင် များ၏ တက်ကြွသည့် ပါဝင်ပတ်သက်မှုအတွက် အရင်းအမြစ်များကို အသုံးမပြုသော စီးပွားရေး စီမံခန့်ခွဲမှုပုံစံ သို့မဟုတ် မဟာဗျူဟာတရပ်ကို ရှယ်ယာရှင်များ၊ အကျိုးခံစားခွင့် ရမည့်သူများကို ကမ်းလှမ်းတင်ပြကြသည်။ ရှယ်ယာပိုင်ရှင်များ တက်ကြွစွာ ပါဝင်ပတ်သက်ရေးသည် အဖွဲ့အစည်း များ၏ စီးပွားရေးစီမံခန့်ခွဲမှုပုံစံနှင့် မဟာဗျူဟာ အစိတ်အပိုင်းအနေဖြင့် မပါဝင်ခဲ့လျှင် ရှယ်ယာ ပိုင်ရှင်များ မဖြစ်မနေပါဝင်နေမှုသည် (ဥပမာ မဲပေးခြင်း) ထိရောက်အကျိုးရှိသည့် ပါဝင်မှု

မဟုတ်ဘဲ အိမ်ဖြည့် အလုပ်ဖြစ်ရုံပါဝင်မှုသာ ဖြစ်သွားမည်ဖြစ်သည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူများက ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ မူဝါဒများကို ကော်ပိုရိတ်စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြေငြာချက်ထုတ်ပေးရန် တိုက်တွန်းသည်။ သို့ရာတွင် ရှယ်ယာရှင်များ အစည်းအဝေးတွင်မဲပေးခြင်းသည် ရှယ်ယာရှင်များ ပါဝင်မှု၏ နည်းလမ်းတစ်ခုသာဖြစ်သည်။ ရှယ်ယာရှင်များ၊ ဘုတ်အဖွဲ့၊ စီမံခန့်ခွဲရေးအဖွဲ့တို့ နှင့် တိုက်ရိုက်ဆက်သွယ်ခြင်းနှင့် ဆွေးနွေးခြင်းတို့သည်လည်း ရှယ်ယာပိုင်ရှင်များနှင့် ထိတွေ့ဆက်ဆံမှု အတွက် မကြာခဏ အသုံးပြုလေ့ရှိသော အခြားသောနည်းလမ်းများ ဖြစ်သည်။ မကြာသေးမီ နှစ်များက အချို့နိုင်ငံများတွင် - ကြီးကြပ်လမ်းညွှန်မှုဆိုင်ရာ (Stewardship Codes) ဟုခေါ်သော ဥပဒေသများ ရှယ်ယာရှင်များ ပါဝင်သည့် ဥပဒေကို ပြဌာန်းစဉ်းစားလျက်ရှိပြီး ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများ အနေဖြင့် မိမိတို့၏ သဘောဆန္ဒအလျောက် လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်လျက်ရှိသည်။

**က။ ယုံကြည်စွာ လွှဲအပ်ခြင်းခံထားရသူ အနေအထားတွင်ရှိသော ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ မဲပေးပိုင်ခွင့်များကို အသုံးချရန် ဆုံးဖြတ်သည့် အခါ ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်ပြီး ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် မဲပေးသည့်မူဝါဒများကို ထုတ်ပြန်ကြေငြာသင့်သည်။**

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်တစ်ခုလုံး၏ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်မှုနှင့် ကုမ္ပဏီ၏ ကြီးကြပ်မှုတို့သည် ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများက ၎င်းတို့ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများတွင် ရှယ်ယာပိုင်ရှင်များ အပ်နှင်းထားသည့် ရပိုင်ခွင့် အခွင့်အရေးများကို အသုံးပြုခြင်းနှင့် ပိုင်ရှင်အနေဖြင့် လုပ်ကိုင်ဆောင်ရွက်လိုမှုနှင့် ပတ်သက်ပြီး ၎င်းတို့၏ စိတ်အားထက်သန်မှုနှင့် စွမ်းဆောင်ရည်အပေါ်တွင် များစွာမှီတည်နေပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဥပဒေသအရ ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်းများ မဲပေးရန် မလိုအပ်သော်လည်း ကုန်ကျစရိတ်များ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ၎င်းတို့၏ ပိုင်ရှင်အခွင့်အရေးကို မည်သို့ကျင့်သုံးသည်ကို ထုတ်ပြန်ကြေငြာပေးရန် တိုက်တွန်းသည်။ ယုံကြည်စွာလွှဲအပ်ခြင်းခံထားရသူ အနေအထားတွင် ရှိသော ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများ ဖြစ်သည့် ပင်စင်ရံပုံငွေအဖွဲ့များ၊ စုပေါင်းရင်းနှီးမြှုပ်နှံမှု အစီအစဉ်များနှင့် အာမခံကုမ္ပဏီများ၏ အချို့သောလုပ်ငန်းများ စသည်တို့နှင့် အဆိုပါ ရင်းနှီးမြှုပ်နှံသူများ၏ ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲပေးနေသည့် မန်နေဂျာများသည် ၎င်းတို့၏ ဖောက်သည်များ ကိုယ်စားဆောင်ရွက်ရသည့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးပေါ်မူတည်၍ မဲပေးပိုင်ခွင့်ကို စဉ်းစားပေးနိုင်သည်။ ပိုင်ရှင်၏ ရပိုင်ခွင့်အခွင့်အရေးကို ကျင့်သုံးရန် ပျက်ကွက်ပါက ရင်းနှီးမြှုပ်နှံသူအတွက် အရှုံးပေါ်မည်ဖြစ်၍ ၎င်းအနေဖြင့် ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်းများ လိုက်နာရမည့် မူဝါဒကို သိရှိအောင် ဆောင်ရွက်ထားရမည်။

အချို့နိုင်ငံများတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒများကို ဈေးကွက်သို့ ထုတ်ပြန်ပေးရန် တောင်းဆိုမှုများမှာ အတော်အတန်အသေးစိတ်ကျပြီး ကုမ္ပဏီတွင် အဖွဲ့အစည်းက ပါဝင်ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြည့်စုံသည့် မဟာဗျူဟာများ၊ ပါဝင်ဆောင်ရွက်မည့် နည်းလမ်း၊ မဟာဗျူဟာ၏ အကျိုးသက်ရောက်မှုကို မည်သို့တိုင်းတာမည် စသည်တို့ပါဝင်သည်။ အမှန်တကယ် မဲပေးသည့် မှတ်တမ်းကို လူသိထင်ရှား ထုတ်ပြန်ပေးခြင်းသည် အထူးသဖြင့် မဲပေးပိုင်ခွင့်မူဝါဒကို ကြေညာထားပြီးသော အဖွဲ့အစည်းတစ်ခုအတွက် မှန်ကန်သောလုပ်နည်း လုပ်ဟန်တစ်ခုဖြစ်သည်။ ထိုထုတ်ပြန်မှုသည် ဈေးကွက်ရှိ၎င်းတို့၏ ဖောက်သည်များ (ဖောက်သည်တစ်ဦးချင်း၏ ရှယ်ယာ

ပိုင်ဆိုင် အခြေအနေနှင့်သာ သက်ဆိုင်သည်) သို့မဟုတ် ဈေးကွက်တွင် မှတ်ပုံတင်ထားသည့် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပေးများနှင့် သက်ဆိုင်ပေသည်။ အစုရှင်များ အစည်းအဝေးတွင်ပါဝင်ရန် နောက်ဆက်တွဲ နည်းလမ်းတစ်ခုမှာ ဖြန့်ခွဲရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများနှင့် မပြတ်ဆက်သွယ်ဆွေးနွေးမှုပြုလုပ်ရန်ပင်ဖြစ်သည်။ ကုမ္ပဏီအနေဖြင့် ရင်းနှီးမြှုပ်နှံသူအားလုံးကို တပြေးညီဆက်ဆံရန် အဟန့်အတားဖြစ်စေပြီး ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်းများအား ဖြန့်ဝေခြင်း မရှိသလို ဈေးကွက်တွင်လည်း မရရှိနိုင်သည့် သတင်းအချက်အလက်များ ရှိနေသော်လည်း ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏ ဆွေးနွေးမှုများကို အားပေးရမည် ဖြစ်သည်။ ထို့ကြောင့် ပုံမှန်အားဖြင့် ကုမ္ပဏီတစ်ခုကပေးမည့် နောက်ဆက်တွဲ သတင်းအချက်အလက်များတွင် ယင်းကုမ္ပဏီ လုပ်ကိုင်နေသည့် ဈေးကွက်နှင့်ပတ်သက်သော အထွေထွေ နောက်ခံသတင်းအချက်အလက်များအပြင် တဆက်တည်းဈေးကွက်တွင် အသင့်ရနိုင်သော အခြား သတင်းအချက်အလက်များလည်း ပါဝင်သည်။

ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်းများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒတစ်ခုကိုထုတ်ပြန် ကြေငြာမည်ဆိုလျှင် ထိုမူဝါဒကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် အကျိုးခံစားခွင့် ရရှိသူများနှင့် ၎င်းတို့ဖြန့်ခွဲရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများ မျှော်လင့်ထားသည့်အတိုင်း ၎င်းတို့မူဝါဒကို အကောင်အထည်ဖော်ဆောင်ရန် သင့်လျော်သည့် လူ့အရင်းအမြစ်နှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပေသည်။ ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများသည် အသက်ဝင်လှုပ်ရှားနေသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒများ၏ လုပ်ငန်းသဘောသဘာဝနှင့် ဝန်ထမ်းခန့်ထားမှုအပါအဝင် ထိရောက်စွာ အကောင်အထည်ဖော်ရသည့် လုပ်ငန်းစဉ်များတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒနှင့်အညီ ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်းများကို မှီခို နေသည့် ဖေါက်သည်များအတွက် ပွင့်လင်းမြင်သာမှုများရှိသင့်သည်။

### ခ။ မဲပေးခြင်းကို အကျိုးခံစားရသူ ရှယ်ယာရှင်များ၏ လမ်းညွှန်ချက်များနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်သူများ သို့မဟုတ် အမည်စာရင်းတင်သွင်းခံရသူများမှ ဆုံးဖြတ်ပေးရမည်။

အစုရှယ်ယာများကို ထိန်းသိမ်းစီမံခွင့်ရသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ ဖေါက်သည်များအတွက် ဘုတ်အဖွဲ့တွင် အမည်စာရင်းတင်သွင်းခြင်းမျိုးကို ၎င်းတို့၏ ဖေါက်သည်များထံမှ တိကျသည့် လမ်းညွှန်ချက်မရှိပါက မဲပေးရန်ခွင့်မပြုသင့်ပါ။ အချို့နိုင်ငံများတွင် မဲပေးပိုင်ခွင့်အတွက် လိုအပ်ချက်စာရင်းတွင် အချက်အလက်အတော်များများ ကျယ်ပြန့်စွာပါဝင်ပြီး အစုရှယ်ယာများကို ထိန်းသိမ်းစီမံခွင့်ရသည့် အဖွဲ့အစည်းများကို သီးခြားညွှန်ကြားချက်မပါဘဲ မဲပေးခွင့် ပိတ်ပင်ထားပြီး ထိုသို့လုပ်ဆောင်ခြင်းကိုလည်း သာမန်လုပ်ရိုးလုပ်စဉ်အနေနှင့် သတ်မှတ်ထားသည်။ ရှယ်ယာရှင်များအနေနှင့် ၎င်းတို့၏ မဲပေးခွင့်ကို ကျင့်သုံးရာတွင် ၎င်းတို့ရွေးချယ်ရန်အတွက် ထိန်းသိမ်းစီမံခွင့်ရသည့် အဖွဲ့အစည်းက အစုရှယ်ယာများကို လိုအပ်သည့် သတင်းအချက်အလက်များ အချိန်မီပံ့ပိုးပေးနိုင်ရန်အတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရမည်။ ရှယ်ယာရှင်များသည် ရွေးချယ်၍ မဲပေးရာတွင် ၎င်းတို့ ကိုယ်တိုင်မဲပေးခြင်း (သို့မဟုတ်) မဲပေးခွင့်အားလုံးကို အစုရှယ်ယာများကို ထိန်းသိမ်းစီမံခွင့်ရသည့် အဖွဲ့အစည်းများကို လွှဲပြောင်းမဲပေးခိုင်းနိုင်သည်။ အခြားနည်းလမ်းအားဖြင့်လည်း ထွက်ပေါ်လာသည့်မဲပေးမှု ရလာဒ်အခြေအနေကိုကြည့်ပြီး ရှယ်ယာရှင်များက ၎င်းတို့ကိုယ်တိုင် အချို့တစ်ဝက်ကို တိုက်ရိုက်မဲပေးပြီး အခြားကျန်ရှိနေသည့် မဲပေးခွင့်ကို အစုရှယ်ယာများကို ထိန်းသိမ်းစီမံခွင့်ရသည့် အဖွဲ့အစည်းများက တဆင့်မဲပေးစေနိုင်သည်။

ရှယ်ယာထိန်းသိမ်းမှုလက်မှတ် (Depository Receipts) ကိုင်ဆောင်ထားသူများအားလည်း အလားတူရပိုင်ခွင့်များကို ပေးအပ်ရမည်ဖြစ်ပြီး အခြေခံရှယ်ယာကိုင်ဆောင်ထားသူများကို ခွင့်ပြုထားသည့်အတိုင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် ပါဝင်ရန်အခွင့်အရေးပေးရမည်။ ရှယ်ယာတိုက်ရိုက်ပိုင်ရှင်က ကြားခံအဖွဲ့များ၊ အသုံးပြုနိုင် သကဲ့သို့ ရှယ်ယာများကို တိုက်ရိုက်ကိုင်ဆောင်သူများ အနေဖြင့် ကိုယ်စားလှယ်လွှဲစာ အသုံးပြုနိုင်သည့်အချိန်တွင် ရှယ်ယာထိန်းသိမ်းမှု လက်မှတ်ထုတ်ပေးသည့်အဖွဲ့များ၊ စတော့ရှယ်ယာ အရောင်းအဝယ်အဖွဲ့များနှင့် အလားတူအဖွဲ့များက ၎င်းတို့ ကိုယ်စားဆောင်ရွက်မည့် ကြားခံအဖွဲ့များကို အချိန်မီထုတ်ပြန်ရန် လိုအပ်သည်။ ရှယ်ယာထိန်းသိမ်းမှုလက်မှတ် ကိုင်ဆောင်ထားသူများ အနေဖြင့် ကြားခံအဖွဲ့များကို ၎င်းတို့ပိုင်ဆိုင်သည့် ရှယ်ယာခွဲတမ်းအလိုက် မဲပေးခွင့်နှင့် တပေါင်းတည်းညွှန်ကြားချက်ပေးနိုင်ပြီး ထိုသို့ဆောင်ရွက်မှုကို ရှယ်ယာအရောင်းအဝယ် လက်မှတ်ထုတ်ပေးသည့်အဖွဲ့များ သို့မဟုတ် စတော့ရှယ်ယာ အရောင်းအဝယ်အဖွဲ့များက ၎င်းတို့ကိုယ်စားဆောင်ရွက်ပေးရမည်။

ဤဆောင်ရွက်မှုမျိုးသည် ရှယ်ယာထိန်းသိမ်းသူများ သို့မဟုတ် အထူးဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်နေသူများ (ဥပမာ ဒေဝါလီခံခွင့်ရသူများနှင့် မြေယာအဆောက်အဦးများကို ဥပဒေကြောင်း အရစီမံခွင့်ရရှိသူများ) ၏ မဲပေးခွင့်များ နှင့် သက်ဆိုင်မှုမရှိပေ။

**င။ ယုံကြည်စွာလွှဲအပ်ခြင်း ခံထားရသူအနေအထားတွင်ရှိသော ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်ပြီး ပိုင်ရှင်၏အခွင့်အရေးအရ ကျင့်သုံးလုပ်ကိုင်ခွင့်ကို ကြီးမားသည့် အကျိုးစီးပွားပဋိပက္ခများ ကြုံတွေ့သည့်အခါ မည်သို့ စီမံဆောင်ရွက်သည်ကို ရှင်းလင်းစွာ ထုတ်ပြန်ထားသင့်သည်။**

အချို့သောအခြေအနေများတွင် တဆင့်ခံရှယ်ယာရှင်များ မဲပေးခြင်းနှင့် ၎င်းတို့၏ ရှယ်ယာပိုင်ရှင်နှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အလေးထားသည့် မက်လုံးများသည် ရှယ်ယာများကို အမှန်တကယ်ပိုင်ဆိုင်သူများနှင့် ခြားနားမှုများရှိနိုင်သည်။ ထိုကွဲပြားမှုများသည် တစ်ခါတစ်ရံ စီးပွားရေးအရ အဆင်ပြေနိုင်သော်လည်း၊ တစ်ခါတစ်ရံ အကျိုးစီးပွားဆန့်ကျင် ဖီလာဖြစ်မှုကို အခြေပြု၍ ဖြစ်ပေါ်လာတတ်သည်။ ထို့အပြင် ယုံကြည်စွာ လွှဲအပ်ခြင်းခံထားရသည့် ကုမ္ပဏီသည် အခြားဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းခွဲတစ်ခုဖြစ်ခြင်း သို့မဟုတ် ပတ်သက်နေသည့် လုပ်ငန်းတစ်ခုဖြစ်နေခြင်းနှင့် အထူးသဖြင့် ဘဏ္ဍာရေးလုပ်ငန်းစုကြီးတစ်ခုမှ ဖြစ်နေခြင်း စသည့် အခြေအနေများတွင် ထိုသို့ကွဲပြားမှုများသည် ပိုမိုကြီးမားလေ့ရှိသည်။ ဥပမာ ကြီးမားသည့် စီးပွားရေး ဆက်နွယ်မှုများကတဆင့် ထိုသို့အကျိုးစီးပွားပဋိပက္ခများ ပေါ်ပေါက်လာသောအခါ အဆိုပါ ပဋိပက္ခများကို ဖော်ထုတ်ပြီး ရှင်းလင်းတင်ပြရန် လိုအပ်သည်။

တချိန်တည်းမှာပင် အဖွဲ့အစည်းများသည် ပိုင်ရှင်၏ ရပိုင်ခွင့်များ ကျင့်သုံးခြင်းကို ထိခိုက်မှု အလားအလာ အနည်းဆုံးဖြစ်စေရန် မည်သို့သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်မည်ကို ရှင်းလင်းစွာ ထုတ်ပြန်သင့်သည်။ အဆိုပါ ဆောင်ရွက်မှုများတွင် ဆုကြေးငွေများကို အဖွဲ့အစည်း အတွင်းရှိ စီးပွားရေးလုပ်ငန်းအသစ်များရရှိခြင်းနှင့် ဆက်နွယ်သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုထဲမှ ဆုကြေးငွေများ သီးခြားခွဲထုတ်ထားခြင်း စသည့် လုပ်ငန်းရပ်များပါဝင်သည်။ ပိုင်ဆိုင်သောပစ္စည်းများ စီမံခန့်ခွဲမှု၊ ကုန်ကျစရိတ်များ ကျခံသည့် ပုံစံများနှင့် အခြားကြားခံဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ အတွက် ကုန်ကျစရိတ်များကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရမည်။

**ဃ။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် ကိုယ်စားပြုအကြံပေးပုဂ္ဂိုလ်များ၊ ဆန်းစစ်သရုပ်ခွဲသူများ၊ ပွဲစားများ၊ ကြွေးမြီအဆင့်သတ်မှတ်ပေးသည့် အေဂျင်စီများနှင့် အခြားကျွမ်းကျင်သူများက ရင်းနှီးမြှုပ်နှံသူများအတွက် သရုပ်ခွဲသုံးသပ်ချက်များ သို့မဟုတ် အကြံဉာဏ်များ၊ ၎င်းတို့၏ သရုပ်ခွဲသုံးသပ်ချက်များ သို့မဟုတ် အကြံဉာဏ်များအပေါ် ယုံကြည်မှုကို ထိပါးစေသည့် အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်မှုများကို ထုတ်ဖော်ခြင်းနှင့် နည်းပါးအောင် ပြုလုပ်ခြင်း စသည့် လုပ်ငန်းရပ်များ လိုအပ်ပါသည်။**

မူလရှယ်ယာပိုင်ရှင်များမှသည် ကော်ပိုရေးရှင်းကြီးများအထိ ရင်းနှီးမြှုပ်နှံမှုကွင်းဆက်ထဲတွင် အမျိုးမျိုးသော ကြားခံပိုင်ရှင်များသာ ပါဝင်ပတ်သက်ရုံမကဘဲ ၎င်းတို့ကို အကြံဉာဏ်များနှင့် ဝန်ဆောင်မှုများ ပေးသည့် ကျယ်ပြန့်သောလုပ်ငန်းရပ်များလည်း ပါဝင်လျက်ရှိသည်။ မဲပေးမှု လုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေရန် မည်သို့မဲပေးရမည်ဆိုသည်နှင့် ဝန်ဆောင်မှုများကို မည်သို့ရောင်းချရမည် ဆိုသည့်အပေါ်တွင် ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်းများအား ထောက်ခံအကြံပေးသည့် ကိုယ်စားပြု အကြံပေးပုဂ္ဂိုလ်များသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အမြင်ဖြင့်ကြည့်လျှင် အကြုံးဝင်သက်ဆိုင်မှု အရှိဆုံးသောသူများဖြစ်သည်။ အချို့သောကိစ္စရပ်များတွင် ကိုယ်စားပြု အကြံပေးများသည် ကော်ပိုရေးရှင်းကြီးများအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဆက်နွယ်သည့် အတိုင်ပင်ခံဝန်ဆောင်မှုများကိုပင် ဆောင်ရွက်ပေးကြသည်။ အခြားသောဝန်ဆောင်မှုပေးသူများက ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏ အမျိုးမျိုးသော စံနှုန်းသတ်မှတ်မှုများနှင့်အညီ ကုမ္ပဏီများကို အဆင့်သတ်မှတ်ပေးသည်။ သရုပ်ခွဲ ဆန်းစစ်သူများ၊ ပွဲစားများနှင့် ကြွေးမြီအဆင့်သတ်မှတ်ပေးသည့် အေဂျင်စီများက အလားတူ လုပ်ငန်းများကို ဆောင်ရွက်ကြပြီး အလားတူ အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်မှု ဖြစ်နိုင်ခြေကို ရင်ဆိုင်ကြရသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အတွင်း အမျိုးမျိုးသော ဝန်ဆောင်မှုလုပ်ငန်းများ၏ အရေးပါမှု - တစ်ခါတရံတွင် ၎င်းတို့အပေါ် မှီခိုအားထားရမှုတို့ကို လေ့လာသုံးသပ်လျှင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် သရုပ်ခွဲဆန်းစစ်သူများ၊ ပွဲစားများ၊ ကြွေးမြီအဆင့်သတ်မှတ်ပေးသည့်အေဂျင်စီများနှင့် ကိုယ်စားပြုအကြံပေးပုဂ္ဂိုလ်များ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ တည်ကြည်ရိုးဖြောင့်မှုကို မြှင့်တင်ပေးသင့်သည်။ တော်တည့်ဖြောင့်မတ်စွာ စီမံခန့်ခွဲပေးမည်ဆိုလျှင် ၎င်းတို့အနေဖြင့် ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အထများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နိုင်ကြမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အကြံပေးသူသည် ကုမ္ပဏီကို အခြားဝန်ဆောင်မှုလုပ်ငန်းများပေးရန်ကြိုးစားနေခြင်း သို့မဟုတ် အကြံဉာဏ်ပေးသူသည် အဆိုပါကုမ္ပဏီတွင် သို့မဟုတ် အခြားပြိုင်ဖက်ကုမ္ပဏီတွင် ကြီးမားသည့် တိုက်ရိုက်အကျိုးစီးပွားရှိနေခြင်း စသည့် အခြေအနေများတွင် အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်မှုများ ဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံများစွာတွင် အဆိုပါ အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်မှုများ သို့မဟုတ် အခြားတည်ငြိမ်ဖြောင့်မတ်မှုကို ထိခိုက်နိုင်ခြေများကို တားဆီးရန်အတွက် ဥပဒေ ပြဋ္ဌာန်းခြင်း သို့မဟုတ် မိမိတို့ဘာသာချမှတ်ကျင့်သုံးသည့် ကျင့်ထုံးများ ဖြစ်ပေါ်လာစေရန် တိုက်တွန်းအားပေးကြပြီး ပုဂ္ဂလိက နှင့်/သို့မဟုတ် အစိုးရ စောင့်ကြည့်ကွပ်ကဲရေး အစီအမံများ ချမှတ်ပေးကြသည်။

ကိုယ်စားပြု အကြံပေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများသည် သင့်တော်သည့် အခြေအနေအသီးသီးနှင့် လိုက်လျောညီထွေဖြစ်သည့်အလျောက် ရင်းနှီးမြှုပ်နှံသူများအတွက် အကြံပေးတိုက်တွန်းချက်များနှင့် အခြားဖောက်သည်များနှင့် ပတ်သက်သည့် မဲပေးသည့် မူဝါဒများအတွက် လိုအပ်သည့် သတ်မှတ်ချက်များကို တင်ပြရာတွင် ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများနှင့် နည်းပညာ

များကို အများပြည်သူကို သို့မဟုတ် ရင်းနှီးမြှုပ်နှံသူကို ရှင်းလင်းစွာ ထုတ်ဖော်ပြရန်လိုအပ်သည်။

**င။ အတွင်းလူများအကြား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ဈေးကစားခြင်းတို့ကို တားဆီးပိတ်ပင်၍ လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသက်ဝင် သက်ရောက်စေရန် ဆောင်ရွက်ရမည်။**

အတွင်းလူများအကြား အရောင်းအဝယ်ပြုလုပ်ခြင်းသည် အရင်းအနှီးဈေးကွက်တွင် ဈေးကစားမှုများကို ဖြစ်ပေါ်စေနိုင်သဖြင့် နိုင်ငံအများစုတွင် ရှယ်ယာအရောင်းအဝယ် စည်းမျဉ်းစည်းကမ်းများ၊ ကုမ္ပဏီ ဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများဖြင့် ဈေးမကစားရန် တားဆီးပိတ်ပင်ထားသည်။ ထိုသို့လုပ်ဆောင်မှုသည် ရှယ်ယာပိုင်ရှင်များကို တန်းတူညီမျှစွာဆက်ဆံခြင်း အခြေခံသဘောတရားကို ချိုးဖောက်သဖြင့် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်။ သို့သော် ထိုကဲ့သို့သော ကာကွယ်တားဆီးမှုများ၏ ထိရောက်မှု ရှိမရှိသည် ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူမှု အခြေအနေအပေါ်တွင် မှီတည်နေသည်။

**စ။ မိမိကုမ္ပဏီ ဖွဲ့စည်းသည့် နိုင်ငံ၏ ပြင်ပတွင် ဈေးကွက်တင်ထားသည့်ကုမ္ပဏီများသည် ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာထုတ်ပြန်ထားရမည်။ ကုမ္ပဏီသည် နှစ်နေရာလုံးတွင် ဈေးကွက်တင်ရောင်းချလျှင် မူရင်းဈေးကွက်က ဈေးကွက်တင်ရန်လိုအပ်သည့် သတ်မှတ်ချက် နှင့် လုပ်ထုံးလုပ်နည်းများကို အားလုံး သိရှိနိုင်ရန် ပွင့်လင်းမြင်သာမှု ရှိရှိနှင့် မှတ်တမ်းတင်ထားရှိသင့်သည်။**

ကုမ္ပဏီများသည်၎င်းတို့အား မှတ်ပုံတင်ဖွဲ့စည်းသည့် နိုင်ငံ၊ ဒေသထက် အခြားတစ်ခုခုရှိ စတော့ဈေးကွက်များတွင် ဈေးကွက်တင်ခြင်း သို့မဟုတ် ရှယ်ယာရောင်းဝယ်ခြင်းများ ပြုလုပ်ကြသည်မှာ သာမန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းအဖြစ် ပြောင်းလဲလာသည်။ ထိုအခြေအနေများကြောင့် ကုမ္ပဏီအတွက် မည်သည့်ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဥပဒေ၊စည်းမျဉ်းစည်းကမ်းများအသုံးပြုမည်ဆိုသည်နှင့် ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံသူများအကြား မသေချာမှုများ ဖြစ်ပေါ်စေပါသည်။ ထိုအခြေအနေများက လုပ်ထုံးလုပ်နည်းများမှစ၍ အစုရှယ်ယာရှင်များ နှစ်ပတ်လည်အစည်းအဝေးပွဲ ကျင်းပမည့်နေရာမှသည် ရှယ်ယာအနည်းငယ်ပိုင်ဆိုင်သည့် ရှယ်ယာရှင်များ၏အခွင့်အရေးများ အထိ သက်ဆိုင်မှုရှိနေပါသည်။ ထို့ကြောင့် ကုမ္ပဏီအနေဖြင့် မည်သည့်နယ်မြေ၏ ဥပဒေကို အသုံးပြုမည်ဆိုသည်ကို ရှင်းလင်းစွာဖော်ပြသင့်သည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အရောင်းအဝယ်ပြုလုပ်သည့် နိုင်ငံ၊ ဒေသတွင်ရှိသည့် စည်းမျဉ်း ဥပဒေအတိုင်းမဟုတ်ဘဲ အခြားနိုင်ငံရှိ ပြဋ္ဌာန်းချက်များ ဖြစ်နေပါက အဓိကကွဲပြားခြားနားမှုများကို မှတ်တမ်းတင်ဖော်ပြရမည်။

နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် စတော့ဈေးကွက်များ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခြင်း၏ နောက်ဆက်တွဲတိုးတက်မှုမှာ စတော့ဈေးကွက်တစ်ခုတွင် စာရင်းပေါက်ပြီးသား ကုမ္ပဏီတစ်ခုသည် အခြားစတော့ဈေးကွက်တစ်ခုတွင် ဈေးကွက်တင်ရောင်းချမှုများ ပိုမိုလုပ်ဆောင်လာကြပြီး ထိုသို့ရောင်းချမှုမျိုးကို နယ်မြေကျော်ဈေးကွက်တင်ခြင်း (Cross-listing) ဟုခေါ်ကြသည်။ ယင်းကဲ့သို့ အပြန်အလှန်ဈေးကွက်တင်ရောင်းချသည့် ကုမ္ပဏီများသည် ၎င်းတို့မူရင်း ဈေးကွက်တင်ထားသည့် စတော့ဈေးကွက်မှ ဈေးကွက်ဝင်လိုအပ်ချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် မကြာခဏ ဆိုသလို ဒုတိယဈေးကွက်မှ ဈေးကွက်တင်ရန်အတွက်လိုအပ်သည့် လိုအပ်ချက်အချို့ကို ဖြေလျှော့ပေးတတ်ကြသည်။ စတော့ဈေးကွက်များအနေဖြင့် အပြန်အလှန်ဈေးကွက်တင်ခြင်းနှင့်

သက်ဆိုင်သော ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ နှင့် သက်ဆိုင်ရာ နေရာဒေသအလိုက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဥပဒေများ၏ ခြွင်းချက် (ဖြေလျှော့ပေးမှု) များကို ရှင်းလင်းစွာ ထုတ်ပြန်ပေးထားသင့်သည်။

**ဆ။ ထိရောက်မှုရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဖြစ်ပေါ်တိုးတက်လာစေရန် နည်းလမ်းတစ်ခုအဖြစ် စတော့ဈေးကွက်များက သင့်တင့်မျှတပြီး အဆင်ပြေသည့် ဈေးနှုန်းကို ရှာဖွေဖော်ထုတ်ပေးရမည်။**

ထိရောက်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဆိုသည်မှာ ရှယ်ယာပိုင်ရှင်များအနေဖြင့် ကုမ္ပဏီ၏ အနာဂတ် အလားအလာနှင့် ဆောင်ရွက်ချက်များကို ဈေးကွက်မှရှိသည့် သတင်းအချက်အလက်များနှင့် ချိန်ထိုးကာ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များကို စောင့်ကြည့် လေ့လာနိုင်စွမ်းရှိခြင်းကိုဆိုလိုသည်။ ရှယ်ယာပိုင်ရှင်များအနေဖြင့် အားသာချက်များရှိသည်ဟု ယုံကြည့်ပါက ၎င်းတို့၏ ဆန္ဒကိုထုတ်ဖော်ပြီးကော်ပိုရေးရှင်း၏ဆောင်ရွက်ပုံများကိုလွှမ်းမိုးနိုင်ရန်ကြိုးစားနိုင်သကဲ့သို့သူတို့၏ ရှယ်ယာများကို ရောင်းချခြင်း (သို့မဟုတ် ရှယ်ယာများထပ်မံဝယ်ယူခြင်း) သို့မဟုတ် ၎င်းတို့၏ ဖြန့်ခွဲရင်းနှီးမြှုပ်နှံထားမှုများထဲမှ ကုမ္ပဏီ၏ရှယ်ယာအနေအထားကို ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် သင့်တင့်မျှတပြီး အဆင်ပြေသည့်ဈေးနှုန်းဖြင့် ရှာဖွေရရှိနိုင်မှု အပါအဝင် ဈေးကွက်၏ သတင်းအချက်အလက်များ၏ အရည်အသွေးနှင့် အချက်အလက်ရရှိနိုင်မှုတို့သည် ရှယ်ယာပိုင်ရှင်များက ၎င်းတို့၏ ပိုင်ရှင်ရပိုင်ခွင့်များကို ကျင့်သုံးရာတွင် များစွာအရေးပါလှသည်။

# ၄။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် ဥပဒေအရဖြစ်စေ၊ အပြန်အလှန် သဘောတူညီချက်များအရဖြစ်စေ ဖြစ်တည်နေသည့် အကျိုးသက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို အသိအမှတ်ပြုပြီး ဓနဥစ္စာ၊ အလုပ်အကိုင်နှင့် ဘဏ္ဍာရေးတည်ငြိမ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်အတွက် အကျိုးသက်ဆိုင်သူများအကြား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကို တွန်းအား ပေးသင့်ပါသည်။**

ကော်ပိုရိတ်စီမံအုပ်ချုပ်ရေး အရေးကြီးသည့် ဆောင်ရွက်မှုတစ်ခုမှာ ကုမ္ပဏီပြင်ပမှ ငွေကြေး အရင်းအနှီးများသည် ကုမ္ပဏီသို့ ရှယ်ယာပိုင်ဆိုင်မှုနှင့် အကြွေးပုံစံ (credit) တို့ဖြင့် စီးဝင်လာရန်အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ အလားတူပင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုက ကုမ္ပဏီအတွင်းရှိ အမျိုးမျိုးသော အကျိုးသက်ဆိုင်သူများကို ကုမ္ပဏီ၏ လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများတွင် စီးပွားရေးအရ ဖြစ်နိုင်ခြေအရှိဆုံး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးကို တွန်းအားပေးသည့် နည်းလမ်းများ ရှာဖွေပေးရန် လိုအပ်သည်။ ကော်ပိုရေးရှင်းတစ်ခု၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် အဆုံးစွန် အောင်မြင်မှုတို့သည် ရင်းနှီးမြှုပ်နှံသူများ၊ ဝန်ထမ်းများ၊ မြီရှင်များ၊ ဖောက်သည်များနှင့် ထောက်ပံ့ ပေးသွင်းသူများနှင့် အခြားအကျိုးသက်ဆိုင်သူများ ပါဝင်သည်။ ကော်ပိုရေးရှင်းကြီးများအနေဖြင့် အကျိုးသက်ဆိုင်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုများသည် ယှဉ်ပြိုင်နိုင်စွမ်းနှင့် အမြတ်အစွန်းရှိသော ကုမ္ပဏီများ တည်ထောင်ရာတွင် တန်ဖိုးရှိသော အရင်းအမြစ်တစ်ခုဖြစ်ကြောင်း အသိအမှတ် ပြုရမည်။ ထို့ကြောင့် ကော်ပိုရေးရှင်းများ၏ ရေရှည်အကျိုးစီးပွား ရည်မှန်းချက်မှာ အဓိက ပါဝင် ပတ်သက်သူများအကြား ကြွယ်ဝချမ်းသာမှုကို ဖြစ်ပေါ်စေသည့် ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ပေးရန်ဖြစ်သည်။ ကော်ပိုရေးရှင်းစီမံအုပ်ချုပ်မှု မူဘောင်သည်လည်း အကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားနှင့် ၎င်းတို့၏ ကော်ပိုရေးရှင်းကို ရေရှည်အောင်မြင်မှုရရန် အထောက်အကူပြုခြင်းကို အသိအမှတ်ပြုသင့်သည်။

**က။ ဥပဒေ သို့မဟုတ် အပြန်အလှန် သဘောတူညီချက်ဖြင့် အတည်ပြုထားသော အကျိုးသက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို လေးစားရမည်။**

မကြာခဏဆိုသလို အကျိုးသက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေ သို့မဟုတ် စာချုပ်များဖြင့် သဘောတူအတည်ပြု ပြဋ္ဌာန်းထားပြီး (ဥပမာအားဖြင့် အလုပ်သမား ဥပဒေ၊ အလုပ်အကိုင်ဥပဒေ၊ ကူးသန်းရောင်းဝယ်ရေးဥပဒေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် လူမွဲစာရင်းဆိုင်ရာဥပဒေ တို့ဖြစ်သည်။) ကုမ္ပဏီများက ထို ပဋိညာဉ်သဘောတူညီများကို လေးစားလိုက်နာရမည် ဖြစ်သည်။ သို့ရာတွင် အကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားများကို ဥပဒေပြဋ္ဌာန်းမထားသည့် နေရာများတွင်

ပင် များစွာသောကုမ္ပဏီများသည် အကျိုးသက်ဆိုင်သူများကို ထပ်ဆောင်း အာမခံပံ့ပိုးမှုများ ဆောင်ရွက်ပေးကြပြီး ကော်ပိုရေးရှင်း၏ ကောင်းသတင်းနှင့် စွမ်းဆောင်ရည်များကို အလေးဂရုပြု သည့်အတွက် ပိုမိုကျယ်ပြန့်သော ကိုယ်စားပြုအကျိုးစီးပွားများ ဖြစ်တည်နေမှုကို အသိအမှတ်ပြုကြ သည်။ နိုင်ငံပေါင်းစုံကော်ပိုရေးရှင်းကြီးသည် အချို့နိုင်ငံများတွင် အဆိုပါထပ်ဆောင်း အာမခံပံ့ပိုးမှု များ၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်သည့် ဂုဏ်သတင်းကျော်စောခြင်းဆိုင်ရာ လေ့လာ သည့် လုပ်ထုံးလုပ်နည်းများကိုကျင့်သုံးရာတွင် OECD Guideline for Multiunational Enterprise စာအုပ်ကို လမ်းညွှန်အဖြစ် အသုံးပြုကြသည်။

**ခ။ အကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားများကို ဥပဒေဖြင့်အကာအကွယ်ပေးသည့်နေရာ တွင် ထိုသူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို ချိုးဖောက်ခံရမှုအတွက် ထိရောက် သော တရားဥပဒေအရ ကာကွယ်စောင့်ရှောက်မှုအခွင့်အရေးကို ရရှိသင့်သည်။**

ဥပဒေမူဘောင်နှင့် လုပ်ငန်းစဉ်များသည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပြီး အကျိုးသက်ဆိုင်သူများ၏ အခွင့်အရေးများ ချိုးဖောက်ခံရမှုအတွက်လည်း တရားဥပဒေအရ ကာကွယ်စောင့်ရှောက်မှုကို ရရှိ စေရန် နှင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်နိုင်သည့် အခြေအနေကို အဟန့်အတား မဖြစ်စေရပါ။

**ဂ။ ဝန်ထမ်းများ ပါဝင်နိုင်သည့်နည်းလမ်းများ ဖွံ့ဖြိုးလာအောင် ခွင့်ပြုသင့်သည်။**

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင်အလုပ်သမားများပါဝင်နိုင်မှုအတိုင်းအတာသည်တိုင်းပြည်၏ဥပဒေနှင့် ကျင့်ထုံးများအပေါ်တွင် မူတည်သကဲ့သို့ အလားတူ ကုမ္ပဏီတစ်ခုနှင့် တစ်ခုလည်း ကွဲပြားနိုင်သည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဖြစ်စဉ်တွင် ပါဝင်နိုင်မှုအစီအစဉ်များသည် ကုမ္ပဏီအတွက် ဝန်ထမ်းများ၏ သတ်မှတ်ထားသည့် ကျွမ်းကျင်မှုများအတွက် ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရန် အဆင်သင့်ဖြစ်နေမှုများက တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် အကျိုးပြုသည်။ ဝန်ထမ်းများ ပါဝင်နိုင်မှု အစီအမံများကို ဥပမာ အနေဖြင့် ကြည့်မည်ဆိုလျှင် ဘုတ်အဖွဲ့အတွင်း ဝန်ထမ်းကိုယ်စားပြုမှု၊ အချို့သော အဓိကကျသည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ဝန်ထမ်းများ၏အမြင်ကို ထည့်သွင်းစဉ်းစားသောအလုပ်နှင့် ဆက်စပ်သည့် ကောင်စီများအဖြစ် ပါဝင်သည့် အုပ်ချုပ်မှုလုပ်ငန်းစဉ်တို့ ပါဝင်သည်။ အပြည် ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် နိုင်ငံတော်စံနှုန်းသတ်မှတ်ချက်များအရလည်း ဝန်ထမ်းများ ၏ သတင်းအချက်အလက်ရယူပိုင်ခွင့်၊ တိုင်ပင်ဆွေးနွေးခွင့် နှင့် ညှိနှိုင်းဆွေးနွေးပိုင်ခွင့် တို့ကို အသိအမှတ်ပြုထားသည်။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပတ်သက်သည့် အစီ အမံများတွင် ဝန်ထမ်းများ စတော့ရှယ်ယာပိုင်ဆိုင်ခွင့်အစီအစဉ်နှင့် အခြားအကျိုးအမြတ် ခွဲဝေရေး အစီအမံများကို နိုင်ငံများစွာတွင် ကျင့်သုံးလျက်ရှိသည်ကို တွေ့ရသည်။ ပင်စင်အာမခံချက်သည် လည်း ကုမ္ပဏီ နှင့် ဝန်ထမ်းကြား အတိတ်နှင့် ပစ္စုပ္ပန် ဆက်ဆံရေးတွင် မကြာခဏ ပါဝင်သည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထိုသို့ အာမခံချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် လွတ်လပ် သော ရန်ပုံငွေတစ်ရပ်ထူထောင်ရေးနှင့် ရန်ပုံငွေဘဏ္ဍာထိန်းသိမ်းစီမံသူများသည် ကုမ္ပဏီ စီမံခန့်ခွဲမှု လောင်းရိပ်မှ ကင်းလွတ်သူများဖြစ်ရန် လိုအပ်ပြီး အကျိုးခံစားခွင့် ရနိုင်သူများအားလုံးအတွက် အဆိုပါရန်ပုံငွေကို စီမံခန့်ခွဲရမည်။

**ဃ။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များတွင် ပါဝင်သည့် အကျိုးသက်ဆိုင်သူများသည် အချိန်မီ နှင့် အချိန်မှန် ဖြစ်သည့် ပုံစံဖြင့် သက်ဆိုင်လုံလောက်ကာ ယုံကြည် စိတ်ချရသော သတင်းအချက်အလက်များ ရယူပိုင်ခွင့် ရှိသင့်သည်။**

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဘောင်၏ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများက အကျိုးသက်ဆိုင်သူများကို ပါဝင်ခွင့်ပေးသည့်နေရာတွင် ၎င်းတို့၏ တာဝန်များကို အပြည့်အဝ ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ ရရှိရန် အရေးကြီးသည်။

**င။ ဝန်ထမ်းတစ်ဦးချင်း နှင့် ၎င်းတို့၏ကိုယ်စားလှယ်အဖွဲ့များ အပါအဝင် အကျိုးသက်ဆိုင်သူများသည် ဘုတ်အဖွဲ့နှင့် အရည်အချင်းပြည့်ဝသော အစိုးရအာဏာပိုင်များကို တရားမဝင်သော သို့မဟုတ် ကျင့်ဝတ်နှင့် မညီသောအလေ့အထများနှင့် ပတ်သက်ပြီး ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို လွတ်လပ်စွာ ဆက်သွယ်ပြောကြား နိုင်စွမ်းရှိသင့်ပြီး ထိုသို့ ဆောင်ရွက်သည့်အတွက် ၎င်းတို့၏ ရပိုင်ခွင့် အခွင့်အရေးများကို ထိခိုက်ခြင်း မရှိသင့်ပါ။**

ကော်ပိုရိတ်အရာရှိများ၏ ကိုယ့်ကျင့်တရားနှင့် မညီဘဲ တရားမဝင်သော လုပ်ရပ်များက အကျိုးသက်ဆိုင်သူများ၏ အခွင့်အရေးကို ချိုးဖောက်ရုံမျှမကဘဲ ကုမ္ပဏီဂုဏ်သတင်းကျော်စောမှုကို ထိခိုက်စေပြီး အနာဂတ်ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်ရှိမှုများအပေါ်တွင် ဆုံးရှုံးနိုင်ချေများ ဖြစ်ပေါ်စေခြင်းအားဖြင့် အဆိုပါကုမ္ပဏီနှင့် ရှယ်ယာပိုင်ရှင်များ၏ အကျိုးစီးပွားကိုထိခိုက်နစ်နာစေပါသည်။ ထို့ကြောင့် ကုမ္ပဏီနှင့် ၎င်း၏ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားအတွက် တရားမဝင်သော ကိုယ်ကျင့်တရားနှင့်လည်း မကိုက်ညီသောအပြုအမူများနှင့် ပတ်သက်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အဖွဲ့များမှ တစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီပြင်ပ ပုဂ္ဂိုလ်ဖြစ်စေ၊ ဝန်ထမ်း နှင့် ပတ်သက်သည့် တိုင်ကြားမှုများကို အရေးယူဆောင်ရွက်ပေးမည့် နေရာနှင့် ထိုသို့ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းသတ်မှတ်ပေးရန် လိုအပ်သည်။ ထိုသို့ တိုင်ကြားသည့် တစ်စုံတစ်ယောက် သို့မဟုတ် အစုအဖွဲ့ကိုယ်စားလှယ်များကို ဥပဒေအရသို့မဟုတ် စည်းမျဉ်း စည်းကမ်းများအရ အကာအကွယ်ပေးရန်နှင့် ထိုတိုင်ကြားသူများသည် ဘုတ်အဖွဲ့က သီးခြားလွတ်လပ်သော အဖွဲ့ဝင်တစ်ဦး အများအားဖြင့် စာရင်းစစ်အဖွဲ့ဝင် သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာကော်မတီဝင်တစ်ဦးကို လျှို့ဝှက်တိုက်ရိုက်ချဉ်းကပ်တိုင်ကြားနိုင်သည့် အခွင့်အရေးပေးထားရန် ဘုတ်အဖွဲ့ကို တိုက်တွန်းသင့်သည်။ အချို့ကုမ္ပဏီများသည် စစ်ဆေးရေးဌာနတစ်ခုကို ထူထောင်ထားရှိပြီး တိုင်ကြားမှုများကို ကိုင်တွယ်စစ်ဆေးသည်။ ဥပဒေစည်းမျဉ်းထိန်းကြောင်းသည့် အေဂျင်စီအများအပြားသည်လည်း လျှို့ဝှက်ဖုန်းနှင့် အီးမေးလ်တို့ဖြင့် တိုင်းကြားချက်များကို လက်ခံဆောင်ရွက်သည်။ အချို့နိုင်ငံများတွင် ဝန်ထမ်းကိုယ်စားလှယ်အဖွဲ့များက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို သက်ဆိုင်ရာ ကုမ္ပဏီသို့ တင်ပြသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ဝန်ထမ်းတစ်ဦးချင်းက တိုင်ကြားသည့်အခါ ၎င်း၏ တိုင်ကြားနိုင်ခွင့်ကို တားမြစ်ခြင်း သို့မဟုတ် အကာအကွယ်ပေးမှု လျော့ခြင်းမျိုး မပြုလုပ်သင့်ပေ။ အချိန်မီကုစားအရေးယူမှု ဆောင်ရွက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ဥပဒေအရ တားမြစ်ထားသော တိုင်ကြားချက်ကို အကြောင်းပြုပြီး မလိုလားအပ်သည့် အလုပ်ခန့်ထားမှုနှင့် သက်ဆိုင်သည့် အရေးယူမှုပြုလုပ်ရန် သိသာထင်ရှားသည့် အန္တရာယ်နှင့် ကြုံတွေ့လာသည့်အခါ ၎င်းတို့၏ တိုင်ကြားချက် အစစ်အမှန်ကို အရည်အချင်း ပြည့်ဝသည့် အာဏာပိုင်များထံ သတင်းပို့အကြောင်းကြားရန် ဝန်ထမ်းများကို တိုက်တွန်းသင့်သည်။ နိုင်ငံများစွာသည် OECD Guidelines for Multinational Enterprises လမ်းညွှန်ချက်အား ဖောက်ဖျက်မှုကိစ္စရပ်များကို ထိုတိုင်းပြည်၏ National Contact Point ဟုခေါ် သည့် အဖွဲ့ကို ပေးပို့နိုင်သည်ကို တွေ့ရသည်။ ကုမ္ပဏီအနေဖြင့် ထိုကဲ့သို့ တိုင်ကြားသည့် ဝန်ထမ်း သို့မဟုတ် အဖွဲ့အစည်းများ အပေါ် ခွဲခြားဆက်ဆံမှု သို့မဟုတ် စည်းကမ်းပိုင်းအရ အရေးယူမှုများမှ ရှောင်ကြဉ်ရမည် ဖြစ်သည်။

**စ။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်ကို ထိရောက်မှုရှိပြီး ပြည့်စုံသော ကုမ္ပဏီစာရင်းရှင်း ဖျက်သိမ်းခြင်းဆိုင်ရာ မူဘောင်တစ်ခုနှင့် မြီရှင်အခွင့်အရေးများအတွက် ထိရောက်စွာ အကောင်အထည် ဖော်ဆောင်နိုင်မှုတို့ဖြင့် အားဖြည့်ပေးရမည်။**

မြီရှင်များသည် အရေးကြီးသည့် အဓိကပါဝင်ပတ်သက်သူများဖြစ်ပြီး ကုမ္ပဏီများသို့ ထုတ်ချေး ထားသော ကြွေးမြီ၏ စည်းမျဉ်းစည်းကမ်း၊ ကာလအပိုင်းအခြား၊ ပမာဏ နှင့် အမျိုးအစားတို့သည် မြီရှင်တို့၏ အခွင့်အရေးများနှင့် ၎င်းတို့၏ စည်းမျဉ်းစည်းကမ်းများကို အသက်ဝင် ထိရောက်အောင် ဆောင်ရွက်မှုတို့အပေါ်တွင်များစွာမူတည်သည်။ ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မှတ်တမ်း ကောင်းရှိသောကုမ္ပဏီများသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မှတ်တမ်းအားနည်းသောကုမ္ပဏီများ နှင့် ပွင့်လင်းမြင်သာမှုအားနည်းသောဈေးကွက်ရှိ ကုမ္ပဏီများထက် ချေးငွေပမာဏပိုမိုများပြားပြီး ပိုမို ကောင်းမွန်သည့် စည်းကမ်းချက်များဖြင့် ချေးငှားနိုင်ကြသည်။ ကော်ပိုရိတ်ဒေဝါလီခံမှု မူဘောင်သည် နိုင်ငံများအကြား ကျယ်ပြန့်စွာကွဲပြားခြားနားကြသည်။ အချို့သောနိုင်ငံများတွင် ကုမ္ပဏီများဒေဝါလီ ခံရန်နီးကပ်လာချိန်တွင် ဥပဒေမူဘောင်အရ မြီရှင်များ၏အကျိုးစီးပွားကို ဆောင်ရွက်ပေးရန် ဒါရိုက်တာများကို တာဝန်ပေးအပ်ထားပြီး ထိုဒါရိုက်တာများသည် ကုမ္ပဏီ၏စီမံခန့်ခွဲရေးအဖွဲ့တွင် အရေးပါထင်ရှားသည့် အခန်းကဏ္ဍမှပါဝင်ကြသည်။ အခြားနိုင်ငံများတွင် မြီစားများ အနေဖြင့်ကုမ္ပဏီ ၏ အခက်အခဲများကို အချိန်မီသတင်းထုတ်ပြန်သည့်အစီအမံများကို အားပေးပြီး သို့မှသာ မြီစားနှင့် မြီရှင်တို့အကြားသဘောတူညီမှုအဖြေတစ်ခုကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။

အာမခံစာချုပ်ချေးငွေစာချုပ် ကိုင်ဆောင်ထားသူများမှစ၍ အာမခံမရှိသည့် မြီရှင်များအထိ မြီရှင် များ၏ အခွင့်အရေးများမှာလည်း ကွဲပြားမှုရှိကြသည်။ ဒေဝါလီခံမှု လုပ်ထုံးလုပ်နည်းများတွင် မတူညီသည့် မြီရှင် အတန်းအစားများ၏ အကျိုးစီးပွားများကို ညီညွတ်အောင် ပြုလုပ်ရန် ပြည့်စုံ လုံလောက်သော အစီအမံများ ရှိရန်လိုအပ်သည်။ နိုင်ငံများစွာတွင် "ကုမ္ပဏီအတွက် ဆက်လက် ရှင်သန်ဆောင်ရွက် နိုင်ရန်အခွင့်အလမ်းပေးသည့် ကြွေးမြီအသစ်" (debtor in possession) ကဲ့သို့သော အစီအမံဖြင့် အထူးအခွင့်အရေးဖြင့် ဘဏ္ဍာရေးထောက်ပံ့မှု ပြုလုပ်ရန် ဥပဒေ ပြဋ္ဌာန်းပြီး ယင်းထောက်ပံ့မှုဖြင့် ဒေဝါလီခံသည့် လုပ်ငန်းများအား ရန်ပုံငွေအသစ်များဖြင့် မက်လုံးပေး/အကာ အကွယ်ပေးပြီး ရန်ပုံငွေထောက်ပံ့လျက်ရှိသည်။

# ၅။ ဖွင့်ဟထုတ်ဖော်မှု နှင့် ပွင့်လင်းမြင်သာမှု

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်သည် ဘဏ္ဍာရေး အခြေအနေ၊ လုပ်ငန်း လုပ်ဆောင်မှု၊ ပိုင်ဆိုင်မှုနှင့် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုတို့ အပါအဝင် ကော်ပိုရေးရှင်း နှင့် ပတ်သက်သော အရေးကြီးသည့် ကိစ္စအားလုံးကို တိကျမှန်ကန်စွာ၊ အချိန်နှင့် တပြေးညီ ဖော်ထုတ်အသိပေးရန် အာမခံချက် ပေးရမည်။**

နိုင်ငံအများစုတွင် ရှယ်ယာများဈေးကွက်တင်ရောင်းထားသည့် အများပိုင်ကုမ္ပဏီများ နှင့်ရှယ်ယာ ရောင်းချရန် ဈေးကွက်တင်မထားသည့် လုပ်ငန်းကြီးများက ဥပဒေလိုအပ်ချက်အရနှင့် မိမိဆန္ဒအရပါ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များစုဆောင်းထားကြပြီး ထိုသတင်းအချက်အလက်များ ကို ကျယ်ပြန့်များပြားလှသည့် သုံးစွဲသူပေါင်းစုံက ရယူသုံးစွဲကြသည်။ အနိမ့်ဆုံးအနေဖြင့် နှစ်စဉ် တစ်နှစ်လျှင်တကြိမ် အများပြည်သူထံ ဖွင့်ဟထုတ်ပြန်ရန် လိုအပ်သည်။ သို့သော် အချို့နိုင်ငံများ တွင် သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် ဖွင့်ဟထုတ်ဖော်ရန်လိုအပ်ပြီး ကုမ္ပဏီအပေါ်ကြီးမားစွာ အကျိုးသက်ရောက်မှုရှိသည့်အရေးကြီးကိစ္စဖြစ်ပေါ်နေပါက မကြာခဏထုတ်ပြန်ပေးရန်လိုအပ်သည်။ ကုမ္ပဏီများသည် ဈေးကွက်ဝယ်လိုအားကို တုံ့ပြန်သောအားဖြင့် မကြာခဏဆိုသလို အနိမ့်ဆုံး ထုတ်ပြန်ရန်လိုအပ်သည့်အကြိမ်ရေထက်ကျော်လွန်ပြီး ဆန္ဒအလျောက်လည်း ထုတ်ပြန်ကြပါသည်။

ကော်ပိုရိတ်အခြေခံစည်းမျဉ်းစည်းကမ်းများက ပုံမှန်သတင်းထုတ်ပြန်ချိန် ကြားကာလအတွင်း ဖြစ်ပေါ်လာသည့် အရေးကြီးသော ထူးခြားဖြစ်စဉ်အားလုံးကို အချိန်မီထုတ်ပြန်ရန် တိုက်တွန်းသည်။ မျှတစွာ ဆက်ဆံမှု ထားရှိစေရန်အတွက် အစုရှယ်ယာရှင်များအားလုံးကို အရေးကြီးသော၊ လိုအပ် သော သတင်းအချက်အလက်များ တပြိုင်တည်း ဖြန့်ဝေပေးရန်လည်း ထောက်ခံထားသည်။ ရင်းနှီး မြှုပ်နှံသူများနှင့် ဈေးကွက်တွင်ပါဝင်သူများ၏ နီးစပ်သော ဆက်ဆံရေးကို ထိန်းသိမ်းရာတွင် ကုမ္ပဏီ များအနေဖြင့် ဤအခြေခံကျသည့် မျှတစွာဆက်ဆံမှု အခြေခံသဘောတရားကို မချိုးဖောက်မိစေရန် သတိပြုရမည်။

ဖွင့်ဟထုတ်ဖော်ပေးရန် လိုအပ်ချက်များသည် လုပ်ငန်းများအပေါ်တွင် မလိုလားအပ်သော အုပ်ချုပ်မှု ဆိုင်ရာ သို့မဟုတ် ကုန်ကျစရိတ်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးမဖြစ်သင့်ပေ။ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်အတွက်လိုအပ်သည့် သတင်းအချက်အလက်ပေးရန် နှင့် ရင်းနှီးမြှုပ်နှံသူများအမြင်မှား မှု ကို ရှောင်ရှားရန်အတွက် ဖွင့်ဟထုတ်ဖော်ရန်လိုအပ်သည့် အခြေအနေမှလွဲ၍ ကုမ္ပဏီများသည် ၎င်းတို့၏ ပြိုင်ဆိုင်နိုင်မှုအနေအထားကို ထိခိုက်စေနိုင်သည့် သတင်းထုတ်ပြန်မှု ပြုလုပ်လိမ့်မည် မဟုတ်ကြောင်းမျှော်လင့်ရပါသည်။ အနိမ့်ဆုံးအားဖြင့် မည်ကဲ့သို့သော သတင်းအချက်အလက်များ ထုတ်ပြန်မည် ဆိုသည်ကို ဆုံးဖြတ်ချက် ပြုလုပ်နိုင်ရန်အတွက် နိုင်ငံများစွာတွင် အရေးပါမှု သဘော တရား (the concept of materiality) ကို ကျင့်သုံးလာကြသည်။ အရေးကြီးသည့်သတင်း (Material information) ဆိုသည်မှာ ထိုသတင်းကို ဖယ်ထားမှု သို့မဟုတ် မှားယွင်းဖော်ပြပါက အသုံးပြုသူ၏ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးမှုရှိနိုင်သည့်သတင်းဟု အဓိပ္ပါယ်ဖွင့်

ဆိုထားပါသည်။ အရေးကြီးသောသတင်းသည် ဝေဖန်ပိုင်းခြားနိုင်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦးက ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် မဲပေးမှု ဆုံးဖြတ်ချက်များ ပြုလုပ်သည့်အခါ အရေးကြီးသည်ဟု မှတ်ယူထားသည့် သတင်းဖြစ်သည်။

စစ်မှန်သော ပွင့်လင်းမြင်သာရှိမှုကို အားပေးသည့် ခိုင်မာသော ဖွင့်ဟထုတ်ဖော်မှုလုပ်ငန်းစဉ်သည် ကုမ္ပဏီများကို ဈေးကွက်အခြေခံပြု စောင့်ကြည့်ရေးစနစ်၏ အဓိကအသွင်ပြင်လက္ခဏာဖြစ်ပြီး ထိုလုပ်ငန်းစဉ်သည် ရှယ်ယာပိုင်ရှင်များက သတင်းအချက်အလက်အပေါ်အခြေပြုပြီး ရှယ်ယာပိုင်ရှင် ရပိုင်ခွင့် အခွင့်အရေးများကို အသုံးပြုရာတွင် အလွန်အရေးပါသည်။ သတင်းထုတ်ပြန်ချက်သည် ကုမ္ပဏီ၏အပြုအမူအပေါ် ဩဇာလွှမ်းမိုးရန်နှင့် ရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ပေးရန်အစွမ်းထက် လက်နက်ဖြစ်ကြောင်းကိုလည်း အတွေ့အကြုံက ပြသလျက်ရှိပါသည်။ ခိုင်မာသောဖွင့်ဟထုတ်ဖော်ချက်တစ်ခုက အရင်းအနှီးများဆွဲဆောင်မှုကို ဖြစ်စေပြီး အရင်းအနှီးဈေးကွက်တွင် ယုံကြည်မှုကို ထိန်းသိမ်းပေးသည်။ ဆန့်ကျင်ဘက်အားဖြင့် သတင်းထုတ်ပြန်ချက်အားနည်းသော၊ ပွင့်လင်းမြင်သာမှု မရှိသောကုမ္ပဏီသည် ၎င်း၏ အစုရှယ်ယာပိုင်ရှင်များအတွက်သာမကဘဲ စီးပွားရေးလောကကြီးတစ်ခုလုံးကိုပါ ကြီးမားစွာဆုံးရှုံးစေနိုင်သည့် ဈေးကွက်အတွင်း ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်စွမ်း ဆုံးရှုံးသွားပြီး ကိုယ့်ကျင့်တရား နှင့်မညီသောအပြုအမူများ ဖြစ်ပေါ်လာစေနိုင်သည်။ ရှယ်ယာပိုင်ရှင်များနှင့် ရင်းနှီးမြှုပ်နှံသူဖြစ်လာရန် အလားအလာရှိသူများ အနေဖြင့် စီမံခန့်ခွဲမှုကို ကြီးကြပ်နိုင်ရန်၊ တန်ဖိုးသတ်မှတ်မှု၊ ပိုင်ဆိုင်မှုနှင့် ရှယ်ယာပိုင်ဆိုင်မှုအလိုက်မဲပေးမှုတို့နှင့်ပတ်သက်၍ သတင်းအချက် ပြည့်စုံစွာသိရှိပြီးမှ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် အချိန်နှင့် တပြေးညီဖြစ်ပြီး ယုံကြည်စိတ်ချရကာ လုံလောက်သော အသေးစိတ်ကျသည့် နှိုင်းယှဉ်လေ့လာနိုင်သော သတင်းအချက်အလက်များ ရယူသုံးစွဲခွင့်ရှိရန် လိုအပ်သည်။ ပြည့်စုံရှင်းလင်းမှုမရှိသည့် သတင်းအချက်အလက်များက ဈေးကွက် လည်ပတ်နိုင်စွမ်းကို ထိခိုက်စေနိုင်ပြီး အရင်းအနှီးအတွက် ကုန်ကျစရိတ်ကိုများပြားလာစေကာ နောက်ဆုံးတွင် အရင်းအမြစ်ခွဲဝေစီမံမှုကိုပါ အားနည်းလာစေပါသည်။

သတင်းထုတ်ပြန်မှုကလုပ်ငန်းကြီးများ ဖွဲ့စည်းမှုနှင့် လုပ်ဆောင်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် ကိုယ်ကျင့် တရားဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ နှင့် ပတ်သက်သောကုမ္ပဏီ မူဝါဒများ နှင့် စွမ်းဆောင်ရည် နှင့် လုပ်ငန်းလုပ်ဆောင်သည့် နေရာရှိလူများနှင့် ဆက်ဆံရေးကို အများပြည်သူ နားလည်မှု တိုးတက် လာအောင် အထောက်အကူပေးသည်။ *OECD Guidelines for Multinational Enterprises* သည် နိုင်ငံများစွာတွင် လုပ်ကိုင်လျှက်ရှိသည့် နိုင်ငံစုံလုပ်ငန်းကြီးများနှင့် ဆီလျော်သက်ဆိုင်မှု ရှိနိုင်ပါသည်။

**က။ ဖွင့်ဟထုတ်ဖော်ရာတွင် အောက်ပါအကြောင်းအရာတို့နှင့် ပတ်သက်သည့် အရေးကြီးသော သတင်းအချက်အလက်များပါဝင်သင့်သည်။ သို့သော် အခြားအချက်အလက်များကိုလည်း ကန့်သတ်ထားခြင်းမရှိပါ။**

**၁။ ကုမ္ပဏီ၏ဘဏ္ဍာရေး နှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များ။**

ကုမ္ပဏီ၏ ဘဏ္ဍာရေးစွမ်းဆောင်ရည် နှင့် ဘဏ္ဍာရေးအခြေအနေကို ဖော်ပြသောစာရင်း စစ်ပြီး ဘဏ္ဍာရေးရှင်းတမ်း (ထုံးစံအားဖြင့် ငွေလက်ကျန်ရှင်းတမ်း၊ အမြတ်-အရှုံးရှင်းတမ်း၊ ငွေသား စီးဆင်းမှု နှင့် ဘဏ္ဍာရေးရှင်းတမ်း နှင့် ပတ်သက်သောမှတ်ချက်) တို့မှာ ကုမ္ပဏီများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော သတင်းအရင်းမြစ်များဖြစ်သည်။ ထိုအချက်အလက်များ

က သင့်တော်သည့် စောင့်ကြပ်ကွပ်ကဲမှုကို ဖြစ်ထွန်းစေပြီး ရှယ်ယာနှင့် ချေးငွေစာချုပ်များ တန်ဖိုးဖြတ်ရန်အတွက် အကူအညီဖြစ်စေပါသည်။ စီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးမှုနှင့် လုပ်ငန်းစိစစ်သုံးသပ်ချက်တို့မှာ ထုံးစံအားဖြင့် နှစ်ပတ်လည်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသည်။ အဆိုပါ ဆွေးနွေးချက်များသည် ပူးတွဲဖော်ပြထားသည့် ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဆက်စပ်ဖတ်ရှုလျှင် ပိုပြီး အသုံးဝင်ထိရောက်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် အထူးသဖြင့် အနာဂတ်လုပ်ငန်း စွမ်းဆောင်ရည်ကို မီးမောင်းထိုးပြသည့် သတင်းအချက်အလက်များကို စိတ်ဝင်စားကြသည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ကျရှုံးခြင်းသည် "ဖြစ်ရပ်အခြေအနေတစ်ခုလုံး"ကို ထုတ်ပြန်ပေးရန် ပျက်ကွက်မှုများနှင့် မကြာခဏ ဆက်နွယ်နေပြီး အထူးသဖြင့် ငွေလက်ကျန်ရှင်းတမ်းတွင် မပါရှိသည့် အကြောင်းအရာများကို အသုံးချပြီး အာမခံချက်ပေးခြင်း သို့မဟုတ် ဆက်စပ်ပတ်သက်ရာ ကုမ္ပဏီများအကြား အလားတူလုပ်ဆောင်သော အခါမျိုးတွင် ဖြစ်လေ့ရှိပါသည်။ ထို့ကြောင့် ကုမ္ပဏီအုပ်စုကြီးတစ်ခုလုံးနှင့် ဆက်နွယ်နေသော အဝယ်အရောင်းကိစ္စများကို နိုင်ငံတကာက လက်ခံထားသည့် စံနှုန်းများနှင့်အညီ ထုတ်ပြန်သွားရန်လိုအပ်သည်။ ထိုသို့ထုတ်ပြန်ရာတွင် အရေးပေါ်အခြေအနေတွင် ပြန်လည်ပေးဆပ်ရမည့် ပေးရန်ရှိအကြွေးစာရင်းများ၊ ငွေလက်ကျန်ရှင်းတမ်းတွင် မပါသည့် အရောင်း-အဝယ်စာရင်းများနှင့် အလားတူ အထူးကိစ္စရပ်များအတွက် ဆောင်ရွက်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များလည်း ပါရှိရမည် ဖြစ်သည်။

### ၂။ ကုမ္ပဏီရည်မှန်းချက်များနှင့်ဘဏ္ဍာရေးနှင့်မသက်ဆိုင်သည့်သတင်းအချက်အလက်များ။

ကုမ္ပဏီများကို ၎င်းတို့၏ စီးပွားရေး ရည်မှန်းချက်များနှင့်အတူ ကုမ္ပဏီအတွက် အရေးကြီးသည့် စီးပွားရေးကျင့်ဝတ်နှင့် သက်ဆိုင်သည့် မူဝါဒများနှင့် ဆောင်ရွက်ချက်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာကိစ္စများ၊ လူ့အခွင့်အရေးနှင့် အခြားပြည်သူ့ရေးရာ မူဝါဒလုပ်ဆောင်ချက်များကို သတင်း ထုတ်ပြန်ပေးရန် တိုက်တွန်းကြသည်။ အဆိုပါ သတင်းအချက်အလက်များသည် ကုမ္ပဏီများနှင့် ၎င်းတို့လုပ်ငန်းများ ဆောင်ရွက်နေသည့် လူမှုအသိုင်းအဝိုင်းအကြား ဖြစ်တည်နေသည့် ဆက်ဆံရေးနှင့် သူတို့၏ ရည်မှန်းချက်များအောင်မြင်ရန် ဆောင်ရွက်နေသည့်ခြေလှမ်းများ အကြား ဆက်နွယ်မှုကို လေ့လာအကဲဖြတ်ရန်အတွက် အချို့ရင်းနှီးမြှုပ်နှံသူများနှင့် အခြားသတင်း အချက်အလက် အသုံးပြုသူများအတွက် အရေးကြီးသည်။

နိုင်ငံများစွာတွင် ယင်းကဲ့သို့သော ဖွင့်ဟထုတ်ဖော်ချက်များသည် ကုမ္ပဏီကြီးများအတွက် လိုအပ်သည်။ ထုံးစံအားဖြင့် ၎င်းတို့၏ စီမံခန့်ခွဲမှု အစီရင်ခံစာ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကုမ္ပဏီများသည် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သည့် သတင်းအချက်အလက်များကို မိမိသဘောဆန္ဒအလျောက် ထုတ်ပြန်ကြသည်။ ယင်းသတင်း ထုတ်ပြန်ချက်များတွင် နိုင်ငံရေးမူဝါဒရေးရာ ကိစ္စရပ်များအတွက် လှူဒါန်းမှုများ ပါဝင်နိုင်ပြီး အခြားသတင်းထုတ်ပြန်ရေး လမ်းကြောင်း၌ အဆိုပါ သတင်းအချက်အလက်မျိုး အလွယ်တကူ မရရှိနိုင်ပေ။

အချို့သောနိုင်ငံများတွင် ကုမ္ပဏီကြီးများအတွက် ထပ်ဆောင်းထုတ်ပြန်ချက်များလိုအပ်သည်။ ဥပမာအားဖြင့် ထိုထပ်ဆောင်းထုတ်ပြန်ချက်များတွင် အသားတင်အမြတ်အရှုံး ကိန်းဂဏန်း သို့မဟုတ် ဆောင်ရွက်မှု အမျိုးအစားအလိုက် သို့မဟုတ် နိုင်ငံအလိုက် (နိုင်ငံအလိုက် ဆောင်ရွက်ချက်များကို တင်ပြခြင်း) အစိုးရများကို ပေးသွင်းမှုတို့ပါဝင်သည်။

### ၃။ အကျိုးစီးပွားပိုင်ရှင်များ အပါအဝင် အဓိကရှယ်ယာအများစု ပိုင်ဆိုင်မှု နှင့် မဲပေးခွင့်

ရင်းနှီးမြှုပ်နှံသူများ၏ အခြေခံရပိုင်ခွင့် အခွင့်အရေးတစ်ခုမှာ လုပ်ငန်း၏ ပိုင်ဆိုင်မှု ဖွဲ့စည်းတည်ဆောက်ပုံနှင့် ၎င်းတို့၏ အခွင့်အရေးများကို အခြားရှယ်ယာရှင်များ၏ အခွင့်အရေးများ နှင့် ထပ်တူ သတင်းအချက်များရရှိရန်ဖြစ်သည်။ ထိုသို့ သတင်းအချက်အလက်ရရှိနိုင်ခွင့်တွင် ကုမ္ပဏီအုပ်စုများ ဖွဲ့စည်းတည်ဆောက်ပုံနှင့်အဆိုပါကုမ္ပဏီအုပ်စုများအကြားအပြန်အလှန်ဆက်နွယ်မှုအကြောင်းများလည်း သိရှိခွင့်ရှိရမည်။ ထိုသတင်းထုတ်ပြန်ချက်များတွင် အုပ်စု၏ ရည်မှန်းချက်၊ သဘောသဘာဝနှင့် ဖွဲ့စည်းတည်ဆောက်ပုံကို ပွင့်လင်းမြင်သာစွာ ဖော်ပြသင့်သည်။ အနိမ့်ဆုံးအဆင့် သတ်မှတ်ထားသည့် ပိုင်ဆိုင်မှုပမာဏ ကျော်လွန်သွားပါကလည်း ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့်အချက်အလက်များကို ထုတ်ပြန်ပေးသင့်သည်။ ယင်းထုတ်ပြန်မှုများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီကို ထူးထူးခြားခြား ဩဇာလွှမ်းမိုးသည့် သို့မဟုတ် ထိန်းချုပ်သည့် သို့မဟုတ် (ဥပမာအားဖြင့်) အထူးမဲပေးနိုင်သည့် အခွင့်အရေး၊ ရှယ်ယာပိုင်ရှင်၏ သဘောတူညီချက်များ၊ ရှယ်ယာ အမြောက်အမြားပိုင်ဆိုင်မှုနှင့် ထိန်းချုပ်နိုင်မှု၊ ထူးခြားမှုရှိသော မတူညီသော စတော့ဈေးကွက်များမှ တဆင့် ကုမ္ပဏီတစ်ခု၏ ရှယ်ယာပိုင်ဆိုင်နေမှု၊ ကွဲပြားသည့် ဈေးကွက်များအကြား အပြန်အလှန် အာမခံချက်များမှတစ်ဆင့် ဩဇာလွှမ်းမိုးနိုင်သည့် သို့မဟုတ် ထိန်းချုပ်မှုပြုနိုင်သည့် အဓိကရှယ်ယာရှင်များနှင့် အခြားရှယ်ယာရှင်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပါဝင်သည်။ ထို့အတူ အမှုဆောင်မဟုတ်သည့် အကြီးအကဲများအပါအဝင် ဒါရိုက်တာများ၏ ရှယ်ယာပိုင်ဆိုင်မှုကို ထုတ်ပြန်ပေးခြင်းမှာလည်း ကောင်းမွန်သည့် အလေ့အထဖြစ်သည်။

အထူးသဖြင့် စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ရာတွင် ဖြစ်လာနိုင်သော အကျိုးစီးပွားဆန့်ကျင်ဖီလာဖြစ်မှု၊ ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် အတွင်းလူ အချင်းချင်း ရှယ်ယာ ရောင်းဝယ်ခြင်း တို့ကို ဖော်ထုတ်ရန် အမည်ပေါက်ရှယ်ယာပိုင်ဆိုင်မှု (record ownership) များ၏ သတင်းအချက်ကို အမှန်တကယ် အကျိုးခံစားရသည့် ပိုင်ဆိုင်မှု (beneficial ownership)၏ သတင်းအချက်အလက်များဖြင့် ပံ့ပိုးဖြည့်ဆည်းပေးရမည်။ အဓိကရှယ်ယာ ပိုင်ဆိုင်မှုများကို ဘဏ္ဍာရေးကြားခံပုံသဏ္ဍာန်များ သို့မဟုတ် အစီအမံများမှတဆင့် ပိုင်ဆိုင်ထားပါက အကျိုးခံစားခွင့်ရသည့် ပိုင်ရှင်များ၏ သတင်းအချက်အလက်များကို အာဏာပိုင်အဖွဲ့များနှင့် တရားဥပဒေ စိုးမိုးရေး အေဂျင်စီများ နှင့်/သို့မဟုတ် တရားစီရင်ရေး လုပ်ငန်းစဉ်များမှတဆင့် ရယူနိုင်ခွင့်ရှိသင့်သည်။ ထို့ပြင်အဆိုပါကိစ္စရပ်တွင် *OECD* စံသတ်မှတ်ချက်ပုံစံ *Options for Obtaining Beneficial Ownership and Control Information* နှင့် Financial Action Task Force ၏ Guidance on Transparency and Beneficial Ownership လမ်းညွှန်ချက်များက အသုံးဝင်နိုင်ပါသည်။

### ၄။ ဘုတ်အဖွဲ့များနှင့် အဓိကအမှုဆောင်အကြီးအကဲများ၏ လုပ်ခလစာ ခံစားခွင့်များ။

ဘုတ်အဖွဲ့နှင့် အမှုဆောင်အကြီးအကဲများ လုပ်ခလစာ ခံစားခွင့်များမှာလည်း ရှယ်ယာပိုင်ရှင်များ စိတ်ဝင်စားသည့် သတင်းအချက်အလက်ဖြစ်သည်။ အထူးတလည် စိတ်ဝင်စားစရာကောင်းသည့် အချက်မှာ လုပ်ခလစာနှင့် ကုမ္ပဏီ၏ ရေရှည်စွမ်းဆောင်ရည်အကြား ဆက်စပ်မှုဖြစ်သည်။ ကုမ္ပဏီများက ယေဘုယျအားဖြင့် ဘုတ်အဖွဲ့နှင့် အဓိကအမှုဆောင်အကြီးအကဲများ၏ လုပ်ခလစာ အကြောင်း သတင်းအချက်ကို ထုတ်ပြန်ပေးမည်ဟု ရှယ်ယာရှင်များက မျှော်လင့်ကြသည်။ သို့မှသာ ရင်းနှီးမြှုပ်နှံသူများသည် လုပ်ခလစာပေးထားသည့် အစီအစဉ်မှ ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိသည့်

အကျိုးအမြတ်ကို ချိန်ထိုးပြီး စတော့ရွေးချယ်မှု အစီအစဉ်ကဲ့သို့ ဆွဲဆောင်မှုမက်လုံး အစီအစဉ်မှ ကုမ္ပဏီ၏ စွမ်းဆောင်ရည်ကို ပံ့ပိုးပေးနိုင်မှု အခြေအနေများကို လေ့လာအကဲဖြတ်နိုင်မည်ဖြစ်သည်။ အလုပ်မှုရပ်ဆဲမှုနှင့် အငြိမ်းစားယူမှုတို့ အပါအဝင် တစ်ဦးချင်း၏ အလုပ်အကိုင်နှင့် ပတ်သက်သည့် သတင်းများထုတ်ပြန်ပေးခြင်းမှာ ကောင်းသောအလေ့အထဟု လက်ခံလာကြပြီး ယခုအချိန်တွင် နိုင်ငံများစွာတွင် မဖြစ်မနေဆောင်ရွက်ရန် ဥပဒေ၊ အမိန့်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။ ဤကိစ္စနှင့် ပတ်သက်ပြီး အချို့နိုင်ငံများတွင် လစာအမြင့်ဆုံးရသည့် အမှုဆောင်အကြီးအကဲများ အခကြေးငွေကိုသာ ထုတ်ပြန်ပေးရန် သတ်မှတ်ကြပြီး အခြားနိုင်ငံများတွင်မူ သတ်မှတ်ထားသည့် ရာထူးများဖြင့်သာ သက်ဆိုင်သည်။

## ၅။ ဘုတ်အဖွဲ့ဝင်များ၏ အရည်အချင်းပြည့်မီမှုများ အပါအဝင် ရွေးချယ်ခန့်အပ်သည့် အစီအစဉ်၊ အခြားသောကုမ္ပဏီများတွင် ဒါရိုက်တာအဖြစ် လုပ်ဆောင်နေမှုနှင့် သီးခြားလွတ်လပ်မှု ရှိ၊ မရှိ ကို ဘုတ်အဖွဲ့ကသတ်မှတ်မှု စသည့် ဘုတ်အဖွဲ့ဝင်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဘုတ်အဖွဲ့ဝင်တစ်ဦးချင်း နှင့် အဓိကအမှုဆောင် အကြီးအကဲများ၏ အတွေ့အကြုံ နှင့် အရည်အချင်းပြည့်မီမှုတို့ကို အကဲဖြတ်ရန်နှင့် သူတို့၏ ဆုံးဖြတ်ချက်က အကျိုးသက်ရောက်စေသည့် အကျိုးစီးပွားပဋိပက္ခ ဖြစ်နိုင်ခြေအလားအလာများကို အကဲဖြတ်နိုင်ရန် သတင်းအချက်အလက်များ လိုအပ်ပါသည်။ ဘုတ်အဖွဲ့ဝင်များ၏ သတင်းအချက်အလက်များတွင် ၎င်းတို့၏ အရည်အချင်းပြည့်မီမှု၊ ကုမ္ပဏီတွင် ရှယ်ယာပိုင်ဆိုင်မှု၊ အခြားဘုတ်အဖွဲ့ဝင်များတွင် အဖွဲ့ ဝင် ဖြစ်မဖြစ်၊ အခြားအမှုဆောင် ရာထူးယူထားခြင်းရှိမရှိ နှင့် ၎င်းတို့ကို ဘုတ်အဖွဲ့က သီးခြားလွတ်လပ်သည့် အဖွဲ့ဝင်အဖြစ်မှတ်ယူခြင်း ရှိမရှိ စသည့်ကိစ္စ တို့ပါဝင်သည်။ အခြား ဘုတ်အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ခြင်းကို ထုတ်ပြန်ကြေညာရန် အရေးကြီးပြီး ထိုသို့ ထုတ်ပြန်ကြေငြာပေးခြင်းဖြင့် အခြားအဖွဲ့တွင်လည်း တပြိုင်တည်း အဖွဲ့ဝင်ဖြစ်နေခြင်းက ၎င်း၏ အတွေ့အကြုံ နှင့်ရင်ဆိုင်နေရသည့် အချိန်နှင့်ပတ်သက်၍ ဖိအားပေးခြင်းကို ဖော်ညွှန်းနေရုံမျှမက အကျိုးစီးပွားပဋိပက္ခဖြစ်နိုင်ခြေကို ဖော်ပြနေပြီး ဘုတ်အဖွဲ့၏ ချိတ်ဆက်မှုအတိုင်းအတာကိုလည်း ပွင်းလင်းမြင်သစွာ မြင်တွေ့နေရသော ကြောင့်ဖြစ်သည်။

နိုင်ငံတော်မူဝါဒများနှင့် အချို့ကိစ္စရပ်များတွင် ဥပဒေပြဌာန်းချက်များဖြင့် အမှီအခိုကင်းသူ အဖြစ်ယူဆနိုင်သော ဘုတ်အဖွဲ့ဝင်အတွက် တိကျသောတာဝန်များကို ချမှတ်ပေးထားပြီး အချို့နိုင်ငံများတွင် ဘုတ်အဖွဲ့ဝင်များအတွင်း ထိုသို့သီးခြားလွတ်လပ်သည့် အဖွဲ့ဝင်များ အများစုဖြင့် ဖွဲ့စည်းရန် အကြံပြုထားသည်။ ဘုတ်အဖွဲ့ဝင် တစ်ဦးသည် အဘယ်ကြောင့်အမှီအခိုကင်းသင့်သည်ကို ဆုံးဖြတ်ရန်အတွက်လိုအပ်သည့် ကြောင်းကျိုးခိုင်လုံမှုရှိသည့် အကြောင်းပြချက်ကို ရှာဖွေရန်မှာ ဘုတ်အဖွဲ့၏ တာဝန်ဖြစ်သည်။ ထို့နောက် ထိုအကြောင်းပြချက်များ၏ ကြောင်းကျိုးခိုင်လုံမှုကို ဆုံးဖြတ်ရန်မှာ ရှယ်ယာပိုင်ရှင်များနှင့် နောက်ဆုံးအဆင့်တွင် ဈေးကွက်များက ဆုံးဖြတ်ရန် တာဝန်ဖြစ်လာသည်။ ကုမ္ပဏီများသည် ဘုတ်အဖွဲ့ဝင်များ ရွေးချယ်ရေးလုပ်ငန်းစဉ်ကို ထုတ်ပြန်ကြေငြာပေးရမည် ဖြစ်ပြီး အထူးသဖြင့် ယင်းလုပ်ငန်းစဉ်သည် ရွေးချယ်မှုနယ်ပယ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပေးရမည်ဟု နိုင်ငံများစွာက လက်ခံထားကြသည်။ အဆိုပါသတင်းအချက်အလက်များကို အထွေထွေရှယ်ယာရှင်များအစည်းအဝေးမှ ဆုံးဖြတ်ချက် တစုံတရာမချမှတ်မီ ဦးစွာထုတ်ပြန်ကြေငြာထားသင့်သည်။ သို့မဟုတ် ပြောင်းလဲမှုအတိုင်းအတာ ကြီးမားလာမှုပေါ်မူတည်ပြီး ဆက်လက်ထုတ်ပြန်ပေးရန် လိုသည်။

## ၆။ ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်ခြင်း။

ကုမ္ပဏီသည် ၎င်း၏ ရင်းနှီးမြှုပ်နှံသူအားလုံး၏ အကျိုးစီးပွားများကို မျှတစွာ ရှေးရှုသည်ဆိုသည့် အချက်ကို အာမခံချက်ပေးနိုင်ရန် ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်မှု တစ်ခုချင်းစီ နှင့် ထိုသို့ရောင်းဝယ်ရာတွင် လက်ခံအသုံးပြုသည့် စည်းမျဉ်းများကို ဈေးကွက်သို့ အပြည့်အဝ ထုတ်ပြန်ကြေငြာပေးရန် မရှိမဖြစ်လိုအပ်သည်။ အချို့နိုင်ငံများတွင် အဆိုပါ အရောင်းအဝယ်များကို ထုတ်ပြန်ကြေငြာပေးရန်မှာ ဥပဒေအရ လိုအပ်ချက်တစ်ခုဖြစ်သည်။ သက်ဆိုင်ရာ တရားစီရင်ရေး မဏ္ဍိုင်များက အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး သီးခြားအဓိပ္ပါယ် ဖွင့်ဆိုမှုများ မပြုလုပ်ပါက လည်း သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်မှု နှင့်ပတ်သက်ပြီး ခိုင်မာစွာသတ်မှတ်နိုင်သည့် မူဝါဒ/သတ်မှတ်ချက်များကို ထုတ်ပြန်ကြေငြာ ပေးထားရန်လိုအပ်သည်။ အချင်းချင်းဆက်နွယ်သည့်အဖွဲ့များကို သတ်မှတ်ရာတွင် အနည်းဆုံး ကုမ္ပဏီကို ထိန်းချုပ်နိုင်သည့် သို့မဟုတ် စုပေါင်းထိန်းချုပ်သည့် ရှယ်ယာအများစု ပိုင်ဆိုင်ထားသည့် ရှယ်ယာရှင်များ၊ ထိုရှယ်ယာရှင်များ၏ မိသားစုဝင်များ နှင့် အရေးပါသည့် စီမံအုပ်ချုပ်မှု တာဝန်ရှိသည့် ဝန်ထမ်းအကြီးအကဲများပါဝင်သည်။ နိုင်ငံတကာကလက်ခံထားသည့် စာရင်းစံများက အချင်းချင်းဆက်နွယ်သည့်အဖွဲ့များကို အဓိပ္ပါယ်သတ်မှတ်နိုင်ရန်အတွက် အသုံးဝင်သည့် ရည်ညွှန်း သတ်မှတ်ချက် ပေးထားသည့်အတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်အနေဖြင့် အချင်းချင်း ဆက်နွယ်သည့် အဖွဲ့များကို သင့်လျော်သလို သတ်မှတ်ပေးရမည်ဖြစ်ပြီး အဆိုပါ အချင်းချင်း ဆက်နွယ်သည့်အဖွဲ့များ၏ အကျိုးစီးပွားများပါဝင်လာပါက အခြားအရေးကြီးသည့် ကုမ္ပဏီ လုပ်ငန်း ခွဲများ အရောင်းအဝယ်ပြုလုပ်မှုများကိုလည်း ထုတ်ပြန်ကြေငြာပေးရမည်။

တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အဓိကရှယ်ယာပိုင်ရှင်များပါဝင်သော (သို့မဟုတ် နီးစပ်သည့် မိသားစု၊ဆွေမျိုး) အရောင်းအဝယ် ပြုလုပ်ခြင်းသည် အခက်ခဲဆုံးသော အရောင်းအဝယ် အမျိုးအစား ဖြစ်နိုင်သည်။ အချို့နိုင်ငံများတွင် ရှယ်ယာပိုင်ရှင်တစ်ယောက်အနေဖြင့် အနိမ့်ဆုံးရှယ်ယာပိုင်ဆိုင်မှု သတ်မှတ်ချက် ၅ ရာခိုင်နှုန်းပိုင်ဆိုင်မှု နှင့် အထက် ပိုင်ဆိုင်ပါက ၎င်း၏အရောင်းအဝယ်ကို သတင်းထုတ်ပြန်ပေးရန် လိုအပ်သည်။ ထုတ်ပြန်ကြေငြာပေးရန် လိုအပ်ချက်များတွင် ထိန်းချုပ်မှု ရှိသည့်နေရာများတွင် ပတ်သက်ဆက်နွယ်ပုံ၊ ဆက်နွယ်သည့် အဖွဲ့နှင့် လုပ်ကိုင်သည့် လုပ်ငန်း၏ သဘောသဘာဝ နှင့် အရောင်းအဝယ်ပမာဏအကြောင်း သင့်တော်သလိုအုပ်စုခွဲပြီး တင်ပြမှုများ ပါဝင်သည်။ အရောင်းအဝယ်လုပ်ငန်းစဉ်များ၏ပွင့်လင်းမြင်သာမှုမရှိသည့်မူလသဘောသဘာဝအရ အကျိုးခံစားခွင့်ရရှိသူများက အရောင်းအဝယ်နှင့်ပတ်သက်ပြီး ဘုတ်အဖွဲ့ကို သတင်းပို့ရန် တာဝန်ရှိ သင့်ပြီး ထိုမှတဆင့် ဈေးကွက်တွင် ထုတ်ဖော်ကြေငြာသင့်သည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ကုမ္ပဏီက ဘုတ်အဖွဲ့အတွက် အရေးကြီးသည့် စောင့်ကြည့်ကွပ်ကဲမှုလုပ်ငန်းစဉ်ကို မဆောင်ရွက်ဘဲ မနေသင့်ပေ။

သတင်းထုတ်ပြန်မှုများ ပိုမို ပြည့်စုံစေရန်အတွက် နိုင်ငံအချို့တွင် ပတ်သက်ရာပတ်သက်ကြောင်း အချင်းချင်းရောင်းဝယ်မှုများကို ၎င်းတို့၏ အရောင်းအဝယ်ပမာဏ အရေးပါမှု နှင့် အရောင်းအဝယ် အပေါ်သတ်မှတ်သည့် စည်းမျဉ်းများ ပေါ်မူတည်ပြီး ခွဲခြားထားသည်။ အရေးကြီးသည့် အရောင်း အဝယ်များသည် အချိန်နှင့် တပြေးညီ ထုတ်ပြန်ကြေငြာပေးရန်လိုအပ်သော်လည်း ဈေးကွက်က သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများအတိုင်း အရောင်းအဝယ်ပြုလုပ်မှုကို ခြွင်းချက်အနေဖြင့် သာမန်သတင်းထုတ်ပြန်နေကျ အချိန်မှ ထုတ်ပြန်ကောင်းထုတ်ပြန်နိုင်သည်။ ထိရောက်မှုရှိစေရန် သတင်းထုတ်ပြန်မှု အနိမ့်ဆုံးအဆင့်သည် အဓိကအားဖြင့် အရေအတွက် အတိုင်းအတာပမာဏ

စံနှုန်းများအပေါ် အခြေခံရန်လိုအပ်ပြီး သတင်းထုတ်ပြန်မှုကို ရှောင်ရှားရန်အတွက် ပတ်သက်ဆက်နွယ်သူအချင်းချင်း တစ်ဦးမှ တစ်ဦးသို့ ရောင်းဝယ်ရာတွင် ပမာဏအနည်းငယ်ဖြင့် အကြိမ်ကြိမ်ခွဲခြားရောင်းဝယ်ခြင်းမျိုးကို ခွင့်မပြုသင့်ပါ။

## ၇။ ကြိုမြင်နိုင်သော ဆုံးရှုံးနိုင်ခြေများအပိုင်းကဏ္ဍ။

ဘဏ္ဍာရေးသတင်းအချက်အလက်များကို အသုံးပြုသူများနှင့် ဈေးကွက်တွင် ပါဝင်သူများ အနေဖြင့် ကျိုးကြောင်းခိုင်လုံပြီး ကြိုတင်ခန့်မှန်းနိုင်သော ကြီးမားသည့် ဆုံးရှုံးနိုင်ခြေများကို ဖော်ပြသည့်သတင်းအချက်အလက်များ လိုအပ်ပါသည်။ ထိုဆုံးရှုံးနိုင်ခြေမှုများတွင် ကုမ္ပဏီလည်ပတ် လုပ်ဆောင်နေသည့် လုပ်ငန်းနယ်ပယ်ကဏ္ဍ သို့မဟုတ် ကုမ္ပဏီလည်ပတ်လုပ်ကိုင်နေသည့် ဒေသအခြေအနေ၊ ကုန်ပစ္စည်းများအပေါ်မှီခိုရမှု၊ အတိုးနှုန်း သို့မဟုတ် ငွေလဲလှယ်မှုနှုန်း စသည့် ဆုံးရှုံးနိုင်ခြေများအပါအဝင် ဘဏ္ဍာရေးဈေးကွက်ရှိ ဆုံးရှုံးနိုင်သည့်အခြေအနေများ၊ ကာလတိုချေးငွေ သို့မဟုတ် ဘဏ္ဍာရေး ရှင်းတမ်းပြင်ပမှ အရောင်းအဝယ်များ၊ လုပ်ငန်းလုပ်ဆောင်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် ဆုံးရှုံးနိုင်ခြေများ ပါဝင်သည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်းစည်းကမ်းများက ပြည့်စုံပြီး ကျယ်ပြန့်သော သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းဖြင့် အရေးကြီးပြီး ကြိုတင်မှန်းဆနိုင်သည့် ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေများကို ရင်းနှီးမြှုပ်နှံသူများသိရှိစေရန် မျှော်မှန်းသည်။ ဆုံးရှုံးနိုင်ခြေဆိုင်ရာ သတင်းထုတ်ပြန်မှုများသည် အကြုံးဝင်ပတ်သက်သည့် ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းနယ်ပယ်တစ်ခုခု အတွက် သီးခြားပြင်ဆင်ထုတ်ပြန်ပေးလျှင် ပိုမိုထိရောက်သည်။ ဆုံးရှုံးနိုင်ခြေများကို စောင့်ကြည့်ခြင်းနှင့် စီမံခန့်ခွဲခြင်းစနစ်များအကြောင်း ထုတ်ပြန်ကြေငြာပေးမှုကိုလည်း ကောင်းမွန်သော အလေ့အထတစ်ခုအဖြစ် ပိုမိုလက်ခံလာကြသည်။

## ၈။ အလုပ်သမားများ နှင့် အခြားအကျိုးသက်ဆိုင်သူများနှင့် ပတ်သက်သည့် ပြဿနာများ

ကုမ္ပဏီများက ၎င်းတို့၏စွမ်းဆောင်ရည်အပေါ်ကြီးမားစွာ အကျိုးသက်ရောက်နိုင်သည့် သို့မဟုတ် ထိုကုမ္ပဏီ၏ အလုပ်သမားများအပေါ် ကြီးစွာသက်ရောက်နိုင်သည့် ဝန်ထမ်းများနှင့် ပါဝင်ပတ်သက်နေသူများနှင့် သက်ဆိုင်သော အရေးကြီးသည့်ကိစ္စရပ်များနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များကို ပံ့ပိုးပေးရန်နှင့် အချို့နိုင်ငံများတွင် ဥပဒေအရ မဖြစ်နေပံ့ပိုးပေးရန် တိုက်တွန်းသည်။ သတင်းထုတ်ပြန်မှုတွင် လုပ်ခလစာအပါအဝင်စီမံခန့်ခွဲရေး/ ဝန်ထမ်းဆက်ဆံရေး၊ ဝန်ထမ်းများ၏ လုပ်ခလစာအပါအဝင် စုပေါင်းညှိနှိုင်းသည့် ကုန်ကျစရိတ်များပံ့ပိုးပေးမှုများ၊ ဝန်ထမ်းများ ကိုယ်စားပြုမှု ပါဝင်ရန် နည်းလမ်းအစီအစဉ်များ နှင့် မြီရှင်များ၊ ပေးသွင်းထောက်ပံ့သူများနှင့် ဒေသခံ ရပ်ရွာများကဲ့သို့ အခြားဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံရန် အကြောင်းများ ပါဝင်နိုင်သည်။

အချို့နိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ်များအပေါ် သတင်းအချက်အလက်များ ကျယ်ပြန့်စွာ သတင်း ထုတ်ပြန်ပေးရန် လိုအပ်သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်သင်ကြားရေး၊ ဝန်ထမ်း ထိန်းသိမ်းမှုနှုန်းထား နှင့် ဝန်ထမ်းများ ရှယ်ယာပိုင်ခွင့်အစီအစဉ်များကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်မူဝါဒများသည် ကုမ္ပဏီများ၏ ပြိုင်ဆိုင်နိုင်မှုစွမ်းအားအဖြစ် ဈေးကွက်ပါဝင်သူကို အရေးပါသည့် သတင်းအချက်အလက်အနေဖြင့် ဆက်သွယ်ပေးပါသည်။

### ဇ။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ကျင့်ထုံးများ၊ သို့မဟုတ် မူဝါဒများနှင့် ဆောင်ရွက်နေသည့် လုပ်ထုံးလုပ်နည်းများ အပါအဝင် စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံများနှင့် မူဝါဒများ။

ကုမ္ပဏီများသည် သူတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများအကြောင်း အစီရင်ခံသင့်ပြီး ထိုသို့သော သတင်းထုတ်ပြန်မှုသည် ပုံမှန်အစီရင်ခံစာထုတ်ပြန်မှု၏ အစိတ်အပိုင်းအဖြစ် မဖြစ်မနေ သတ်မှတ်ပြဋ္ဌာန်းသင့်သည်။ ကုမ္ပဏီများသည် အာဏာပိုင်များ သို့မဟုတ် စတော့ဈေးကွက်အာဏာပိုင်များက သတ်မှတ်ထားသည့် "လိုက်နာရန် သို့မဟုတ် ရှင်းလင်းတင်ပြရန်" သို့မဟုတ် အလားတူ ဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသည့် မဖြစ်မနေ ပုံမှန်ထုတ်ပြန်ရသည့် အစီရင်ခံစာများတွင် တင်ပြသောချမှတ်ထားသည့်ကော်ပိုရိတ်စီမံအုပ်ချုပ်မှုလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်သင့်သည်။ ကုမ္ပဏီ၏ အုပ်ချုပ်မှုဖွဲ့စည်းပုံနှင့် မူဝါဒများ သတင်းထုတ်ပြန်ခြင်း၊ လုပ်ငန်းများ အမှန်တကယ် လည်ပတ်လုပ်ကိုင်ခြင်းမရှိသည့် ဦးပိုင်ကုမ္ပဏီကိစ္စတွင် အရေးပါသည့် လုပ်ငန်းခွဲများနှင့် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုကိုလေ့လာဆန်းစစ်မှုသည် အရေးကြီးလှပြီး ထိုသို့လေ့လာဆန်းစစ်မှုတွင် ကုမ္ပဏီအတွင်း ရှယ်ယာပိုင်ရှင်များ၊ စီမံခန့်ခွဲသူများ နှင့် ဘုတ်အဖွဲ့ဝင်များအကြား အာဏာခွဲဝေမှုတို့ကို လွှမ်းခြုံသိရှိရန်အရေးကြီးပါသည်။ ကုမ္ပဏီများသည်အမှုဆောင်အရာရှိချုပ် နှင့် ဥက္ကဋ္ဌတို့၏ ရာထူး နှင့် တာဝန်များကို ရှင်းလင်းစွာ သတင်းထုတ်ပြန်ကြေငြာသင့်သလို လူပုဂ္ဂိုလ်တစ်ဦးတည်းက ရာထူးနှစ်ခုကို ပေါင်းစပ်ရယူထားပါက ထိုသို့ စီစဥ်ရခြင်း၏အကြောင်းရင်းကို ရှင်းလင်းစွာ ထုတ်ပြန်ကြေငြာပေးသင့်သည်။ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း (articles of association)၊ ဘုတ်အဖွဲ့ ပဋိညာဉ် နှင့် ဖြစ်နိုင်ပါကကော်မတီဖွဲ့စည်းပုံ နှင့် ပဋိညာဉ်တို့ကိုထုတ်ဖော်ကြေညာခြင်းသည် ကောင်းမွန်သော အလေ့အထတစ်ခုဖြစ်သည်။

ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်ပြီး ရှယ်ယာပိုင်ရှင်များ အထွေထွေအစည်းအဝေးများ၌ မဲပေးမှုများတွင် မဲများကို မှန်ကန်စွာရေတွက်ရန်နှင့် မှတ်တမ်းတင်ရန် မဲရလာဒ်များကို အချိန်မီကြေငြာထုတ်ပြန်ပေးနိုင်ရန် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက်ထားရမည်။

### ခ။ ထုတ်ပြန်သည့်သတင်းအချက်အလက်များသည်အရည်အသွေးမြင့်စံနှုန်းသတ်မှတ်ချက်နှင့် အညီ စာရင်းကိုင်နှင့် ဘဏ္ဍာရေး နှင့် ဘဏ္ဍာရေးမဟုတ်သည့် အစီရင်ခံစာများ၏ လိုအပ်ချက်အတိုင်း ပြင်ဆင်ထုတ်ပြန်ရမည်။

အရည်အသွေးမြင့်သော စာရင်းကိုင်ပညာနှင့် ထုတ်ဖော်ကြေညာမှု စံသတ်မှတ်ချက်များကို အသုံးပြုခြင်းသည် ကြောင်းကျိုးဆက်နွယ်မှုရှိပြီး၊ ယုံကြည်အားထားရကာ နှိုင်းယှဉ်ကြည့်နိုင်သော အစီရင်ခံစာများတင်ပြခြင်းနှင့် ကုမ္ပဏီစွမ်းဆောင်ရည် တိုးတက်လာခြင်းအပေါ် အကဲဖြတ်စောင့်ကြည့်နိုင်ခြင်းများ ပိုမိုအားကောင်းလာပြီးရင်းနှီးမြှုပ်နှံသူများ၏ စောင့်ကြည့်ကွပ်ကဲနိုင်မှုကို သိသာစွာ တိုးတက်လာစေပါသည်။ နိုင်ငံအများစုသည် ဘဏ္ဍာရေးအစီရင်ခံစာများ ထုတ်ပြန်ခြင်းအတွက် နိုင်ငံတကာအသိအမှတ်ပြုထားသော စံနှုန်းများမဖြစ်မနေ အသုံးပြုရန် ပြဋ္ဌာန်းထားပြီး ထိုသို့ကျင့်သုံးမှုသည် ပွင့်လင်းမြင်သာမှုနှင့်ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများ နှိုင်းယှဉ်နိုင်မှု နှင့် နိုင်ငံများအကြား ဘဏ္ဍာရေး အစီရင်ခံမှုများကို တိုးတက်စေပါသည်။ ထိုကဲ့သို့သောစံနှုန်းသတ်မှတ်ချက်များကို ပုဂ္ဂလိက ကဏ္ဍနှင့် ပညာရှင်အဖွဲ့အစည်းများ၊ သီးခြားလွတ်လပ်သာ ကျွမ်းကျင်သူများကဲ့သို့ အခြား စိတ်ဝင်စားသည့်အဖွဲ့များပါဝင်သည့် ပွင့်လင်းပြီး၊ အမှီအခိုကင်းသည့်လွတ်လပ်ပွင့်လင်းသော နီးနှောတိုင်ပင်မှုများဖြင့် သတ်မှတ်တည်ဆောက်သင့်သည်။ အရည်အသွေးမြင့် ပြည်တွင်းစံနှုန်း သတ်မှတ်ချက်များကို နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် စာရင်းကိုင်စံနှုန်း သတ်မှတ်

ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရအောင် ဆောင်ရွက်နိုင်သည်။ နိုင်ငံများစွာတွင် ရှယ်ယာများ ဈေးကွက်တင် ရင်းတင်ရောင်းချထားသော ကုမ္ပဏီများသည် ထိုစံနှုန်းသတ်မှတ်ချက်များကို အသုံးပြုရန် လိုအပ်သည်။

**ဂ။ နှစ်ပတ်လည်စာရင်းစစ်လုပ်ငန်းကို အရည်အသွေးရှိသည့် စာရင်းစစ်နှုန်းများနှင့် အညီ လွတ်လပ်ပြီး ကျွမ်းကျင်မှုရှိသည့် စာရင်းစစ်များက ဆောင်ရွက်သင့်သည်။ သို့မှသာ ဘဏ္ဍာရေး ထုတ်ပြန်ချက်သည်ကုမ္ပဏီ၏အရေးကြီးသည့်ကိစ္စရပ်များကိုထင်ဟပ်စေသည့် ဘဏ္ဍာရေး အခြေအနေနှင့်ကုမ္ပဏီ၏စွမ်းဆောင်ရည်တို့ကိုပြင်ပမှအမြင်နှင့် ဓမ္မဓိဋ္ဌာန်ကျသည့် တိုက်တွန်းချက်များကို ဘုတ်အဖွဲ့ နှင့် ရှယ်ယာပိုင်ရှင်များကို တင်ပြနိုင်မည်ဖြစ်သည်။**

ဘဏ္ဍာရေးထုတ်ပြန်ချက်သည်ကုမ္ပဏီတစ်ခု၏ ဘဏ္ဍာရေးအခြေအနေကို အတော်အတန်ရှင်းလင်းစွာ ဖော်ပြနေပြီး ကုမ္ပဏီ၏ စာရင်းစစ်အစီရင်ခံစာသည် ဘဏ္ဍာရေးထုတ်ပြန်ချက်ကို မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်ရေးဆွဲထားသည်ဆိုသည့်အပေါ် ထင်မြင်ယူဆချက်တစ်ခုလည်း ပါဝင်သင့်သည်။ ဤသို့လုပ်ဆောင်ခြင်းက ကုမ္ပဏီအတွင်း ထိန်းချုပ်မှုကောင်းသော ဝန်းကျင်ကောင်းတစ်ခုဖြစ်ပေါ်စေရန် တွန်းအားပေးပါသည်။ အချို့နိုင်ငံများတွင် ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ပြင်ပစာရင်းစစ်များက စစ်ဆေးသည့် အစီရင်ခံစာတင်ပြရန်လိုအပ်သည်။

စာရင်းစစ်များ၏ လွတ်လပ်မှုနှင့် တာဝန်ယူ၊တာဝန်ခံမှုကို ရှယ်ယာရှင်များအတွက် မဖြစ်မနေထားရှိရန်လိုအပ်သည်။ Core Principles of International Fourm of Independent Audit Regulators (IFIAR) စည်းမျဉ်းများနှင့် အညီ မိမိ၏ အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုသက်ဆိုင်မှုမရှိဘဲစာရင်းစစ်ဆိုင်ရာ ဥပဒေစည်းမျဉ်းထိန်းကြောင်းသူအဖြစ်ခန့်အပ်ခြင်းသည် စာရင်းစစ်အရည်အသွေးကိုမြှင့်တင်ရာ တွင် အရေးကြီးသည့်အချက်တစ်ချက်ဖြစ်သည်။

ပြင်ပစာရင်းစစ်များကို ဘုတ်အဖွဲ့၏ သီးခြားလွတ်လပ်သော စာရင်းစစ်ကော်မတီ တစ်ခု သို့မဟုတ် အလားတူ အဖွဲ့မှ ထောက်ခံချက်ပေးပြီး ထိုကော်မတီ/အဖွဲ့သို့မဟုတ် ရှယ်ယာပိုင်ရှင်များက တိုက်ရိုက် ခန့်အပ်ခြင်းသည် ကောင်းမွန်သော အလေ့အထ ဖြစ်သည်။ ထို့အပြင် IOSCO *Principles of Auditor Independence and the Role of Corporate Governance in Monitoring an Auditor's Independence* က "သီးခြား လွတ်လပ်သော စာရင်းစစ်စံသတ်မှတ်ချက်များသည် တားမြစ်ခြင်း၊ ကန့်သတ်ချုပ်ခြယ်ခြင်း၊ အခြားမူဝါဒများ နှင့်လုပ်ထုံးလုပ်နည်းများ ပေါင်းစပ်မှုဖြင့် ပံ့ပိုးထောက်ပံ့ထားသည့်၊ အနည်းဆုံး လွတ်လပ်မှုကို ခြိမ်းခြောက်သည့် ကိုယ်ကျိုးစီးပွား၊ မိမိဘာသာသုံးသပ်ခြင်း၊ ထောက်ခံတွန်းအားပေးခြင်း၊ ရင်းနှီးကျွမ်းဝင်မှု နှင့် ခြိမ်းခြောက်ခြင်း တို့ကို ကိုင်တွင်ဖြေရှင်းရာတွင် စည်းမျဉ်း၊ စည်းကမ်း မူဘောင်တစ်ခုကို ထူထောင်သင့်သည်" ဟု ဖော်ပြထားသည်။

စာရင်းစစ်ကော်မတီ သို့မဟုတ် အလားတူသည့်အဖွဲ့သည် ဌာနတွင်း စာရင်းစစ် ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ရန်လိုအပ်ပြီး ထိုအဖွဲ့ကပင် ကုမ္ပဏီသို့ဝန်ဆောင်မှုပေးနေသည့် စာရင်းစစ်လုပ်ငန်းနှင့် မသက်ဆိုင်သည့် လုပ်ငန်းသဘာဝ အပါအဝင် ပြင်ပစာရင်းစစ်များနှင့် အထွေထွေ ဆက်ဆံရေးကို စောင့်ကြည့် အကဲဖြတ်ရန်လည်း တာဝန်ပေးသင့်သည်။ ပြင်ပစာရင်းစစ်မှ ကုမ္ပဏီသို့ ပေးသည့် စာရင်းစစ်နှင့်မဆိုင်သော ဝန်ဆောင်မှုများပေးနေခြင်းသည် ထိုစာရင်းစစ်၏ သီးခြားလွတ်လပ်မှုကို ကြီးမားစွာ ထိခိုက်စေနိုင်ပြီး ၎င်းတို့ကုမ္ပဏီနှင့်လုပ်ကိုင်နေသည့် အလုပ်ကိုသူတို့ကိုယ်တိုင် ပြန်လည်စာရင်းစစ်နေရနိုင်ခြင်းကြောင့် ဖြစ်သည်။ လမ်းကြောင်းလွဲသွားစေနိုင်သည့် အခြေအနေရှိသည့်

ဆွဲဆောင်မှုမက်လုံးများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ပြင်ပစာရင်းစစ်များကို စာရင်းစစ်လုပ်ငန်းနှင့် မသက်ဆိုင်သည့်လုပ်ငန်းများအတွက် ပေးချေရသည့် ငွေပေးငွေယူကိစ္စများကို ထုတ်ဖော်ကြေငြာပေးရန်လိုအပ်သည်။

သီးခြားလွတ်လပ်သော စာရင်းစစ်လုပ်ငန်းစဉ် ကိုအားပေးရန် ဆောင်ရွက်နေသည့် ဥပမာအနေနှင့် တင်ပြရလျှင် စာရင်းစစ်မှသူတို့ကိုအလုပ်အပ်နှံသူများအတွက် ဝန်ဆောင်မှုပေးရသည့် စာရင်းစစ်လုပ်ငန်း နှင့် မသက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကိုလုံးဝရပ်ဆိုင်းထားခြင်းသို့မဟုတ်တင်းကြပ် စွာကန့်သတ်ခြင်း၊ စာရင်းစစ်များကို အလှည့်ကျစနစ်ဖြင့် လုပ်ကိုင်ရခြင်း (မိတ်ဖက်စာရင်းစစ်များ သို့မဟုတ်စာရင်းစစ်အကျိုးတူဆောင်ရွက်နေသည့်အဖွဲ့များ)စာရင်းစစ်များအတွက်ပုံသေသက်တမ်း သက်မှတ်ခြင်း၊ ပူးတွဲ စာရင်းစစ်ခြင်း၊ စာရင်းစစ်အဟောင်းကို စာရင်းစစ်ခံသည့် ကုမ္ပဏီမှ အလုပ်ခန့်အပ်ခြင်းကိုယာယီတားမြစ်ခြင်းနှင့် စာရင်းစစ်များ သို့မဟုတ်သူတို့၏ မှီခိုသူများ ကို သူတို့ စာရင်းစစ်သည့် ကုမ္ပဏီများ အတွင်း ဘဏ္ဍာရေးဆိုင်ရာ ပါဝင်ပက်သက်မှု သို့မဟုတ်စီမံခန့် ခွဲရေး ရာထူး ရယူခြင်းမှတားမြစ်ခြင်းတို့ပါဝင်သည်။ အချို့နိုင်ငံများသည် ပို၍တိုက်ရိုက်ကျသော နည်းလမ်းအနေဖြင့် စာရင်းစစ်က အလုပ်အပ်နှံသူတစ်ဦးထံမှ လက်ခံရရှိသည့် စာရင်းစစ်လုပ်ငန်း များနှင့် မသက်ဆိုင်ဘဲ ရရှိသည့် ဝင်ငွေရာခိုင်နှုန်း ကန့်သတ်ခြင်း သို့မဟုတ် အလုပ်အပ်နှံသူတစ်ဦး တည်းထံမှ ရရှိသည့် စာရင်းစစ်ဝင်ငွေစုစုပေါင်းရာခိုင်နှုန်းကိုကန့်သတ်ခြင်း တို့ကို ပြုလုပ်ကြသည်။

အချို့နိုင်ငံများတွင်ကြုံတွေ့နေရသည့် ပြဿနာတစ်ခုမှာ စာရင်းစစ်လုပ်ငန်း၏ ကျွမ်းကျင်ပိုင်နိုင်သည့် အရည်အသွေးရှိသော ဝန်ဆောင်မှုရရှိရေးဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်း အရည်အချင်းပြည့်ဝမှုကို သတ်မှတ်ပေးနိုင်ရန် မှတ်ပုံတင်သည့် လုပ်ငန်းစဉ်တစ်ခုကို ကောင်းမွန်သောအလေ့အထအဖြစ် ယူဆထားသည်။ သို့သော် ဤကိစ္စအတွက် စဉ်ဆက်မပြတ် သင်တန်းများ ပံ့ပိုးပေးခြင်းနှင့် လုပ်ငန်းခွင် အတွေ့အကြုံများကို ကြီးကြပ်ကွပ်ကဲခြင်းဖြင့် သင့်လျော်သည့် ပညာရှင်အဆင့် ကျွမ်းကျင်မှုနှင့် ချင့်ချိန်မှုများကို ရရှိနိုင်မည်ဖြစ်သည်။

### ဃ။ ပြင်ပစာရင်းစစ်များသည် ရှယ်ယာပိုင်ရှင်များသို့ တာဝန်ခံသင့်ပြီး စာရင်းစစ်လုပ်ငန်းကို ဆောင်ရွက်ရာတွင် ကုမ္ပဏီသို့ ပညာရှင်ပီသသည့် ဝန်ဆောင်မှုကို အပြည့်အဝ ပေးရမည်။

ပြင်ပစာရင်းစစ်များကိုဘုတ်အဖွဲ့၏ သီးခြားလွတ်လပ်သည့် စာရင်းစစ်ကော်မတီ သို့မဟုတ် အလားတူအဖွဲ့ကထောက်ခံချက်ပေးပြီး ထိုပြင်ပစာရင်းစစ်များကို ထို ကော်မတီ/အဖွဲ့သို့မဟုတ် ရှယ်ယာပိုင်ရှင်အစည်းအဝေးပွဲမှ တိုက်ရိုက်ခန့်ထားခြင်း အလေ့အထကို ကောင်းမွန်သော အလေ့အထအဖြစ်သတ်မှတ်နိုင်သည်။ အဘယ်ကြောင့် ဆိုသော် ပြင်ပစာရင်းစစ်များသည် ရှယ်ယာပိုင်ရှင်များကို တာဝန်ခံသင့်သောကြောင့် ဖြစ်သည်။ တချိန်တည်းမှာပင် ပြင်ပစာရင်းစစ်များသည် ပရိုဖက်ရှင်နယ် ဝန်ဆောင်မှုကို ကော်ပိုရိတ် မန်နေဂျာတစ်ဦးချင်း၊ သို့မဟုတ် အစုအဖွဲ့တစ်ခုခုက ၎င်းတို့၏ သီးခြားလုပ်ငန်းများကို ကူညီခြင်းထက် ကုမ္ပဏီတစ်ခုလုံးအတွက် ဝန်ဆောင်မှုပေးအပ်ရန် တာဝန် ရှိသည်။

### င။ သတင်းအချက်အလက်များ ဖြန့်ဝေသည့်လမ်းကြောင်းများသည် အသုံးပြုသူများအတွက် တန်းတူညီမျှဖြစ်ပြီး၊ အချိန်မီကာ ကုန်ကျစရိတ်သက်သာစေသည့်နည်းလမ်းဖြင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ရယူနိုင်ရန် ကူညီပေးသင့်သည်။

သတင်းအချက်အလက်ဖြန့်ဝေရေး လမ်းကြောင်းများသည် သတင်းအချက်အလက်များ နည်းတူ

အရေးကြီးကြသည်။ သတင်းအချက်အလက်ထုတ်ပြန်ကြေညာခြင်းကို မကြာခဏ ဆိုသလို ဥပဒေ ပြဋ္ဌာန်း သတ်မှတ်ထားသော်လည်း သတင်းများကို စုစည်းခြင်းတင်ပြခြင်းနှင့် သတင်းအချက် အလက် ရယူသုံးစွဲခွင့်မှာ ခက်ခဲပြီး ကုန်ကျစရိတ်ကြီးနိုင်သည်။ ဥပဒေအရ တင်ပြရန် လိုအပ်သည့် ကုမ္ပဏီ၏ ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သည့် အစီရင်ခံစာများ စုစည်း တင်ပြနိုင်မှုမှာ အီလက်ထရောနစ်နည်းပညာအကူအညီဖြင့် နိုင်ငံအချို့တွင် အတော်အတန် တိုးတက်နေပါသည်။ ကုမ္ပဏီဝက်ဘ်ဆိုဒ် (website) သည်လည်း သတင်း အချက်အလက် ဖြန့်ဝေမှု တိုးတက်အောင်ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပြီး အချို့နိုင်ငံများတွင် ကုမ္ပဏီများ အနေဖြင့် ၎င်းတို့ကုမ္ပဏီ ပိုင်ဝက်ဘ်ဆိုဒ် (website) တစ်ခုထားရှိရန် လိုအပ်ပြီး ထိုဝက်ဘ်ဆိုဒ် (website) မှ ကုမ္ပဏီနှင့် သက်ဆိုင်သည့် အရေးကြီးသည့် သတင်းအချက်အလက်များကို ဖြန့်ဝေရန် လိုအပ်ချက်အဖြစ် ပြဋ္ဌာန်းထားသည်။

အချိန်အပိုင်းအခြားလိုက်သတင်းထုတ်ပြန်ခြင်း၊ဆက်တိုက်ထုတ်ပြန်ရန်၊ သို့မဟုတ် လက်ရှိထုတ် ပြန်နေမှုများနှင့်အတူ လိုအပ်လျှင် လိုအပ်သလို ချက်ခြင်း သတင်းထုတ်ပြန်ခြင်း စသည့် သတင်း ထုတ်ပြန်ချက်များ တောက်လျှောက်ဆောင်ရွက်ရန် ပြဋ္ဌာန်းသတ်မှတ်ချက်များ လိုအပ်သည်။ အဆက်မပြတ်/ လတ်တလောထုတ်ပြန်မှု နှင့်ပက်သက်၍ ကောင်းမွန်သော အလေ့အထမှာ "တတ်နိုင်သမျှ အစောဆုံး" ထုတ်ပြန်မှုကို ရည်ညွှန်းသည်ဖြစ်စေ သို့မဟုတ် သတ်မှတ်ထားသည့် ရက်များအတွင်း အမြန်ဆုံး ထုတ်ပြန်မှုပြုလုပ်သည်ဖြစ်စေ အရေးကြီးသည့် ဖြစ်ပေါ်တိုးတက်မှုများ နှင့်ပတ်သက်သည့် အကြောင်း အရာများကို "ချက်ခြင်းထုတ်ပြန်ကြေညာရန်" ဖြစ်သည်။ *IOSCO Principles for Periodic Disclosure by Listed Entities* သည် စတော့ဈေးကွက်များတွင် ရှယ်ယာရောင်းချထားသည့် ကုမ္ပဏီများ သို့မဟုတ် လက်လီရင်းနှီးမြှုပ်နှံသူများ ပါဝင်သည့်အတွက် စည်းမျဉ်း၊ စည်းကမ်းများ ပြဋ္ဌာန်းထားသည့် ဈေးကွက်အတွင်း ရှယ်ယာရောင်းချခွင့်ရနေသည့် ကုမ္ပဏီများက အချိန်မှန် သတင်းထုတ်ပြန်ရန်အတွက် လမ်းညွှန်ချက်ကို ထုတ်ပြန်ထားသည်။ *IOSCO Principles for Ongoing Disclosure and Material Development Reporting by Listed Entities*က စတော့ ဈေးကွက်တွင် ရှယ်ယာရောင်းချသည့် ကုမ္ပဏီများက ပုံမှန်သတင်းထုတ်ပြန်မှုနှင့် ထူးခြားသည့် ဖြစ်ပေါ်တိုးတက်မှုများ သတင်းထုတ်ပြန်မှုများအတွက် ဘုံစည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်ကြေငြာထားသည်။

# ၆။ ဘုတ်အဖွဲ့၏ တာဝန် ဝတ္တရားများ

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဘောင်သည် ကုမ္ပဏီ၏ မဟာဗျူဟာ လမ်းညွှန်မှု၊ ဘုတ်အဖွဲ့မှ စီမံခန့်ခွဲရေးအပေါ်ထိရောက်သော စောင့်ကြည့်ကွပ်ကဲမှုနှင့် ကုမ္ပဏီနှင့် ရှယ်ယာပိုင်ရှင်များသို့ ဘုတ်အဖွဲ့၏ တာဝန်ခံမှုတို့ဖြစ်ပေါ်လာစေရန် တွန်းအားပေးရမည်။**

ဘုတ်အဖွဲ့ ဖွဲ့စည်းတည်ဆောက်ပုံနှင့်လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတစ်ခုအတွင်းနှင့် နိုင်ငံများအကြား ကွဲပြားကြသည်။ အချို့နိုင်ငံများတွင် ကြီးကြပ် ကွပ်ကဲမှုလုပ်ငန်းစဉ်နှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ခွဲခြားထားသည့် အဆင့်နှစ်ဆင့်ပါဘုတ်အဖွဲ့ ရှိသည်။ ထိုကဲ့သို့သော စနစ်များသည် ပုံမှန်အားဖြင့် အမှုဆောင်မဟုတ်သောဘုတ်အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသည့် "ကြီးကြပ်ကွပ်ကဲမှု ဘုတ်အဖွဲ့" နှင့် အမှုဆောင်များဖြင့်သာ ဖွဲ့စည်းထားသည့် " စီမံခန့်ခွဲရေးဘုတ်အဖွဲ့" ဟူ၍ရှိသည်။ အခြားနိုင်ငံများတွင် အမှုဆောင် နှင့် အမှုဆောင်မဟုတ်သော ဘုတ်အဖွဲ့ဝင်များ စုပေါင်းထားသည့် "တစ်ခုတည်းသော ဘုတ်အဖွဲ့" ရှိသည်။ အချို့နိုင်ငံများတွင် ပြဋ္ဌာန်းဥပဒေအရ စာရင်းစစ်လုပ်ငန်းစဉ်အတွက် ထပ်ဆောင်းအဖွဲ့တစ်ဖွဲ့လည်းဖွဲ့စည်းထားသည်။ ကော်ပိုရိတ်စီမံခန့်ခွဲမှု စည်းမျဉ်း၊ စည်းကမ်းများကို ကုမ္ပဏီလုပ်ငန်းများကို အုပ်ချုပ်ခြင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့ကိုစောင့်ကြည့် ကွပ်ကဲခြင်း လုပ်ငန်းများအတွက် တာဝန်အပ်နှင်းခံရသည့် မည်သည့်ဘုတ်အဖွဲ့ ဖွဲ့စည်းပုံဖြစ်စေ အသုံးပြုနိုင်ရန်ရည်ရွယ်သည်။

ဘုတ်အဖွဲ့သည် လမ်းညွှန် ကော်ပိုရိတ်မဟာဗျူဟာနှင့်အတူ အဓိကအားဖြင့် အကျိုး စီးပွားပဋိပက္ခများကို တားဆီးခြင်းနှင့်ကော်ပိုရေးရှင်းအပေါ်ကွဲပြားသည့် တောင်းဆိုချက်များကို ဟန်ချက်ညီအောင် ထိန်းကြောင်းရင်းတချိန်ထဲမှာပင် စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်မှုကိုစောင့်ကြည့် ကွပ်ကဲခြင်းနှင့် ရှယ်ယာပိုင်ရှင်များအတွက် သင့်တော်သော အကျိုးအမြတ် ပြန်လည်ရရှိစေခြင်းတို့အတွက် တာဝန်ရှိသည်။ ဘုတ်အဖွဲ့အနေဖြင့် ၎င်းတို့၏တာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန် ဓမ္မဒိဋ္ဌာန်ကျပြီး အမှီအခိုကင်းစွာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရမည်ဖြစ်သည်။ အခြားအရေးကြီးသည့် ဘုတ်အဖွဲ့၏ တာဝန်မှာဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးစနစ်နှင့် ကော်ပိုရေးရှင်းအနေဖြင့် အခွန်ပေးဆောင်ခြင်း၊ ပြိုင်ဆိုင်မှု၊ အလုပ်သမား၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ၊ တန်းတူညီမျှသော အခွင့်အလမ်းများ၊ ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရေးဆိုင်ရာ ဥပဒေများအပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရန်လိုအပ်သည့်စနစ်များကို ကြီးကြပ်ကွပ်ကဲရမည်။ အချို့နိုင်ငံများတွင်ကုမ္ပဏီများသည် ဘုတ်အဖွဲ့က ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများနှင့် စီမံခန့်ခွဲရေးအဖွဲ့က တာဝန်ခံရမည့်တာဝန်ဝတ္တရားများကို တိုက်ရိုက်ရှင်းလင်းစွာ ထုတ်ဖော်ရေးသားထားခြင်းသည် ပိုမို အသုံးဝင် ထိရောက်ကြောင်းတွေ့ရှိရသည်။

ဘုတ်အဖွဲ့သည် ကုမ္ပဏီနှင့် ၎င်း၏ ရှယ်ယာပိုင်ရှင်များကို တာဝန်ခံရရုံသာမက ၎င်းတို့၏ အကောင်းဆုံးသောအကျိုးစီးပွားအတွက်ဆောင်ရွက်ရန်တာဝန်ရှိသည်။ ထို့အပြင်ဘုတ်အဖွဲ့သည်ဝန်ထမ်းများ၊ မြီရှင်များ၊ ဖောက်သည်များ၊ ပစ္စည်းပေးသွင်းသူများ နှင့် ဒေသခံရပ်ရွာ အသိုင်းအဝိုင်း တို့၏ အကျိုး

စီးပွားများ အပါအဝင် အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားတို့အတွက် ထိရောက်သည့် အလေးထားအသိအမှတ်ပြုမှုနှင့် မျှတစွာဆက်ဆံဆောင်ရွက်မှုများကို ဆောင်ရွက်ရန် မျှော်လင့်ထားသည်။ သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ စံများ လိုက်နာမှုများသည်လည်း ဘုတ်အဖွဲ့၏ တာဝန်များတွင် အကျုံးဝင် သက်ဆိုင်ပါသည်။

## က။ ဘုတ်အဖွဲ့ဝင်များသည် မှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံလျှက် ရိုးဖြောင့်သော သဘောထား၊ ဖွဲလုံ့လဝီရိယ နှင့် အလေးဂရုပြုခြင်းတိုဖြင့် ကုမ္ပဏီနှင့် ရှယ်ယာပိုင်ရှင်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် တာဝန်ခံဆောင်ရွက်သင့်သည်။

အချို့နိုင်ငံများတွင် ဘုတ်အဖွဲ့သည် ကုမ္ပဏီ၏အကျိုးစီးပွားအတွက်ဆောင်ရွက်ရင်း ရှယ်ယာရှင်များ၊ ဝန်ထမ်းများအကျိုးစီးပွားနှင့် အများပြည်သူကောင်းကျိုးတို့အပါအဝင် ဆောင်ရွက်ရန်ဥပဒေပြဌာန်းထားသည်။ ကုမ္ပဏီ၏ အကျိုးစီးပွားကို အကောင်းဆုံးထမ်းဆောင်ခြင်းကြောင့် စီမံခန့်ခွဲရေးအနေဖြင့် ၎င်းတို့ဩဇာအာဏာအလွန်အကျူးကြီးထွားလာခြင်းမျိုးခွင့်မပြုသင့်ပေ။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်း၊ စည်းကမ်းများက ဘုတ်အဖွဲ့ဝင်များ၏ ယုံကြည်အပ်နှံမှုဆိုင်ရာ တာဝန်၏အဓိကခြေခံအကြောင်းတရားနှစ်ခုဖြစ်သည့် အလေးဂရုပြုရန်တာဝန် (duty of care) နှင့် သစ္စာရှိရန်တာဝန် (duty of loyalty) ကို တင်ပြထားပါသည်။ အလေးဂရုပြုရန်တာဝန် တွင် ဘုတ်အဖွဲ့ဝင်များအနေဖြင့် သတင်းအချက်အလက်များကို အခြေပြုလျှက် ရိုးဖြောင့်သောစိတ်ထား၊ ဖွဲလုံ့လဝီရိယရှိခြင်းနှင့် အလေးဂရုပြုခြင်း တို့လိုအပ်သည်။ အချို့နိုင်ငံများတွင် အလားသဏ္ဍာန်ဆင်တူသည့် အခြေအနေတွင် ကြောင်းကျိုးညီညွတ်စွာ စဉ်းစားဆင်ခြင်ဉာဏ်ရှိ သူတစ်ဦး၏ အပြုအမူအတွက်ရည်ညွှန်းကိုးကားစရာစံနှုန်းသတ်မှတ်ချက်များရှိသည်။ နိုင်ငံအားလုံးနီးပါးတွင် ဘုတ်အဖွဲ့ဝင်များသည် အလွန်အမင်းပေါ့ဆမှုမရှိဘဲ ဆုံးဖြတ်ချက်တစ်ခုကို လုံ့လဝီရိယစိုက်၍ ချမှတ်နေသရွေ့ အလေးဂရုပြုရန်တာဝန် ပျက်ကွက်သည်ဟု မမှတ်ယူပေ။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်း၊ စည်းကမ်းများက ဘုတ်အဖွဲ့ဝင်များအနေဖြင့် သတင်းအချက်အလက်များကို အခြေခံပြီး လုပ်ကိုင်ဆောင်ရွက်ရန် တောင်းဆိုထားသည်။ ကောင်းမွန်သော အလေ့အကျင့်ကောင်းအနေဖြင့် ဤလုပ်ဆောင်မှုမျိုးသည် ဘုတ်အဖွဲ့အနေဖြင့် အရေးပါသည့် ကော်ပိုရိတ်သတင်း အချက်အလက်များက အခြေခံအားဖြင့် ခိုင်မာပြီး ကော်ပိုရိတ် စီမံအုပ်ချုပ်မှု စည်းမျဉ်းက တိုက်တွန်းထားသည့် ဘုတ်အဖွဲ့၏ စောင့်ကြပ်ကွပ်ကဲသည့် အခန်းကဏ္ဍကို ပံ့ပိုးမှုပေးသည်။ နိုင်ငံများစွာတွင် ထိုလုပ်ရပ်ကို သစ္စာရှိရန်တာဝန်၏အစိတ်အပိုင်းတစ်ခုအနေနှင့် လက်ခံယူဆကြပြီး အခြားနိုင်ငံများတွင် စျေးကွက်စည်းမျဉ်း၊ စည်းကမ်းများ၊ စာရင်းစစ်စံနှုန်းများသတ်မှတ် ပြဌာန်းကြသည်။ ရှယ်ယာရှင်များကို တန်းတူညီမျှစွာဆက်ဆံမှု၊ ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်နေမှု၊ နှင့် အရေးကြီးသည့် အမှုဆောင်လူကြီးများနှင့် ဘုတ်အဖွဲ့ဝင်များ၏ လုပ်ခလစာပေးချေမှု မူဝါဒများ ထူထောင်ခြင်းစသည်တို့နှင့် ဆက်နွယ်နေရာ သစ္စာရှိရန် တာဝန်သည် အလွန်အရေးကြီးလှပါသည်။ ၎င်းသည် ကုမ္ပဏီအုပ်စုများဖွဲ့စည်းပုံတွင် တာဝန်ထမ်းဆောင်နေသည့် ဘုတ်အဖွဲ့ဝင်များအတွက်လည်း အဓိကကျသော အခြေခံလိုအပ်ချက် အကြောင်းတရားတစ်ခုဖြစ်သည်။ ကုမ္ပဏီတစ်ခုသည် အခြားလုပ်ငန်းကြီးတစ်ခုမှ ပိုင်ဆိုင်မှုကို ထိန်းချုပ်ထားသည့်တိုင် ဘုတ်အဖွဲ့ဝင်တစ်ဦးအတွက် သစ္စာရှိရန်တာဝန်သည် ကုမ္ပဏီနှင့် ထိုကုမ္ပဏီ၏ ရှယ်ယာရှင်အားလုံးနှင့်သာ သက်ဆိုင်ပြီး ပိုင်ဆိုင်မှုကို ထိန်းချုပ်နေသောကုမ္ပဏီအုပ်စုနှင့် သက်ဆိုင်မှုမရှိပါ။

**ခ။ ဘုတ်အဖွဲ့ဆုံးဖြတ်ချက်များသည် အမျိုးအစားမတူသောရှယ်ယာပိုင်ရှင်အုပ်စုများ အပေါ် ကွဲပြားစွာ အကျိုးသက်ရောက်နိုင်သောကြောင့် ဘုတ်အဖွဲ့သည် ရှယ်ယာပိုင်ရှင် အားလုံးကို မျှတစွာ ဆက်ဆံကိုင်တွယ်သင့်သည်။**

လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဘုတ်အဖွဲ့သည် ကွဲပြားခြားနားသည့် အစုဖွဲ့များကို ကိုယ်စားပြုထားသည့် ကိုယ်စားလှယ်များစုစည်းထားသည့် ပုံစံမျိုးရှုမြင်ခံရခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းမျိုး မပြုလုပ်သင့်ပါ။ အချို့ဘုတ်အဖွဲ့ဝင်များသည် အထူးသီးသန့်ရှယ်ယာပိုင်ရှင်အစု အဖွဲ့က အမည်စာရင်း တင်သွင်းခန့်အပ်ခြင်းသို့မဟုတ် (တစ်ခါတရံအခြားသူများနှင့် ပြိုင်ဆိုင်၍) ရွေးကောက်တင်မြှောက်ထားခြင်းတို့ကြောင့် ဘုတ်အဖွဲ့တွင် ပါဝင်ကြသော်လည်း ဘုတ်အဖွဲ့ဝင်များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ရှယ်ယာရှင်အားလုံးနှင့် သက်ဆိုင်ပြီး မျှတသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရန်မှာဘုတ်အဖွဲ့၏ အရေးကြီးသည့် အသွင်အပြင် လက္ခဏာဖြစ်သည်။ အထူးသဖြင့် ထိန်းချုပ်ရှယ်ယာရှင်များသည် ၎င်းတို့၏ အခွင့်အာဏာကို အသုံးချပြီး ဘုတ်အဖွဲ့ဝင်များအားလုံးကို ရွေးချယ်နိုင်စွမ်းရှိသည့်အခြေအနေမျိုးတွင် ဤစည်းမျဉ်း စည်းကမ်းများကို ထူထောင်အသုံးချရန် အရေးကြီးသည်။

**ဂ။ ဘုတ်အဖွဲ့သည် မြင့်မားသော ကျင့်ဝတ်ဆိုင်ရာစံနှုန်းများ ကျင့်သုံးသင့်သည်။ ဘုတ်အဖွဲ့သည် အဓိကပါဝင်ပတ်သက်သူများ၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားသင့်သည်။**

ဘုတ်အဖွဲ့သည် ကုမ္ပဏီတစ်ခု၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ အဆင့်အတန်းကို သတ်မှတ်ရာတွင် အရေးပါသည့် အခန်းကဏ္ဍ ရှိပြီး မိမိတို့၏ လုပ်ဆောင်ချက်များတွင်သာမက အဓိက အမှုဆောင်များကို ခန့်အပ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် တဆက်တည်း အထွေထွေ စီမံခန့်ခွဲရေး ကဏ္ဍကိုပါ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်သည်။ မြင့်မားသောကျင့်ဝတ်ဆိုင်ရာ စံနှုန်းများသည် ကုမ္ပဏီအပေါ် ရေရှည်ယုံကြည်မှုနှင့် ယုံကြည်စိတ်ချရမှု များရှိလာအောင်ဆောင်ရွက်သည့် နည်းလမ်းတစ်ခုဖြစ်ပြီးထိုလုပ်ငန်းစဉ်သည် နေ့စဉ်လည်ပတ်လုပ်ကိုင်ဆောင်ရွက်နေမှုအတွက် သာမက ရေရှည်အတွက်ပါ နှစ်မြှုပ်လုပ်ဆောင် သွားရန်လိုအပ်သည်။ ဘုတ်အဖွဲ့၏ ရည်မှန်းချက်များ ရှင်းလင်းပြီး လည်ပတ်လုပ်ဆောင်နိုင်စေရန် ကုမ္ပဏီများစွာသည် ပညာရပ်ဆိုင်ရာအဆင့်စံနှုန်းများနှင့် တစ်ခါတရံ ပို၍ကျယ်ပြန့်သော အပြုအမူဆိုင်ရာ ကျင့်ထုံးများအပေါ်အခြေခံပြီး ၎င်းတို့ကိုအဖွဲ့အစည်းတစ်ခုလုံးတွင် ကျင့်သုံးမည့် ကျင့်ဝတ်များနှင့် ကုမ္ပဏီအတွင်းအချင်းချင်းဆက်သွယ်ဆောင်ရွက်မည့် ကျင့်ဝတ်ပုံစံများကို ထူထောင်သုံးစွဲလာကြသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကုမ္ပဏီက *OECD Guideline for Multinational Enterprises* ဖြင့် ကိုက်ညီရန် မိမိဆန္ဒအလျောက် ဆောင်ရွက်ခြင်းဖြစ်ပြီး (လုပ်ငန်း ခွဲ အပါအဝင်) ၎င်းက *ILO Declaration on Fundamental Principles and Rights at Work* တွင်ပါဝင်သည့် အခြေခံ စည်းမျဉ်းစည်းကမ်း လေးခုကို ထင်ဟပ်ထားပါသည်။ ထိုအတူ တရားစီရင်ရေးကဏ္ဍများကလည်း ဘုတ်အဖွဲ့အနေဖြင့် စီမံခန့်ခွဲရေးကို ဆောင်ရွက်ခွင့်ပြုထားသည့် ဘဏ္ဍာရေးနှင့် အခွန်ပေးဆောင်မှု အစီအမံ မဟာဗျူဟာ တို့ကို ကြီးကြပ်ပေးရန် ပိုမိုတောင်းဆိုလာကြပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဥပမာ ကုမ္ပဏီ နှင့် ရှယ်ယာပိုင်ရှင်များ၏ ရေရှည်အကျိုးစီးပွားကို ထိပါးစေပြီး တရားဥပဒေနှင့်ဂုဏ်သိက္ခာ ထိပါးလာနိုင်ခြေရှိသည့် အခွန်ကို လွှန်ကဲစွာရှောင်ရှားခြင်း ဖြစ်စဉ်မျိုးကို ကြိုတင်ထိန်းချုပ်နိုင်ရန်ဖြစ်သည်။

ကုမ္ပဏီတစ်ခုလုံး နှင့်သက်ဆိုင်သည့် လိုက်နာရန် ကျင့်ဝတ်များသည် ဘုတ်အဖွဲ့ နှင့် အဓိက အမှုဆောင်နှစ်ပိုင်းစလုံးက အပြုအမူဆိုင်ရာ စံနှုန်းအဖြစ်လိုက်နာရန် လိုအပ်လာပြီး ကွဲပြားသော

အခြေအနေများ၊ မကြာခဏဆိုသလိုပဋိပက္ခ ဖြစ်နေသောအစုအဖွဲ့များကို ကိုင်တွယ်ရာတွင် ဆုံးဖြတ်နိုင်ရန်အတွက် မူဘောင်အဖြစ်ချမှတ်ပေးသည်။ အနိမ့်ဆုံးအားဖြင့်ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်ထုံးများကို သတ်မှတ်ပြဌာန်းရာတွင် ကုမ္ပဏီ၏ ရယ်ယာကိစ္စရပ်များအပါအဝင် ပုဂ္ဂလိက အကျိုးစီးပွားကို ဖော်ဆောင်သည်အနေဖြင့် ရှင်းလင်းသော ကန့်သတ်ချက်ကို သတ်မှတ်ထားသင့်သည်။ ကျင့်ဝတ် ဆိုင်ရာပြုမူဆောင်ရွက်ချက်မူဘောင်တစ်ခုသည် အမြဲအားဖြင့် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် ဥပဒေလေးစား လိုက်နာမှုထက် ကျော်လွန်နေပါသည်။

**ဃ။ ဘုတ်အဖွဲ့သည် အောက်ပါတို့ အပါအဝင် အချို့သော အရေးပါသည့် လုပ်ငန်း ဆောင်တာများ ဖြည့်ဆည်းဆောင်ရွက်သင့်သည်။**

**၁။ ကော်ပိုရိတ်မဟာဗျူဟာ၊ အဓိကဆောင်ရွက်မည့်စီမံချက်များ၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၊ နှစ်ပတ်လည် ဝင်ငွေထွက်ငွေစာရင်းနှင့် လုပ်ငန်းစီမံချက်များကို ပြန်လည်သုံးသပ်ခြင်းနှင့်လမ်းညွှန်ခြင်း။ စွမ်းဆောင်ရည်ဆိုင်ရာ ရည်မှန်းချက်များချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် ကော်ပိုရိတ်စွမ်းဆောင်ရည်ကို စောင့်ကြည့်ကွပ်ကဲခြင်း။ ကြီးမားသည့် ရင်းနှီးငွေ အသုံးစရိတ်၊ ကုမ္ပဏီများကို ဝယ်ယူပူးပေါင်းခြင်းနှင့် လုပ်ငန်းခွဲထုတ်ခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း၊ အစရှိသည်တို့ကို ပြန်လည်ဆန်းစစ်ခြင်း နှင့် လမ်းညွှန်ပေးခြင်း။**

ဘုတ်အဖွဲ့အတွက်ပိုမို အရေးကြီးလာပြီး ကော်ပိုရိတ် မဟာဗျူဟာနှင့် နီးကပ်စွာ ဆက်စပ်နေသည့် အရာမှာ ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေများ စီမံခန့်ခွဲမှုကို ကြီးကြပ်ရသည့် တာဝန်ဖြစ်သည်။ ထို ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးကြီးကြပ်မှုတာဝန်တွင် ဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်းအတွက်တာဝန်ခံမှုနှင့် တာဝန်ယူမှုကို အလေးထားခြင်း၊ ကုမ္ပဏီသည် ၎င်း၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့မည့် ဆုံးရှုံးနိုင်ခြေများ၏ လက်ခံနိုင်သည့် ဆုံးရှုံးနိုင်ခြေ အမျိုးအစားနှင့် အဆင့်အတန်းကို သတ်မှတ်ခြင်း၊ နှင့် လုပ်ငန်းဆောင်ရွက်မှု နှင့် အချင်းချင်းပတ်သက်ဆက်ဆံမှုများအတွင်း ဖန်တီးဖြစ်ပေါ်လာသည့်ဆုံးရှုံးနိုင်ခြေများကို မည်သို့စီမံမည် စသည့်ကိစ္စများ ပါဝင်သည်။ ထို့ကြောင့် ဤလုပ်ငန်းစဉ်သည် ကုမ္ပဏီဆောင်ရွက်လိုသော ဆုံးရှုံးနိုင်ခြေ အမျိုးအစားများကို မှတ်တမ်းတင်ထားမှုအတွက် လိုအပ်သည့်ဆုံးရှုံးနိုင်ခြေများစီမံရာတွင် စီမံခန့်ခွဲမှုအတွက် အရေးကြီးသည့် လမ်းညွှန် တစ်ခုဖြစ်လာပါသည်။

**၂။ ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှု အလေ့အထများ၏ ထိရောက်မှုကိုစောင့်ကြည့် ကွပ်ကဲခြင်း နှင့် အပြောင်းအလဲများ လိုအပ်သလိုပြုလုပ်ခြင်း။**

ဘုတ်အဖွဲ့က စီမံအုပ်ချုပ်မှုကို စောင့်ကြည့်ကွပ်ကဲရာတွင် ကုမ္ပဏီအတွင်းဖွဲ့စည်းပုံတွင် စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်ခံမှုအတွက် ရှင်းလင်းသော လိုအပ်ချက်များ ပါရှိနေစေရန်အတွက် ကုမ္ပဏီ၏ ဖွဲ့စည်းပုံကို အမြဲမပြတ် သုံးသပ်ခြင်းပါဝင်သည်။ ထို့အပြင် အချိန်ကာလ သတ်မှတ်ချက် အလိုက် ကော်ပိုရိတ်အုပ်ချုပ်မှု အလေ့အထများကို စောင့်ကြည့်ကွပ်ကဲခြင်း နှင့် ထုတ်ပြန်ကြေငြာခြင်း တို့ကို ဆောင်ရွက်ရမည်။ နိုင်ငံများစွာသည် ဘုတ်အဖွဲ့က သူတို့၏စွမ်းဆောင်မှုများအား မိမိဘာသာ အကဲဖြတ်ခြင်းအပြင် ဘုတ်အဖွဲ့ဝင်တစ်ဦးချင်းစီ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် တို့၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း တို့ပြုလုပ်ရန် အကြံပေး ထောက်ခံမှုပြုလာကြသည်။

**၃။ အမိက အမှုဆောင်များကို ရွေးချယ်ခြင်း၊ လုပ်ခလစာများပေးခြင်း၊ စောင့်ကြည့် ကွပ်ကဲခြင်း နှင့် လိုအပ်လျှင် အစားထိုးခြင်း နှင့် ရာထူးဆက်ခံမှု အစီအမံကို ကြီးကြပ် ကွပ်ကဲခြင်း။**

အဆင့်နှစ်ဆင့် ဘုတ်အဖွဲ့အများစုတွင် ကြီးကြပ်ကွပ်ကဲသည့် ဘုတ်အဖွဲ့သည် ပုံမှန်အားဖြင့် အမိက အမှုဆောင်အများစုဖြင့် ဖွဲ့စည်းထားမည့် စီမံခန့်ခွဲရေးဘုတ်အဖွဲ့ကို ခန့်အပ်ရန် တာဝန်ရှိသည်။

**၄။ ကုမ္ပဏီနှင့် ၎င်း၏ ရှယ်ယာပိုင်ရှင်များ၏ ရေရှည်အကျိုးစီးပွားအတွက် အမိက အမှု ဆောင် နှင့် ဘုတ်အဖွဲ့ဝင်များ၏ လုပ်ခလစာပေးချေမှုကို ချိန်ညှိခြင်း။**

ဘုတ်အဖွဲ့အနေဖြင့် ဘုတ်အဖွဲ့ဝင်များ နှင့် အမိကအမှုဆောင်များအတွက် လုပ်ခလစာမူဝါဒ ကို ရေးဆွဲပြီး၊ ကြေငြာအသိပေးခြင်းသည် ကောင်းမွန်သော အလေ့အထ အဖြစ်သတ်မှတ်ထားသည်။ ထိုကဲ့သို့သော မူဝါဒဖော်ပြချက်သည် လုပ်ခပေးချေမှုနှင့် စွမ်းဆောင်ရည်အကြား ဆက်နွှယ်ချက် ကို သတ်မှတ်ပြီး ကုမ္ပဏီအတွက် ရေတိုထည့်သွင်းစဉ်းစားမှုထက်စာလျှင် ပို၍ ရေရှည်ဖြစ်သော အကျိုး စီးပွားကို အလေးထားပြီး တိုင်းတာနိုင်သည့် စံနှုန်းသတ်မှတ်ချက်များ ပါဝင်ပါသည်။ မူဝါဒဖော် ပြချက်သည် ယေဘုယျအားဖြင့် ဘုတ်အဖွဲ့ဝင်များကို ဘုတ်အဖွဲ့တာဝန်၏ ပြင်ပ၊ အတိုင်ပင်ခံ ဝန်ဆောင်မှုကဲ့သို့ လုပ်ကိုင်ခြင်းဖြင့် ရရှိလာနိုင်သည့် အခကြေးငွေများအတွက်ကိုပါ ထပ်ဆောင်း ပေးရန် သတ်မှတ်ချက်လည်း ပါဝင်လေ့ရှိသည်။ ထိုဖော်ပြချက်များသည် မကြာခဏဆိုသလို ကုမ္ပဏီ၏ စတော့များလက်ဝယ်ထားရှိမှုနှင့် ရောင်းချမှုနှင့် သက်ဆိုင်သည့် ဘုတ်အဖွဲ့ဝင်များနှင့် အမိကအမှုဆောင်များ လိုက်နာရမည့် စည်းကမ်းချက်များ နှင့် ရှယ်ယာရောင်းဝယ်ခွင့် နည်းလမ်းများ နှင့် တန်ဖိုး ပြင်ဆင်သတ်မှတ်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားသည်။ အချို့ နိုင်ငံများတွင် အဆိုပါ မူဝါဒသည် အမှုဆောင် ကန်ထရိုက် ငှားရမ်းခြင်း၊ တာဝန်မှ ရပ်စဲခြင်း ပြုလုပ်သည့်အခါ အခကြေးငွေပေးချေရမည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းထားကြသည်။

ကုမ္ပဏီကြီးများတွင် ဘုတ်အဖွဲ့ဝင်များနှင့် အမိကအမှုဆောင်များအတွက် လုပ်ခလစာမူဝါဒ နှင့် စာချုပ်စာတမ်းကို သီးခြားလွတ်လပ်သည့် ဒါရိုက်တာများသက်သက် သို့မဟုတ် အများစုဖြင့် ဖွဲ့စည်း ထားသည့် အထူးဘုတ်အဖွဲ့က ကိုင်တွယ်ကြသည်။ အမှုဆောင်တစ်ဦးဦးက အခြားတစ်ဦးကို အပြန်အလှန်သတ်မှတ်ပေးရသည့် ကော်မတီများတွင် ပါဝင်ပါက ထိုအမှုဆောင်ကို အကျိုးစီးပွား ဆန့်ကျင်ဖီလာ ဖြစ်လာနိုင်ခြေရှိသည့်အတွက် ကော်မတီတွင် ထည့်သွင်းမထားခြင်းသည် ကောင်း မွန်သော အလေ့အထအဖြစ် ယူဆထားသည်။ လုပ်ခလစာများကို လျှော့ပေါ့ပေးခြင်း နှင့် ရပ်ဆိုင်း ခြင်း၊ ပြန်လည်တောင်းခံခြင်း (Malus and claw-back) အစီအမံ သုံးစွဲမှုကို ကောင်းမွန်သည့် အလေ့အထအဖြစ် မှတ်ယူထားသည်။ ထိုအစီအမံက စီမံခန့်ခွဲရေးဆိုင်ရာ လိမ်လည်မှု ဖြစ်သည့်အခါ နှင့် ဥပမာအားဖြင့် ဘဏ္ဍာရေး ထုတ်ပြန်မှုဆိုင်ရာလိုအပ်ချက်ဖြင့် မကိုက်ညီ၍ ဘဏ္ဍာရေးဖော်ပြချက် ကို ပြန်လည်ထုတ်ပြန်ရသည့်အခါကဲ့သို့ အခြေအနေများရှိလာပါက ကုမ္ပဏီသည် အမှုဆောင်ထံမှ အခွင့်အရေးကို ရုပ်သိမ်းခွင့် သို့မဟုတ် လျော်ကြေးငွေပြန်လည် ရယူခွင့်ကိုအပ်နှင်းထားသည်။

**၅။ တရားဝင်ပြီး ပွင့်လင်းမြင်သာသည့် ဘုတ်အဖွဲ့ဝင်များ အမည်စာရင်းတင်သွင်းခြင်းနှင့် ဘုတ်အဖွဲ့ဝင်များ ရွေးကောက်ပွဲကျင်းပပေးခြင်း။**

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်းစည်းကမ်းများသည် ဘုတ်အဖွဲ့ဝင် အမည်စာရင်းတင်သွင်းခြင်း

နှင့် ရွေးကောက်ခြင်းများတွင် ရှယ်ယာရှင်များက တက်ကြွသည့်အခန်းကဏ္ဍကို တွန်းအားပေးသည်။ ဘုတ် အဖွဲ့သည်အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးကောက်ခြင်းလုပ်ငန်းစဉ်များတွင်အရေးပါသည့် အခန်း ကဏ္ဍကပါဝင်ပြီး ရှယ်ယာရှင်များတက်ကြွစွာပါဝင်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ် များကို မဖြစ်မနေဆောင်ရွက်ပေးရမည်။ ပထမအချက်အနေဖြင့် အမည်စာရင်းတင်သွင်းခြင်းနှင့် လက်တွေ့ ဆောင်ရွက်သည့်လုပ်ထုံးလုပ်နည်းသည် နိုင်ငံများအလိုက် ကွာခြားနိုင်သော်လည်း တကယ်လုပ်ကိုင်နေသည့် လုပ်ထုံးလုပ်နည်းများသည် ပွင့်လင်းမြင်သာမှုရှိပြီး တိတိကျကျ လိုက် နာ ဆောင်ရွက်ရန် ဘုတ်အဖွဲ့သို့မဟုတ် အမည်စာရင်းစီစစ်ရေးကော်မတီတွင် အထူးတာဝန်ရှိပါ သည်။ ဒုတိယအချက်အနေဖြင့် ဘုတ်အဖွဲ့သည် ကုမ္ပဏီကလိုအပ်နေပြီး လက်ရှိဘုတ်အဖွဲ့၏ ကျွမ်းကျင်မှုများကို အင်အားဖြည့်ပေးနိုင်မည့် ၎င်း၏ယေဘုယျ သို့မဟုတ် ဘုတ်အဖွဲ့ဝင် တစ်ဦး ခြင်းစီတွင် လိုအပ်သည့် အတတ်ပညာ၊ ကျွမ်းကျင်မှု၊ နားလည်တတ်ကျွမ်းမှုများကို သတ်မှတ် ပြဋ္ဌာန်းပေးရမည်။ တတိယအချက်အနေဖြင့် ဘုတ်အဖွဲ့ သို့မဟုတ် အမည်စာရင်းတင်သွင်းရန် တာဝန်ရှိသည့် ကော်မတီသည် လိုအပ်ချက်နှင့် ကိုက်ညီသည့် အလားအလာရှိသည့် ကိုယ်စားလှယ် လောင်းများကို ရှာဖွေဖော်ထုတ်ပြီး ၎င်းတို့ကို ရှယ်ယာရှင်များထံ ကမ်းလှမ်းတင်ပြပြီး/သို့မဟုတ် ရှယ်ယာရှင်များ၏ အမည်စာရင်း တင်သွင်းခွင့်အရ အဆိုပါကိုယ်စားလှယ်လောင်းများကို ကြိုတင် လျာထားရန် တာဝန်ရှိသည်။ ကိုယ်စားလှယ်လောင်း ရှာဖွေမှုလုပ်ငန်းစဉ်ကို ပိုမိုကျယ်ပြန့်ပွင့်လင်းစွာ ဆောင်ရွက်ရန် တောင်းဆိုမှုများ ပိုမိုများပြားလာသည်။

**၆။ စီမံခန့်ခွဲရေးအဖွဲ့၊ ဘုတ်အဖွဲ့ဝင်များ၊ နှင့် ရှယ်ယာရှင်များ၏ အကျိုးစီးပွား ဆန့်ကျင် ဖီလာ ဖြစ်နိုင်ခြေ၊ ကော်ပိုရိတ် အရင်းအမြစ်များ အလွဲသုံးစားလုပ်ခြင်းနှင့် ဆက်နွယ် နေသူများအချင်းချင်း အရောင်းအဝယ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းများကို စောင့် ကြည့် ကွပ်ကဲခြင်းနှင့် စီမံကိုင်တွယ်ခြင်း။**

ဘုတ်အဖွဲ့အနေဖြင့် ဘဏ္ဍာရေးအစီရင်ခံစာရေးသားတင်ပြခြင်းနှင့် ဆက်နွယ်နေသူများအချင်းချင်း အရောင်းအဝယ် လုပ်ခြင်းစသည့် အလွဲသုံးစားလုပ်ဆောင်မှုများကို ကာကွယ်တားဆီးသည့် ကုမ္ပဏီ အတွင်းထိန်းချုပ်စီမံသည့်စနစ်များကိုကြီးကြပ်ကြည့်ရှုခြင်းသည်အလွန်အရေးကြီးသည့်လုပ်ငန်းရပ် တစ်ခုဖြစ်သည်။ ထိုလုပ်ငန်းစဉ်ကို မကြာခဏဆိုသလို ဘုတ်အဖွဲ့နှင့် တိုက်ရိုက်ဆက်သွယ်ခွင့်ရှိသည့် ရုံးတွင်းစာရင်းစစ်ကို တာဝန်အပ်နှင်းထားရမည်။ ကော်ပိုရိတ်အရာရှိများကအထွေထွေဥပဒေအရာရှိ ကဲ့သို့ တာဝန်ယူရသည့်အခါ သူတို့သည် ဌာနတွင်းစာရင်းစစ် ကဲ့သို့ အလားတူ အစီရင်ခံရေးသား တင်ပြသည့် တာဝန်ကို ဆက်လက်ဆောင်ရွက်ရန် အရေးကြီးသည်။ ဘုတ်အဖွဲ့သည် ၎င်း၏ ထိန်းချုပ် ကွပ်ကဲမှု တာဝန်ကို အပြည့်အဝထမ်းဆောင်ရာတွင် ကျင့်ဝတ်နှင့်မညီသော၊ ဥပဒေနှင့်ဆန့်ကျင် သောအပြုအမူများကို တနည်းနည်းဖြင့် လက်တုံ့ပြန်လာမည်ကို စိုးရိမ်ပူပန်မှုမရှိဘဲ ပူးပေါင်းပါဝင် တိုင်ကြားနိုင်ရန် အတွက် တွန်းအားပေးသင့်သည်။ ကုမ္ပဏီ၏ ကျင့်ဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှိနေခြင်းကြောင့် တိုင်ကြားမှုနှင့် ဆက်စပ်သည့် ဝန်ထမ်း တစ်ဦးချင်းစီကို ဥပဒေနှင့်အညီ အကာ အကွယ်ပေးရန်လိုအပ်သည်။ ဘဏ္ဍာရေးသတင်းအချက်အလက်များ၏ ခိုင်လုံမှုကိုလည်း ထိခိုက် စေသည့် ကျင့်ဝတ်နှင့် မညီသော သို့မဟုတ် ဥပဒေနှင့်မညီသော လုပ်ကိုင်ဆောင်ရွက်မှုများကို တိုင်ကြား သတင်းပို့လိုသည့် ဝန်ထမ်းအတွက် လုံခြုံစိတ်ချစွာ ဆက်သွယ်နိုင်သည့် စာရင်းစစ် ကော်မတီ သို့မဟုတ် ကျင့်ဝတ်ကော်မတီ သို့မဟုတ်အလားတူ ကော်မတီတစ်ခုကို ဖွဲ့စည်း တာဝန် အပ်နှင်းထားသင့်သည်။

**၇။ သီးခြားလွတ်လပ်သော စာရင်းစစ်စနစ် နှင့် စနစ်ကျသော ကွပ်ကဲထိန်းချုပ်သည့်စနစ်**

**များ၊ အထူးသဖြင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး နှင့် လုပ်ငန်း လည်ပတ်မှုများကို ကွပ်ကဲခြင်း နှင့် ဥပဒေ၊ သက်ဆိုင်ရာ စံချိန်စံနှုန်းတို့ကို လိုက်နာခြင်းများ အပါအဝင် ကော်ပိုရေးရှင်း၏ စာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ သတင်းပို့ တင်ပြမှုစနစ် မှန်ကန် ထိရောက်မှုရှိမှုကို ထိန်းသိမ်းထားရမည်။**

ဆုံးရှုံးနိုင်ချေများကို ကာကွယ်ရန် ထိရောက်သည့်နည်းလမ်းများ ကျင့်သုံးနိုင်ရန်အတွက် ဘုတ်အဖွဲ့သည် ဦးဆောင်မှုအခန်းကဏ္ဍမှ တက်ကြွစွာဆောင်ရွက်ရမည်။ မရှိမဖြစ်ဆောင်ရွက်ရမည့် အစီရင်ခံစာများ ထုတ်ဝေခြင်း နှင့် စောင့်ကြည့်ကွပ်ကဲမှု စနစ်များ ထိရောက်ခိုင်မာမှုရှိစေရန် ဘုတ်အဖွဲ့သည် အဖွဲ့အစည်းအတွင်း ရှင်းလင်းပြတ်သားသည့် တာဝန်ခွဲဝေမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှု စနစ်များ ချမှတ်ဆောင်ရွက်ရမည်။ ဘုတ်အဖွဲ့သည် သင့်လျော်သည့် စောင့်ကြည့်ကွပ်ကဲရေးအတွက်အကြီးတန်း စီမံခန့်ခွဲရေးအဖွဲ့ကို တာဝန်ပေးရမည်။ ပုံမှန်အားဖြင့်ထိုသို့စောင့်ကြည့်ကွပ်ကဲရေးကိစ္စအတွက် ဘုတ် အဖွဲ့ကို တိုက်ရိုက်အစီရင်ခံသည့် ဌာနတွင်း စာရင်းစစ်စနစ် ထူထောင်ထားလေ့ရှိကြသည်။ ဌာနတွင်းစာရင်းစစ်များအနေဖြင့် ဘုတ်အဖွဲ့၏ သီးခြားလွတ်လပ်သော စာရင်းစစ်ကော်မတီ သို့မဟုတ် အလားတူအဖွဲ့သို့ အစီရင်ခံစာတင်ခြင်းကို ကောင်းမွန်သော လုပ်နည်းလုပ်ဟန်အဖြစ် လက်ခံထားကြသည်။ ထိုအဖွဲ့ကပင် ပြင်ပစာရင်းစစ်နှင့် ဆက်ဆံရေးကို တာဝန်ယူရပြီး ဘုတ်အဖွဲ့နှင့် ညှိနှိုင်းသဘောတူထားသည့် အကြောင်းပြန်ကြားမှုများကို ဘုတ်အဖွဲ့ကိုယ်စားဆောင်ရွက်ခွင့် ပြုထားပါသည်။ ဤကော်မတီ သို့မဟုတ် အလားတူ ညီမျှသည့်ကော်မတီက ဘဏ္ဍာရေး အစီရင်ခံစာ၏အခြေခံအချက်ဖြစ်သော အရေးပါသည့်စာရင်းဆိုင်ရာမူဝါဒများကို ပြန်လည်သုံးသပ်ရန်နှင့် ဘုတ်အဖွဲ့သို့ အစီရင်ခံတင်ပြခြင်းတို့သည်လည်း အစီရင်ခံစာတင်ခြင်းကို ကောင်းမွန်သော လုပ်နည်းလုပ်ဟန်အဖြစ်သတ်မှတ်ကြသည်။ သို့သော် ဘုတ်အဖွဲ့သည် ကုမ္ပဏီဆုံးရှုံးနိုင်ချေကို ကြီးကြပ်ကွပ်ကဲရန်နှင့် အစီရင်ခံသည့်စနစ် ကောင်းမွန်ခိုင်မာစေရေးအတွက် အမြင့်ဆုံးစောင့်ကြည့် ကွပ်ကဲရေးတာဝန်ကို ရယူထားရမည်။ အချို့နိုင်ငံများတွင် ဘုတ်အဖွဲ့ဥက္ကဌသို့ ဌာနတွင်းကွပ်ကဲသည့် လုပ်ငန်းစဉ်ကို တာဝန်ခံ အစီရင်ခံတင်ပြရန် ပြဋ္ဌာန်းထားသည်။ ကြီးမားသော သို့မဟုတ် ရှုပ်ထွေးသော ဆုံးရှုံးနိုင်ခြေမြင့်မားသည့် (ငွေရေးကြေးရေးနှင့် ငွေရေးကြေးရေးမဟုတ်သောဆုံးရှုံးမှု) ကုမ္ပဏီကြီး များသည် ဘဏ္ဍာရေးကဏ္ဍတွင် သာမကဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး ဘုတ်အဖွဲ့သို့ တိုက်ရိုက် အစီရင်ခံခြင်း အပါအဝင် အလားတူ တာဝန်ခံအစီရင်ခံသည့်စနစ် ကျင့်သုံးရန် စဉ်းစားသင့်သည်။

ကုမ္ပဏီများသည် ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု၊ ကျင့်ဝတ်နှင့် စည်းမျဉ်းလိုက်နာမှု အစီအစဉ် သို့မဟုတ် တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ နှင့် စံသတ်မှတ်ချက်များ လေးစားလိုက်နာရန်အတွက် အရေးယူ ဆောင်ရွက်မှုများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်နိုင်ရန် အကြံပြုထားသည်။ ထိုသို့ ဆောင်ရွက်ရာတွင် OECD လာဘ်စားမှု တိုက်ဖျက်ရေး အပြည်ပြည် ဆိုင်ရာသဘောတူညီချက် တွင်ပြဆိုထားသည့် နိုင်ငံရပ်ခြားအစိုးရ အရာရှိများကို လာဘ်ပေးခြင်းနှင့်အခြားလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုများကို ရာဇဝတ်မှုအဖြစ် ဥပဒေနှင့် သတ်မှတ်ပြဋ္ဌာန်းခြင်းတို့ပါဝင်သည်။ ထို့အပြင် ဥပဒေများလေးစားလိုက်နာမှုတွင် စတော့၊ ရှယ်ယာ၊ ငွေတိုက်စာချုပ် အရောင်းအဝယ်၊ ပြိုင်ဆိုင်မှု၊ လုပ်ငန်းခွင် နှင့် ဘေးကင်း လုံခြုံမှု စသည့် အခြား ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လည်း လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ အခြား သက်ဆိုင်မှုရှိသော ဥပဒေများတွင် အခွန်၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်၊ လိမ်လည်မှု နှင့် ငွေကြေးခဝါချမှု တို့ပါဝင်သည်။ ထိုကဲ့သို့သောလေးစား လိုက်နာရန်လိုအပ်ချက်များသည် ကုမ္ပဏီ၏ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းအဖြစ်ရပ်တည်ပေးနေမည် ဖြစ်သည်။ ပိုမိုထိရောက်မှုရှိစေရန်အတွက်

စီးပွားရေးလုပ်ငန်း၏ မက်လုံးပေးဆွဲဆောင်မှုပုံစံများသည် ကျင့်ဝတ်ဆိုင်ရာ နှင့် ပညာရပ်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသင့်ပြီး သို့မှသာ ထိုတန်ဖိုးထားမှုများကို တိကျစွာ လိုက်နာခြင်းကြောင့် အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ပြီး ဥပဒေကို ချိုးဖောက်မှုကိုလည်း တားဆီးဟန့်တားနိုင်မည်ဖြစ်ပြီး မလိုလားအပ်သည့် ဆွဲဆောင်မှုများနှင့် ပြစ်ဒဏ်များကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ကျင့်ဝတ်နှင့် ဥပဒေလေးစားလိုက်နာမှုများကို လက်အောက်ခံ ကုမ္ပဏီများအထိ ဖြန့်ကျက်သင့်ပြီး ဖြစ်နိုင်ပါကအေးဂျင့်များနှင့်အခြား ကြားခံအဖွဲ့များ၊အတိုင်ပင်ခံများ၊ ကိုယ်စားလှယ်များ၊ ဖြန့်ချီရေးသမားများ၊ ကန်ထရိုက်တာ နှင့် ပေးသွင်းသူများ၊ မိတ်ဖက်အဖွဲ့များ နှင့် အကျိုးတူ ဖက်စပ်လုပ်ကိုင်သူများ ကဲ့သို့ တတိယအဖွဲ့များကပါ လိုက်နာဆောင်ရွက်သင့်သည်။

### ၈။ ထုတ်ဖော်ကြေညာခြင်း နှင့် ဆက်သွယ်ခြင်းလုပ်ငန်းစဉ်များကို စောင့်ကြည့်ကွပ်ကဲခြင်း။

ထုတ်ဖော်ကြေညာခြင်း နှင့် ဆက်သွယ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းစဉ် နှင့် တာဝန်ဝတ္တရားများ ကို ဘုတ်အဖွဲ့မှ ရှင်းလင်းစွာ သတ်မှတ်ပေးရန် လိုအပ်သည်။ အချို့နိုင်ငံများတွင် ဘုတ်အဖွဲ့သို့ တိုက်ရိုက် အစီရင်ခံသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံရေးအရာရှိများ ခန့်အပ်ထားခြင်းမျိုးသည် အများပိုင်ကုမ္ပဏီကြီးများအတွက် ကောင်းမွန်သည့် လုပ်နည်းလုပ်ဟန်အဖြစ်သတ်မှတ်ထားကြသည်။

## င။ ဘုတ်အဖွဲ့သည် ကော်ပိုရိတ်အရေးကိစ္စများအပေါ်တွင် ဓမ္မဒိဋ္ဌာန်ကျပြီး လွတ်လပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရမည်။

စီမံခန့်ခွဲရေး စွမ်းဆောင်ရည် စောင့်ကြည့်ကွပ်ကဲခြင်း၊ အကျိုးစီးပွားဆန့်ကျင်ဖီလာ ဖြစ်ပွားမှု ကို ကာကွယ်ခြင်း နှင့် ကော်ပိုရေးရှင်းအပေါ် အပြိုင်အဆိုင်တောင်းဆိုမှုများကို ဟန်ချက်ညီစေခြင်း စသည့် တာဝန်များကို ထမ်းဆောင်ရန် ဘုတ်အဖွဲ့သည် ဓမ္မဒိဋ္ဌာန်ကျပြီး လွတ်လပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်လိုအပ်သည်။ ပထမဆုံးသောလိုအပ်ချက်မှာ ဘုတ်အဖွဲ့ပါဝင်ဖွဲ့စည်းမှု နှင့် တည်ဆောက်ပုံ အတွက် အရေးပါသည့် ဆက်နွယ်မှုများ နှင့် အတူ စီမံခန့်ခွဲရေးအဖွဲ့ ၏ လွတ်လပ်မှု နှင့် ဓမ္မဒိဋ္ဌာန်ကျကျ ဆောင်ရွက်နိုင်မှုဖြစ်သည်။ ဤအခြေအနေမျိုးတွင် ဘုတ်အဖွဲ့၏ သီးခြား လွတ်လပ်မှုအတွက် ပုံမှန် အားဖြင့် ဘုတ်အဖွဲ့ဝင်များ၏ လုံလောက်သော အရေအတွက်သည် စီမံခန့်ခွဲရေးအဖွဲ့နှင့် သီးခြား ကင်းလွတ်ရန် လိုအပ်မည်ဖြစ်သည်။

အဆင့်တစ်ဆင့်သာပါသည့် ဘုတ်အဖွဲ့စနစ်ကျင့်သုံးသည့်နိုင်ငံများတွင် အမှုဆောင်အရာရှိ နှင့် ဥက္ကဋ္ဌ ရာထူးများ ခွဲခြားသတ်မှတ်ထားခြင်းအားဖြင့် ဘုတ်အဖွဲ့၏ ဓမ္မဒိဋ္ဌာန်ကျမှုနှင့် စီမံခန့်ခွဲရေးအဖွဲ့မှ သီးခြားကင်းလွတ်မှုကို ပို၍အားကောင်းစေနိုင်သည်။ ရာထူးနှစ်ခုကို ခွဲခြားခြင်းသည် သင့်တော်သော အာဏာချိန်ခွင်လျှာညီမျှမှုကိုရရှိစေပြီး၊ တာဝန်ယူ၊ တာဝန်ခံမှုကို တိုးတက်စေကာ ဘုတ်အဖွဲ့မှ စီမံခန့်ခွဲရေးအဖွဲ့နှင့် သီးခြားကင်းလွတ်စွာ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်း ရှိလာသည့်အတွက် ယေဘုယျအားဖြင့် အစီရင်ခံစာတင်ခြင်းကို ကောင်းမွန်သော လုပ်နည်းလုပ်ဟန်အဖြစ် သတ်မှတ်ကြသည်။ အချို့သော နိုင်ငံများတွင် ဦးဆောင် ဒါရိုက်တာတစ်ဦးဦးသတ်မှတ် ခန့်အပ်ထားပြီး အကယ်၍ စီမံခန့်ခွဲရေးအတွင်း ပဋိပက္ခ ထင်ထင်ရှားရှား ဖြစ်နေသည့်အခါဘုတ်အဖွဲ့ကို ဦးဆောင်ရန်အတွက် အဆိုပါ ရာထူးကိုလုံလောက်သည့် အခွင့်အာဏာပေးအပ်ထားလျှင်လည်း အခြားရွေးချယ်သင့်သည့် ကောင်းမွန်သောနည်းလမ်းတစ်ခုအဖြစ်သတ်မှတ်ထားကြသည်။ ထိုကဲ့သို့သောနည်းလမ်းများသည် လုပ်ငန်းစီမံအုပ်ချုပ်မှုအရည်အသွေးကိုမြင့်မားစေရန်နှင့် ဘုတ်အဖွဲ့၏

လုပ်ငန်း တာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အထောက်အကူပေးပါသည်။

အချို့နိုင်ငံများတွင် ဥက္ကဋ္ဌသို့မဟုတ် ဦးဆောင်ဒါရိုက်တာကို ကုမ္ပဏီအတွင်းရေးမှူးက ကူညီပံ့ပိုးပေးပါသည်။ အဆင့်နှစ်ဆင့်ပါ ဘုတ်အဖွဲ့စနစ်တွင် အောက်အဆင့်ဘုတ်အဖွဲ့မှ အကြီးအကဲသည် အငြိမ်းစားယူသည့်အခါ ကြီးကြပ်ကွပ်ကဲသည့်ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်လာသည့် ဓလေ့ထုံးစံတစ်ခုက ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် စိုးရိမ်စရာကိစ္စတစ်ခုအနေနှင့် ပေါ်ပေါက်လာနိုင်သလားဆိုသည်ကို ထည့်သွင်း စဉ်းစားသင့်သည်။

ဘုတ်အဖွဲ့၏ဓမ္မဒိဋ္ဌာန်ကျသည့်ဆောင်ရွက်နိုင်မှုများသည်ကုမ္ပဏီ၏ပိုင်ဆိုင်မှုဖွဲ့စည်းတည်ဆောက်မှုအပေါ်တွင်လည်း မူတည်နေသည်။ လွှမ်းမိုးနိုင်သည့် ရှယ်ယာရှင်သည် ဘုတ်အဖွဲ့ နှင့် စီမံခန့်ခွဲရေးအဖွဲ့ကို ခန့်အပ်နိုင်သည့် ဩဇာအာဏာရှိသည်။ သို့သော် ဤကိစ္စတွင် ဘုတ်အဖွဲ့ သည် ကုမ္ပဏီ နှင့် အနည်းစု ရှယ်ယာပိုင်ရှင်များအပါအဝင် ရှယ်ယာပိုင်ရှင်အားလုံး၏ ယုံကြည်စွာ လွှဲအပ်ခြင်းခံရသည့် တာဝန်ခံတစ်ဦး အနေဖြင့်ရှိနေဆဲဖြစ်သည်။

နိုင်ငံအတော်များများတွင် မတူညီသော ဘုတ်အဖွဲ့ဖွဲ့စည်းပုံ၊ ပိုင်ဆိုင်မှုပုံစံနှင့် လုပ်နည်းကိုင်ဟန်များ ရှိနေသောကြောင့် ဘုတ်အဖွဲ့၏ ဓမ္မဒိဋ္ဌာန်ကျမှုနှင့် သက်ဆိုင်သည့် အရေးကိစ္စများကို ချဉ်းကပ်ရာတွင် ကွဲပြားသော ချဉ်းကပ်နည်းများ လိုအပ်ပါသည်။ အခြေအနေပေါင်းများစွာတွင် ဓမ္မဒိဋ္ဌာန်ကျမှုကို သတ်မှတ်ရာတွင် လုံလောက်သော အရေအတွက်ရှိသည့် ဘုတ်အဖွဲ့ဝင်များကို ကုမ္ပဏီ၊ ၎င်း၏ နီးနွယ်သည့် အဖွဲ့များမှ ခန့်အပ်ထားခြင်း မဟုတ်ရန် သို့မဟုတ် ကြီးမားသည့် စီးပွားရေး၊ မိသားစုနှင့် အခြားနီးနွယ်မှုတို့မှ တစ်ဆင့် ကုမ္ပဏီ၊ စီမံခန့်ခွဲရေးအဖွဲ့သို့ နီးစပ်သည့် ဆက်စပ်မှုများ မရှိရန် လိုအပ်ပါသည်။ ထိုသို့သောအချက်ကရှယ်ယာပိုင်ရှင်များကိုဘုတ်အဖွဲ့ဝင်ဖြစ်စေခြင်းကို ဟန့်တားခြင်း မရှိပါ။ အခြားနိုင်ငံများတွင် ထိန်းချုပ် ရှယ်ယာရှင်များ သို့မဟုတ် အခြားထိန်းချုပ်ထားသောအဖွဲ့များထံမှ သီးခြားလွတ်လပ်မှုကို အလေးထားရန်လိုအပ်သည်။ အထူးသဖြင့် ရှယ်ယာအနည်းစုသာ ပိုင်ဆိုင်သောရှယ်ယာရှင်များအတွက် အခွင့်အရေးများသည် အားနည်းပြီး ဥပဒေနှင့် ကုစားနိုင်သည့် အခွင့်အလမ်း နည်းပါးသည့် အခြေအနေမျိုးတွင် ထိန်းချုပ်ရှယ်ယာရှင်များမှ သီးခြားလွတ်လပ်မှု ရရှိရန်လိုအပ်သည်။ အဆိုပါအချက်ကြောင့် နိုင်ငံအချို့တွင် အချို့ဘုတ်အဖွဲ့ဝင်များအနေဖြင့် လွှမ်းမိုးရှယ်ယာရှင်များမှ သီးခြားလွတ်လပ်စေရန်၊ နှင့် အဆိုပါ သီးခြား လွတ်လပ်မှုသည် သူတို့၏ ကိုယ်စားလှယ်မဖြစ်ခြင်းသို့မဟုတ် သူတို့နှင့် နီးစပ်သောစီးပွားရေးအရ ပတ်သက်ဆက်နွယ်မှုမရှိခြင်းတို့အထိ တိုးချဲ့သတ်မှတ်ပေးရန် တောင်းဆိုထားသည့် ကျင့်ထုံးစည်းမျဉ်းနှင့် ဥပဒေများ ဖြစ်ပေါ်လာစေပါသည်။ အချို့ကိစ္စများတွင် အထူးမြီရှင်များကဲ့သို့ အဖွဲ့များသည်လည်း ကြီးမားသည့် ဩဇာလွှမ်းမိုးမှုများရှိလာနိုင်သည်။ အစုအဖွဲ့တစ်ခုသည် ကုမ္ပဏီကို ဩဇာလွှမ်းမိုးရန် အထူးအနေအထားတွင် ရှိပါက ဘုတ်အဖွဲ့၏ ဓမ္မဓိဋ္ဌာန်ကျသောဆုံးဖြတ်နိုင်စွမ်းကို ထိန်းသိမ်းထားနိုင်ရန် တင်းကျပ်သော စမ်းသပ်မှုများ ရှိသင့်သည်။

ဘုတ်အဖွဲ့ဝင်များ၏ သီးခြား လွတ်လပ်မှုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် အချို့ နိုင်ငံတော်အဆင့်စည်းမျဉ်းဥပဒေများသည် ရှယ်ယာရောင်းချရန်ဈေးကွက်တင်သည့်အခါ လိုအပ်သည့် လိုအပ်ချက်များတွင်ဖော်ပြထားသည့် "လွတ်လပ်မှုမရှိခြင်း" ဆိုသည့် အခြေအနေကို ဖော်ပြသည့် အသေးစိတ်အချက်အလက်နှင့် တွေးဆချက်များကို ထုတ်ပြန်ထားကြသည်။ လိုအပ်သည့် အခြေအနေများသတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်စုံတစ်ဦးသည် လွတ်လပ်မှုမရှိကြောင်းညွှန်းဆိုနေသည့်"အနုတ်လက္ခဏာဆောင်သည့်"သတ်မှတ်ပြဋ္ဌာန်းချက်များ

ကို ထုတ်ပြန်ထားခြင်းသည် အမှီအခိုကင်းပြီး လွတ်လပ်မှုရှိခြင်းဆိုသည့် အခြေအနေကို ဖော်ညွှန်းသည့် “အပေါင်းလက္ခဏာဆောင်သည့်” အခြေအနေကို သတ်မှတ်ထားသည့် သတ်မှတ်ချက်များကို လိုက်ပါဆောင်ရွက်ရန်တွန်းပို့ပေးပါသည်။

လွတ်လပ်သည့်ဘုတ်အဖွဲ့ဝင်များသည် ဘုတ်အဖွဲ့၏ အဆုံးအဖြတ်ပေးနိုင်စွမ်းကို များစွာအထောက်အကူပြုနိုင်သည်။ ၎င်းတို့အနေဖြင့် ဘုတ်အဖွဲ့ နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရာတွင် မျှတသောအမြင်ဖြင့် ရှုမြင်နိုင်သည်။ ထို့အပြင်သူတို့သည် အမှုဆောင်များ လုပ်ခလစာပေးခြင်း၊ ရာထူးဆက်ခံမှု အစီအစဉ်၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အပြောင်းအလဲများ၊ အခြားလုပ်ငန်းများ၏ ဝယ်ယူပေါင်းစည်းခြင်း မခံရအောင်ကာကွယ်ခြင်း၊အရေးပါသည့် လုပ်ငန်းများလွှဲပြောင်းရယူခြင်း၊ နှင့် စာရင်းစစ်လုပ်ငန်း ကဲ့သို့ စီမံခန့်ခွဲရေး၊ ကုမ္ပဏီနှင့်၎င်း၏ ရှယ်ယာပိုင်ရှင်တို့၏ အကျိုးစီးပွားများ ကွဲလွဲနေသည့် နေရာများတွင်ထိန်းညှိပေးရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ သူတို့၏ အခန်းကဏ္ဍများ ပိုမိုထိရောက်စွာ ပါဝင်ရန် ဘုတ်အဖွဲ့က မည်သူတို့ကို သီးခြားလွတ်လပ်သည်ဟု သတ်မှတ်ကြောင်းနှင့် ထိုသို့သတ်မှတ်ရခြင်းသည် မည်သည့်အချက်များကို အခြေခံပြီး ဆုံးဖြတ်သည်ကို ထုတ်ပြန်ကြေငြာပေးခြင်းကိုဆောင်ရွက်သင့်သည်။ အချို့နိုင်ငံများတွင် အချိန်ကာလတစ်ခုအတွင်း လွတ်လပ်သည့် ဒါရိုက်တာများသာပါသည့် သီးသန့်အစည်းအဝေးများ ဆောင်ရွက်ရန် ပြဋ္ဌာန်းသတ်မှတ်ထားသည်။

**၁။ ဘုတ်အဖွဲ့သည် အကျိုးစီးပွားဆန့်ကျင်ဖီလာ ဖြစ်နိုင်ခြေရှိသည့် နေရာများတွင် လုပ်ငန်းတာဝန်များထမ်းဆောင်နိုင်ရန်အတွက် လွတ်လပ်သည့် ဆုံးဖြတ်ချက်များ ချနိုင်စွမ်းရှိသည့် အမှုဆောင်မဟုတ်သော ဘုတ်အဖွဲ့ဝင်များ လုံလောက်သည့် အရေအတွက်တစ်ခု သတ်မှတ်ထားရန် စဉ်းစားသင့်သည်။ ထိုကဲ့သို့သော အရေးပါသည့် တာဝန်ခံမှု ပုံစံဥပမာများသည် ဘဏ္ဍာရေး နှင့် ဘဏ္ဍာရေး မဟုတ်သော ကိစ္စရပ်များ အစီရင်ခံတင်ပြခြင်း၊ ဆက်နွယ်သူအချင်းချင်း အရောင်းအဝယ်လုပ်မှုများကို ပြန်လည် ဆန်းစစ်ခြင်း၊ ဘုတ်အဖွဲ့ဝင်အဖြစ် အမည်စာရင်းတင်သွင်းခြင်း နှင့် ဘုတ်အဖွဲ့၏ လုပ်ခလစာများစသည့်ကိစ္စများတွင် သမာသမတ်ကျမှုနှင့် ခိုင်မာမှုကို ပြသနိုင်သည်။**

ဘဏ္ဍာရေးအစီရင်ခံခြင်း၊ လုပ်ခလစာများပေးချေခြင်းနှင့် အမည်စာရင်းတင်သွင်းခြင်းတို့အတွက် တာဝန်ခံမှုသည် အခါများစွာတွင် ဘုတ်အဖွဲ့တစ်ခုလုံး နှင့် သက်ဆိုင်သော်လည်း သီးခြား လွတ်လပ်သည့် အမှုဆောင်မဟုတ်သော ဘုတ်အဖွဲ့ဝင်များက ဈေးကွက်အတွင်း ပါဝင်သူများကို ၎င်းတို့၏ အကျိုးစီးပွားများကို လုံခြုံစိတ်ချစေရန် တာဝန်ယူပေးနေကြောင်း ထပ်ဆောင်း အာမခံချက်ပေးနိုင်သည်။ အကျိုးစီးပွားပဋိပက္ခ ဖြစ်နိုင်ခြေရှိသည့်နေရာများတွင် ပေါ်ပေါက်လာသည့် မေးခွန်းများကို ဖြေရှင်းပေးနိုင်သည့် သီးခြားကော်မတီများ ထူထောင်ရန် ဘုတ်အဖွဲ့ကစဉ်းစားသင့်သည်။ အဆိုပါကော်မတီများသည် အမှုဆောင်မဟုတ်သော အဖွဲ့ဝင်များဖြင့်သာ လုံးလုံးလျားလျား ဖွဲ့စည်းရန် သို့မဟုတ် ပါဝင်မည့် အနည်းဆုံး အရေအတွက် သတ်မှတ်ရန်လိုအပ်သည်။ အချို့နိုင်ငံများတွင် ရှယ်ယာပိုင်ရှင်များသည် အထူးပြု လုပ်ငန်းဆောင်တာများ အတွက် အမှုဆောင်မဟုတ်သော ဒါရိုက်တာများကို အမည်စာရင်းတင်သွင်းရန် နှင့် ရွေးကောက် တင်မြှောက်ရန် တိုက်ရိုက် တာဝန်ရှိသည်။

**၂။ ဘုတ်အဖွဲ့သည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အထောက်အကူပေးရန်အတွက် အထူးသဖြင့် စာရင်းစစ်ကော်မတီနှင့် ကုမ္ပဏီအရွယ်အစားနှင့် ဆုံးရှုံးနိုင်ချေများကို မူတည်၍ ထိုဆုံးရှုံးနိုင်ချေများကို စီမံခန့်ခွဲခြင်းကော်မတီနှင့် လုပ်ခ လစာ**

**ခံစားခွင့်ကော်မတီ စသည့် အထူးပြု ကော်မတီများ ဖွဲ့စည်းရန် စဉ်းစားသင့်သည်။ ဘုတ်အဖွဲ့၏ ကော်မတီများဖွဲ့စည်းပြီးသည့်အခါ ထိုကော်မတီများ၏ လုပ်ပိုင်ခွင့်အာဏာများ၊ ပါဝင်ဖွဲ့စည်းမှုနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်းစွာချမှတ်ပြီး ထိုဖြစ်စဉ်ကို ဘုတ်အဖွဲ့က သတင်းထုတ်ပြန်ပေးရမည်။**

ကုမ္ပဏီ နှင့် ဘုတ်အဖွဲ့၏ အရွယ်အစားနှင့် ဆီလျော်သည့်အခါ ကော်မတီများသည်ဘုတ်အဖွဲ့၏ လုပ်ငန်းဆောင်တာများကို တိုးတက်ကောင်းမွန်စေနိုင်သည်။ ဘုတ်အဖွဲ့ကော်မတီများလုပ်ဆောင်ချက် ရလာဒ်များကို အကဲဖြတ်ရာတွင် ဈေးကွက်သည် ဘုတ်အဖွဲ့၏ ရည်ရွယ်ချက်၊ တာဝန်များနှင့် ပါဝင်ဖွဲ့စည်းပုံအကြောင်းများကို ပြည့်စုံရှင်းလင်းသော မြင်ကွင်းတစ်ခုအဖြစ် လက်ခံရရှိထားရန် အရေးကြီးသည်။ အထူးသဖြင့် ဘုတ်အဖွဲ့များက လွတ်လပ်သည့် စာရင်းစစ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပြီး ထိုစာရင်းစစ်ကော်မတီများသည် ပြင်ပစာရင်းစစ်များနှင့်ဆက်ဆံရေးကို တာဝန်ယူရပြီး ကိစ္စအတော်များများကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည့်အခွင့်အာဏာရှိ အပ်နှင်းထားသည့် စနစ် ကျင့်သုံးခြင်းသည် နိုင်ငံများစွာတွင် အရေးကြီးသတင်း အဖြစ်သတ်မှတ်ထားသည်။

စာရင်းစစ်ကော်မတီများသည် ဌာနတွင်းကွပ်ကဲသည့် စနစ်၏ ထိရောက်မှု နှင့် ဖြောင့်မတ်မှန်ကန်မှု ကြီးကြပ်နိုင်စွမ်းလည်း ရှိသင့်သည်။ ထိုကဲ့သို့သောအခြား ကော်မတီများတွင် ရာထူးနေရာအတွက် အမည်စာရင်းတင်သွင်းခြင်း၊ လုပ်ခလစာနှင့်ဆုံးရှုံးနိုင်ခြေ တို့ကို ကိုင်တွယ်သည့်အဖွဲ့များပါဝင်သည်။ ကော်မတီများထပ်မံ ထူထောင်မှုသည် တစ်ခါတရံတွင် စာရင်းစစ်ကော်မတီ ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုကို ရှောင်ရှား စေနိုင်ပြီး အဆိုပါအရေးကိစ္စများအတွက် ဘုတ်အဖွဲ့၏ အချိန်ကို ပိုမိုထိရောက်စွာအသုံးချနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ဘုတ်အဖွဲ့၏ အစိတ်အပိုင်းများနှင့်ဘုတ်အဖွဲ့တစ်ခုလုံး အကြား တာဝန်ယူ၊ တာဝန်ခံမှုများ ရှင်းလင်းစွာ ရှိထားရမည်။ ဥပမာအားဖြင့် လျှို့ဝှက်ထားရမည့် စီးပွားရေးဆိုင်ရာ ညှိနိုင်းဆောင်ရွက်ရသည့် ကော်မတီဝင်များအနေဖြင့် သတင်းထုတ်ပြန်မှု လိုအပ်ချက်များ မရှိသင့်ပါ။

## ၃။ ဘုတ်အဖွဲ့ဝင်များသည် သူတို့၏ တာဝန်ဝတ္တရားများအတွက် ထိရောက်စွာ လုပ်ဆောင်နိုင်စွမ်းရှိသင့်သည်။

လူပုဂ္ဂိုလ်တစ်ဦးတည်းက ဘုတ်အဖွဲ့များစွာတွင် ပါဝင်ထမ်းဆောင်ရပါက ဘုတ်အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ကိုလျော့ပါးစေသည်။ အချို့နိုင်ငံများသည် လူတစ်ဦးထမ်းဆောင်နိုင်သည့် ဘုတ်အဖွဲ့ ရာထူးများ အရေအတွက်ကို ကန့်သတ်ထားသည်။ ကန့်သတ်ချက်များသတ်မှတ်ထားခြင်းသည် အရေးမကြီးလှသော်လည်း၊ ထိုကန့်သတ်မှုက ဘုတ်အဖွဲ့ဝင်ဖြစ်မှုသည် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပြီး ရှယ်ယာရှင်များ၏ အမြင်တွင်လည်းယုံကြည်မှုရစေပါသည်။ ထို့ကြောင့်အခြား ဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ထမ်းဆောင်နေကြောင်း ထုတ်ပြန်ချက်သည် ရှယ်ယာရှင်များအတွက် ဘုတ်အဖွဲ့အဖြစ် အမည်စာရင်းတင်သွင်းခြင်းကို များစွာအထောက်အကူဖြစ်စေပါသည်။ ဘုတ်အဖွဲ့ဝင်များ၏ တရားဝင်ဖြစ်တည်မှုကို ဘုတ်အဖွဲ့ဝင်တစ်ယောက်ချင်းစီ၏ ဘုတ်အစည်းအဝေး တက်ရောက်မှု မှတ်တမ်းကို ထုတ်ပြန်ခြင်းဖြင့်လည်းပံ့ပိုးပေးနိုင်ပြီး (ဥပမာ မည်သူသည် အရေးကြီးသည့် အစည်းအဝေး ဘယ်နှစ်ခုကို ပျက်ကွက်သည်၊ မပျက်ကွက်ပါ..စသည်..။) ဘုတ်အဖွဲ့ကိုယ်စား ဆောင်ရွက်ရသည့် အခြားလုပ်ငန်းများနှင့် ၎င်းတို့နှင့် ဆက်စပ်သည့် လုပ်ခလစာများအတွက် အထောက်အကူဖြစ်စေသည်။

**ဇ။ ဘုတ်အဖွဲ့များသည် သူတို့၏ စွမ်းဆောင်ရည်များကို လေ့လာဆန်းစစ်ရန် နှင့် ၎င်းတို့၏ ဘုတ်အဖွဲ့ထဲတွင်ပါဝင်သည့် ကျွမ်းကျင်မှုအမျိုးအစားနှင့် အချိုးအစား မှန်ကန်မှု ရှိမရှိကို သိရှိစေရန် ပုံမှန်အကဲဖြတ်သည့် လုပ်ငန်းများ ဆောင်ရွက်သင့်သည်။**

ယနေ့ နိုင်ငံအတော်များများတွင် ဘုတ်အဖွဲ့များ၏ လုပ်ထုံးလုပ်နည်းများနှင့် ၎င်းအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်များ တိုးတက်ကောင်းမွန်လာစေရန်ကုမ္ပဏီများက ၎င်းတို့၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ဘုတ်အဖွဲ့စွမ်းရည်မြှင့် သင်တန်းများ ပို့ချခြင်းနှင့် ၎င်းတို့၏ ဆန္ဒအလျောက်ဘုတ်အဖွဲ့၏ စွမ်းရည်များကို အကဲဖြတ်ရန် တိုက်တွန်းခြင်းများလုပ်ဆောင်လျှက်ရှိသည်။ အထူးသဖြင့်ကုမ္ပဏီကြီးများတွင် ဘုတ်အဖွဲ့၏အကဲဖြတ်မှုကို တည့်မတ်မှန်ကန်စေရန်အတွက် ကုမ္ပဏီပြင်ပမှ ကူညီထောက်ပံ့သူများနှင့် ဆောင်ရွက်ကြသည်။ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများကဲ့သို့ သီးခြားကျွမ်းကျင်မှု အရည်အချင်းများတတ်ကျွမ်းထားရန် မလိုအပ်ပါက ကုမ္ပဏီ ဘုတ်အဖွဲ့သည် ခန့်အပ်စဉ်ကတည်းက ကျွမ်းကျင်မှုအတန်အသင့်ရှိပြီးသားဖြစ်ရမည်ဟု သတ်မှတ်နိုင်သည်။ ထိုနောက်တွင် ဘုတ်အဖွဲ့ဝင်များသည် ဌာနတွင်းလေ့ကျင့်သင်ကြားမှုနှင့် ပြင်ပသင်တန်းများမှ တစ်ဆင့် သက်ဆိုင်ရာ ဥပဒေအသစ်များ၊ လုပ်ထုံးစည်းမျဉ်းများနှင့် ပြောင်းလဲသော အရောင်းအဝယ် ကိစ္စရပ်များနှင့် အခြားဆုံးရှုံးနိုင်ခြေများကို သိမှီနိုင်စေရန်ဆောင်ရွက်နိုင်သည်။ အုပ်စုလိုက်တွေးခေါ်ခြင်းကို ရှောင်ရှားပြီး ဘုတ်အဖွဲ့ဆွေးနွေးမှုသို့ မတူကွဲပြားသောအမြင်များကို ဖော်ထုတ်ဆွေးနွေးနိုင်ရန် ဘုတ် အဖွဲ့ဝင်များသည် သူတို့မတူကွဲပြားသော နောက်ခံအတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများကို မှန်ကန်စွာ ပေါင်းစပ်မှုရရှိနိုင်မှု ရှိမရှိကို စဉ်းစားရမည်။

နိုင်ငံများသည် မိမိဆန္ဒအလျောက် ထားရှိသည့် မျှော်မှန်းချက်များ၊ ဖွင့်ဟထုတ်ဖော်မှုဆိုင်ရာ လိုအပ်ချက်များ၊ ဘုတ်အဖွဲ့ဝင်ခွဲတန်းဝေစု၊ နှင့် ဘုတ်အဖွဲ့အတွင်းကျား/မအချိုးအစားမျှတတိုးတက်မှု ရှိစေရန် ပုဂ္ဂလိက ကြိုးပမ်းဆောင်ရွက်မှု အစီအစဉ်များကို စဉ်းစားဆောင်ရွက်နိုင်သည်။

**စ။ တာဝန်များ အပြည့်အဝထမ်းဆောင်နိုင်ရန်ဘုတ်အဖွဲ့ဝင်များသည် တိကျပြီး၊ သက်ဆိုင်မှု ရှိသော၊ အချိန်နှင့်တပြေးညီဖြစ်သော သတင်းအချက်အလက်များ ရယူသုံးစွဲခွင့် ရှိသင့်သည်။**

ဘုတ်အဖွဲ့ဝင်များသည် သူတို့၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အထောက်အကူဖြစ်စေနိုင်ရန်အတွက် သက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်မှန်ပုံမှန်ရရှိနေရန် လိုအပ်သည်။ အမှုဆောင်မဟုတ်သော ဘုတ်အဖွဲ့ဝင်များသည် ပုံမှန်အားဖြင့် ကုမ္ပဏီအတွင်း အဓိက အမှုဆောင်များကဲ့သို့ သတင်းအချက်အလက်ကို တူညီသည့် ရယူသုံးစွဲခွင့် ပေးမထားပါ။ အမှုဆောင်မဟုတ်သော ဘုတ်အဖွဲ့ဝင်များသည် ကုမ္ပဏီက အရေးကြီးသည့် မန်နေဂျာများ ဥပမာ ကုမ္ပဏီအတွင်းရေးမှူး၊ ရုံးတွင်းစာရင်းစစ်၊ ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲရေးဌာနအကြီးအကဲ သို့မဟုတ် ဆုံးရှုံးနိုင်ချေစီမံမှု အမှုဆောင်အရာရှိ၊ သို့မဟုတ် ကုမ္ပဏီ၏ကုန်ကျစရိတ်ဖြင့် ပြင်ပမှ ကျွမ်းကျင်မှုအရင်းအမြစ်များကို ထိတွေ့ဆက်ဆံ အကူအညီရယူခြင်းဖြင့် ကုမ္ပဏီကို ပိုမိုထိရောက်စွာ အထောက်အကူပြုနိုင်သည်။ ကုမ္ပဏီသည် ရှုပ်ထွေးသည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုပုံစံများကို မှီခိုနေပါက ထိုမိုဒယ်ပုံစံများ၏ အားနည်းချက်များကို ဘုတ်အဖွဲ့ဝင်များကို သိရှိစေရန် ကြိုတင်အကြောင်းကြားရမည်။

**ဆ။ ဘုတ်အဖွဲ့တွင် ဝန်ထမ်းကိုယ်စားပြုမှု မဖြစ်မနေပါဝင်ရန် ပြဋ္ဌာန်းထားသည့်အခါ ဝန်ထမ်းကိုယ်စားလှယ်များအတွက် သတင်းအချက်အလက် နှင့် လေ့ကျင့်သင်ကြားမှုတို့ရရှိစေ**

**ရန် နည်းလမ်းများတည်ဆောက်ထားရမည်။ သို့မှသာ ကိုယ်စားပြုမှုကို ထိရောက်စွာ ကျင့်သုံးနိုင်ပြီး ဘုတ်အဖွဲ့၏ ကျွမ်းကျင်မှု၊ သတင်းအချက်အလက်နှင့် အမှီအခိုကင်းမှုများတွင် တိုးတက်မှုရှိလာပါလိမ့်မည်။**

ဘုတ်အဖွဲ့တွင် ဝန်ထမ်းကိုယ်စားပြုမှုကို ဥပဒေအရ မဖြစ်မနေထည့်သွင်းရန် လိုအပ်သည့်အခါ သို့မဟုတ် စုပေါင်းသဘောတူညီမှုအရ သို့မဟုတ် မိမိဆန္ဒအလျောက် လက်ခံ ကျင့်သုံးသည့်အခါ ဘုတ်အဖွဲ့၏ သီးခြားလွတ်လပ်မှု၊ ကျွမ်းကျင်မှုနှင့် သတင်း အချက်အလက်ရရှိမှုတို့ကို အမြင့်မားဆုံး ကူညီထောက်ပံ့မှုပေးနိုင်ရန် ဆောင်ရွက်သင့်သည်။ ဝန်ထမ်း ကိုယ်စားလှယ်များသည် အခြားသော ဘုတ်အဖွဲ့ဝင်များ အားလုံးနည်းတူ၊ တူညီသော တာဝန်နှင့် တာဝန်ခံမှုများ ရှိသင့်ပြီး ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဆောင်ရွက်သင့်သည်။

သတင်းအချက်အလက် ရယူသုံးစွဲမှု၊ လေ့ကျင့်သင်ကြားမှု နှင့် ကျွမ်းကျင်မှုမြှင့်တင်ရန်နှင့် ဝန်ထမ်း ဘုတ်အဖွဲ့ဝင်သည် အမှုဆောင်အရာရှိချုပ် နှင့် စီမံခန့်ခွဲရေးမှ သီးခြား လွတ်လပ်မှု တို့ကို ထောက်ပံ့ ဖြည့်ဆည်းရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများချမှတ်ကျင့်သုံးသင့်သည်။ ထိုလုပ်ထုံးလုပ်နည်းများ သည် သင့်တော်လုံလောက်ပြီး၊ ပွင့်လင်းမြင်သာသော အလုပ်ခန့်အပ်မှုလုပ်ထုံးလုပ်နည်းများ၊ ဝန်ထမ်းများထံသို့ သတ်မှတ်အချိန်တွင် ပြန်လည်သတင်းပို့ရန် အခွင့်အရေး(ထို့အတွက်ဘုတ်အဖွဲ့၏ လျှို့ဝှက်ချက်ဆိုင်ရာ လိုအပ်ချက်ကို အလေးအနက်ထား လေးစားလိုက်နာရန်လိုအပ်သည်။) လေ့ကျင့်သင်ကြားမှု၊ အကျိုးစီးပွား ပဋိပက္ခ စီမံခန့်ခွဲရေး ရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများစသည့် အချက်များလည်း ပါဝင်သင့်သည်။ ဘုတ်အဖွဲ့၏ လုပ်ငန်းများကို အပြုသဘောဆောင်သည့် ကူညီ ပံ့ပိုးပေးမှု ရရှိရန်မှာ ဘုတ်အဖွဲ့ရှိအခြားဘုတ် အဖွဲ့ဝင်များအပြင် စီမံခန့်ခွဲရေးအဖွဲ့၏ လက်ခံပေးမှုနှင့် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုတို့လည်း လိုအပ်မည်ဖြစ်သည်။

# နောက်ဆက်တွဲ

# ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံသဘောတရားများအပေါ် ကောင်စီ၏အကြံပြုချက်များ

၈၊ ဇူလိုင်လ၊ ၂၀၁၅

## ကောင်စီသည်

၁၉၆၀ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်းအပေါ် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်၏ အပိုဒ်ခွဲ ၅ခ) ဖြင့်

**စပ်လျဉ်း၍ လည်းကောင်း**

နိုင်ငံပိုင်လုပ်ငန်းများအတွက် အခမဲ့ထုတ်ဝေသည့် လမ်းညွှန်ချက်များကို ချမှတ်ပေးသည့် နိုင်ငံပိုင် လုပ်ငန်းများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု OECD လမ်းညွှန်ချက်အပေါ် ကောင်စီ၏အကြံပြုချက်ဖြင့်

**စပ်လျဉ်း၍လည်းကောင်း**

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံပေါင်းစုံလုပ်ငန်းများအကြောင်းအပေါ်ကြေညာချက်၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံခြားအစိုးရအရာရှိများအား လာဘ်ပေးမှုကို တိုက် ဖျက်ခြင်း အပြည်ပြည်ဆိုင်ရာသဘောတူညီချက်နှင့် ပညာရေး၊ အလုပ်အကိုင် ခန့်ထားမှုနှင့် စွန့်ဦး တီထွင်လုပ်ငန်းထူထောင်မှုတွင် ကျား/ မ တန်းတူ ညီမျှရေးအပေါ် ကောင်စီ၏ အကြံပြုချက်တို့၏ တသားတည်းသော အစိတ်အပိုင်းအဖြစ် ဖွဲ့စည်းထားသည့် နိုင်ငံပေါင်းစုံစီးပွားရေးလုပ်ငန်းများ အပေါ် လမ်းညွှန်ချက်များဖြင့်

**စပ်လျဉ်း၍လည်းကောင်း**

အခြေခံသဘောတရားများသည် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုမှု ရရှိလာပြီး ကော်ပိုရိတ်စီမံ အုပ်ချုပ်မှု တိုးတက်ကောင်းမွန်စေရန် နိုင်ငံအတွင်းနှင့် နိုင်ငံတကာအတွက် အရေးကြီးသောအခြေခံ သဘောတရားအဖြစ် အထောက်အကူပြုသည်ကို

**ထည့်သွင်းစဉ်းစားခြင်းဖြင့်လည်းကောင်း**

အခြေခံသဘောတရားများကို အကောင်အထည်ဖော်ခြင်းသည် အမျိုးမျိုးသော ဥပဒေ၊ စီးပွားရေး၊ လူမှုရေး နှင့် စည်းမျဉ်းထိန်းသိမ်းမှု နောက်ခံအခြေအနေများ အပေါ်မူတည်နေသည်ကို

**အသိအမှတ်ပြုခြင်းဖြင့်လည်းကောင်း**

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကော်မတီ၏အဆိုပြုချက်များအပေါ်

၁။ ဤအကြံပြုချက်များကို စွဲမြဲလိုက်နာသည့် အဖွဲ့ဝင်နှင့် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများအနေဖြင့် ဤအကြံပြုချက်၏ နောက်ဆက်တွဲတွင် ဖော်ပြထားပြီး ဤအကြံပြုချက်များမှာ တစ်သားတည်းသော အစိတ်အပိုင်းဖြစ်လာသည့် အခြေခံသဘောတရားများကို ထိုက်သင့်သလိုထည့်သွင်းစဉ်းစားရန် **အကြံပြုသည်။**

၂။ ဤအကြံပြုချက်ကို ဖြန့်ဝေပေးရန် အထွေထွေအတွင်းရေးမှူးကို **ဖိတ်ခေါ်သည်။**

၃။ စွဲမြဲလိုက်နာသူများကို ဤအကြံပြုချက်များအား ဖြန့်ဝေရန် **ဖိတ်ခေါ်သည်။**

၄။ စွဲစွဲမြဲမြဲမလိုက်နာသူများကို ဤအကြံပြုချက်များအား ထိုက်သင့်သလို ထည့်သွင်းစဉ်းစားရန်နှင့် စွဲမြဲလိုက်နာလာစေရန် **ဖိတ်ခေါ်တိုက်တွန်းသည်။**

၅။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကော်မတီ အနေဖြင့် ဤအကြံပြုချက်များ အကောင်အထည်ဖော်ခြင်းကို နောက်ဆက်တွဲလုပ်ဆောင်ပြီး ၎င်းကိုကျင့်သုံးပြီးနောက် ငါးနှစ်ထက် နောက်မကျစေဘဲ ကောင်စီသို့ အစီရင်ခံစာတင်သွင်းပြီး သင့်တော်သလို ဆက်လက်ဆောင်ရွက်ရန် **ညွှန်ကြားပါသည်။**

# စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

## Organisation for Economic Co-operation and Development (OECD)

OECD သည် တစ်ကမ္ဘာလုံးဆိုင်ရာလွှမ်းခြုံဆက်စပ်မှု ဖြစ်စဉ်၏ စီးပွားရေး၊ လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် အစိုးရများ အတူတကွ ဆောင်ရွက်သည့် သီးခြား ဖိုရမ်တစ်ခု ဖြစ်သည်။ OECD သည် ကော်ပိုရိတ်စီမံ အုပ်ချုပ်မှု၊ သတင်းအချက်အလက် စီးပွားရေးနှင့် သက်ကြီးရွယ်အို လူဦးရေ အုပ်စုဆိုင်ရာ စိန်ခေါ်မှုများ ကဲ့သို့ ဖွံ့ဖြိုးမှုအသစ်နှင့် ပူပန်စရာ ကိစ္စအသစ်များ အကြောင်းနားလည်ရန် နှင့် အစိုးရများကို အကူအညီပေးရန် ကြိုးပမ်းအားစိုက်မှုတွင်လည်း ရှေ့တန်းမှရှိနေသည်။ အဖွဲ့အစည်းသည် အစိုးရများ အနေဖြင့် မူဝါဒ အတွေ့အကြုံများ နှိုင်းယှဉ်ခြင်း၊ ဘုံတူညီသောပြဿနာများအတွက် အဖြေများ ရှာဖွေခြင်း၊ ကောင်းမွန်သောအလေ့အထများ ခွဲခြားဖော်ထုတ်ပြီး နိုင်ငံတွင်းနှင့် နိုင်ငံတကာမူဝါဒများ ညှိနှိုင်းဆောင်ရွက်ရန်လုပ်ဆောင်ခြင်းတို့ပြုလုပ်နိုင်သည့် နောက်ခံအခင်းအကျင်းကို ဖန်တီးပေးထားသည်။

OECD နိုင်ငံများတွင် အောက်ပါတို့ပါဝင်ကြသည်။ ဩစတြီးယား၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ ချီလီ၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စတိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အိုက်စလန်၊ အိုင်ယာလန်၊ အစ္စရေး၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊ လူဇင်ဘတ်၊ မက္ကဆီကို၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ပိုလန်၊ ပေါ်တူဂီ၊ ဆလိုဗက်သမ္မတနိုင်ငံ၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူရကီ၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန်ပြည်ထောင်စု တို့ဖြစ်ကြသည်။ ဥရောပသမဂ္ဂ သည် OECD အလုပ်များတွင် ပါဝင် လုပ်ဆောင်သည်။

OECD ပုံနှိပ်ထုတ်ဝေမှုသည် စီးပွားရေး၊လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများအပေါ် အဖွဲ့အစည်း၏ စာရင်းဇယား အချက်အလက်များ စုဆောင်းမှုနှင့် သုတေသနတို့ အပြင် ၎င်းအဖွဲ့ဝင်နိုင်ငံများ သဘောတူထားသည့် ကွန်ဗန်းရှင်း သဘောတူညီချက်များ၊ လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များ၏ ရလဒ်များဖြစ်ပြီး ကျယ်ပြန့်စွာ ဖြန့်ဝေထားသည်။

# G20/OECD Principles of Corporate Governance

OECD
BETTER POLICIES FOR BETTER LIVES

**Please cite this publication as:**
OECD (2015), *G20/OECD Principles of Corporate Governance*, OECD Publishing, Paris.
*http://dx.doi.org/10.1787/9789264236882-en*

ISBN: 978-92-64-23687-5 (print)
ISBN: 978-92-64-23688-2 (PDF)

**Photo credits:** © ann triling/Thinkstock.com.

Corrigenda to OECD publications may be found on line at: *www.oecd.org/about/publishing/corrigenda.htm.*
© OECD 2015

You can copy, download or print OECD content for your own use, and you can include excerpts from OECD publications, databases and multimedia products in your own documents, presentations, blogs, websites and teaching materials, provided that suitable acknowledgment of the source and copyright owner is given. All requests for public or commercial use and translation rights should be submitted to *rights@oecd.org*. Requests for permission to photocopy portions of this material for public or commercial use shall be addressed directly to the Copyright Clearance Center (CCC) at *info@copyright.com* or the Centre français d'exploitation du droit de copie (CFC) at *contact@cfcopies.com*.

# Foreword

*The* G20/OECD Principles of Corporate Governance *help policy makers evaluate and improve the legal, regulatory, and institutional framework for corporate governance, with a view to supporting economic efficiency, sustainable growth and financial stability.*

*First published in 1999, the* Principles *have since become an international benchmark for policy makers, investors, corporations and other stakeholders worldwide. They have also been adopted as one of the Financial Stability Board's Key Standards for Sound Financial Systems and form the basis for the World Bank Reports on the Observance of Standards and Codes (ROSC) in the area of corporate governance.*

*This edition contains the results of the second review of the* Principles*, conducted in 2014/15. The basis for the review was the 2004 version of the* Principles*, which embrace the shared understanding that a high level of transparency, accountability, board oversight, and respect for the rights of shareholders and role of key stakeholders is part of the foundation of a well-functioning corporate governance system. These core values have been maintained and strengthened to reflect experiences since 2004 and ensure the continuing high quality, relevance and usefulness of the* Principles.

*The second review was conducted under the responsibility of the OECD Corporate Governance Committee chaired by Mr. Marcello Bianchi. All non-OECD G20 countries were invited to participate on an equal footing. Experts from relevant international organisations, notably the Basel Committee on Banking Supervision, the Financial Stability Board and the World Bank Group, also participated actively in the review.*

*Significant contributions were received from the OECD's regional corporate governance roundtables in Latin America, Asia and the Middle East and North Africa, experts, an online public consultation and the OECD's official advisory bodies, the Business and Industry Advisory Committee (BIAC) and the Trade Union Advisory Committee (TUAC).*

*A draft of the* Principles *was discussed by the G20/OECD Corporate Governance Forum in April 2015. Following that meeting, the OECD Council adopted the* Principles *on 8 July 2015. The* Principles *were then submitted to the G20 Leaders Summit on 15-16 November 2015 in Antalya, where they were endorsed as the* G20/OECD Principles of Corporate Governance.

*In order to ensure their continuing relevance and accuracy, the review of the* Principles *was supported and informed by extensive empirical and analytical work*

*addressing relevant changes in both the corporate and financial sectors. In this work, the OECD Secretariat and the Corporate Governance Committee reached out to a large number of experts, organisations and research institutions. Support for research was also received from relevant academic institutions, including Boğaziçi University.*

*The next step for the OECD working with the G20 and stakeholders is to promote and monitor effective implementation of the revised* Principles. *This will include a comprehensive review of the* Methodology for Assessing the Implementation of the Principles of Corporate Governance.

# *Table of contents*

**Preface** . . . . . . . . . . . . 7
**About the *Principles*** . . . . . . . . . . . . 9
*I.* **Ensuring the basis for an effective corporate governance framework** . . . . . . . . . . . . 13
